# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၃၂၉)


## ကိုရီးယားသမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့ တရားဝင် ချစ်ကြည်ရေးခရီး လာရောက်မည်

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ၊ သမ္မတ မွန်ဂျေအင်းနှင့် ဇနီးကင်မ်ဂျောင်းဆုတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီးလာရောက်မည် ဖြစ်ပါသည်။

သတင်းစဉ်



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၂၉)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဩဂုတ် ၉ ရက်အထိ) ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၀၁၈ ဘီလီယံရှိခဲ့ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြား

ရန်ကုန် ဩဂုတ် ၂၄

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၂၉)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူးနှင့် ဦးဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ လုပ်ငန်း ကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကလေး-တမူး နယ်စပ်ကုန်သွယ်ရေး ကုန်သည်များ အသင်းဥက္ကဋ္ဌ၊ မြဝတီနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❇





# လယ်ဝေးမြို့နယ် မဒန်းရေလှောင်တမံ စီမံကိန်း တူးမြောင်းဖောက်လုပ်မည့် လယ်ယာမြေများအတွက် သီးနှံနစ်နာကြေးနှင့် မြေယာလျော်ကြေးပေးအပ်

**လယ်ဝေး ဩဂုတ် ၂၄**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် မဒန်းရေလှောင်တမံစီမံကိန်း တူးမြောင်းဖောက်လုပ်မည့် လယ်ယာမြေများအတွက် သီးနှံနစ်နာကြေးနှင့် မြေယာလျော်ကြေးပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက လယ်ဝေးမြို့သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အမှာစကားပြောကြားပြီး လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦးတို့က သီးနှံနစ်နာကြေးနှင့် လယ်ယာမြေလျော်ကြေး ပေးအပ်ခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က စီမံကိန်း လုပ်ငန်းဆောင်ရွက်မှုနှင့် နစ်နာကြေး၊ လျော်ကြေးငွေများပေးချေရန် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက မဒန်းတူးမြောင်းဖောက်လုပ်ရာတွင် ပါဝင်သည့် ကြို့ကုန်းကျေးရွာအုပ်စုနှင့် ရှားချောင်းကျေးရွာအုပ်စုများအတွက်လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ရွှေပြည်အေးကျေးရွာအုပ်စု၊ ကူသပိတ်ကျေးရွာအုပ်စုနှင့် သဲကောကျေးရွာအုပ်စုများအတွက်လည်းကောင်း၊ သီးနှံနစ်နာကြေးနှင့် မြေယာလျော်ကြေးငွေများအား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်သည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် မဒန်းရေလှောင်တမံစီမံကိန်းတူးမြောင်း ဖောက်လုပ်မည့် ဧရိယာတွင် ပါဝင်သည့် ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူ ၁၆၇ ဦး၏ လယ်ယာမြေ ၉၄ ဒသမ ၄၇ ဧကအတွက် သီးနှံနစ်နာကြေးနှင့် မြေယာလျော်ကြေးငွေ စုစုပေါင်း ကျပ်သိန်း ၃၆၆၂ ဒသမ ၀၁၈ သိန်းကို မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် တောင်သူတစ်ဦးချင်းဆီသို့ လက်ဝယ်ပေးအပ်ခဲ့သည်။ စီမံကိန်းဧရိယာတွင်ပါဝင်သည့် လယ်ယာမြေများအတွက် သီးနှံနစ်နာကြေးနှင့် လယ်ယာမြေလျော်ကြေးများပေးအပ်ပြီး လယ်ဝေးမြို့နယ်အတွင်းရှိ မဒန်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကာ ဆည်ရေရရှိပါက ဒေသခံတောင်သူများအနေဖြင့် နွေစပါးနှင့် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဝေကြည်စန်းအောင်**

# မိတ္ထီလာဖောင်တော်ဦးဘုရားပွဲတော်လှေပြိုင်ပွဲတွင် နှစ်ပေါင်း ၇၀ ကျော်အသုံးပြုခဲ့သည့် သစ်သားလောင်းလှေကြီးနှစ်စင်းအစား ဖိုင်ဘာလောင်းလှေနှစ်စင်းဖြင့် ပြိုင်ပွဲကျင်းပမည်

**မိတ္ထီလာ ဩဂုတ် ၂၄**

မိတ္ထီလာဖောင်တော်ဦး ဘုရားပွဲတော် လှေပြိုင်ပွဲတွင်နှစ်ပေါင်း ၇၀ ကျော် အသုံးပြုခဲ့သည့် သစ်သားလောင်းလှေကြီး နှစ်စင်းအစား ယခုနှစ်တွင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်က လှူဒါန်းသည့် ဖိုင်ဘာလောင်းလှေနှစ်စင်းဖြင့် လှေပြိုင်ပွဲကို ကျင်းပသွားမည် ဖြစ်ကြောင်း ဖောင်တော်ဦးစေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်ညိုထံမှ သိရသည်။

"လက်ရှိ ကြံ့တိုင်းအောင်နဲ့ ရန်ကင်းမောင် သစ်သားလောင်းလှေကြီးနှစ်စင်းကို **(အောက်ပုံ)** လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ ကျော်လောက်ကတည်းက အသုံးပြုခဲ့တာမို့ ပြိုင်ပွဲဝင်လှေတွေအဖြစ် ဆက်လက်အသုံးပြုဖို့ ကြံ့ခိုင်မှုအားနည်းနေပါပြီ။ နှစ်စဉ် ပြိုင်ပွဲကျင်းပခါနီးရင် အဲဒီလှေနှစ်စင်းကို ပြုပြင်တာတွေ ပြုလုပ်ခဲ့ရတယ်။ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကျင်းပဖို့ ပြိုင်ပွဲဝင်လှေအခက်အခဲရှိနေတာသိတဲ့ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်က ဖိုင်ဘာလောင်းလှေကြီးနှစ်စင်း လှူဒါန်းထားတာမို့ အဲဒီလှေနှစ်စင်းနဲ့ ကျင်းပသွားဖို့ စီစဉ်ထားပါတယ်"ဟု ဖောင်တော်ဦးစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုက ပြောသည်။



သစ်သား လောင်းလှေကြီးနှစ်စင်းမှာ ပေ ၄၀ ခန့် ရှည်လျားပြီး သစ်တစ်လုံးထွင်း သစ်သားလှေဖြစ်ပြီး လှေအသင်းသားခြောက်ဦး ကောင်းစွာလှော်ခတ်ယှဉ်ပြိုင်နိုင်ခဲ့သည်။ ယခုနှစ်တွင် အသုံးပြုမည့် ဖိုင်ဘာလောင်းလှေကြီးနှစ်စင်းမှာလည်း ၃၅ ပေ ကျော် ရှည်လျားပြီး ပြိုင်ပွဲဝင်လှေများအဖြစ် ကောင်းမွန်စွာ အသုံးပြုနိုင်သည်။

မိတ္ထီလာဖောင်တော်ဦးဘုရားပွဲတော် လှေပြိုင်ပွဲတွင် နှစ်စဉ်နှစ်တိုင်း အသုံးပြုခဲ့သည့် သစ်သားလောင်းလှေကြီးနှစ်စင်းကို လွန်ခဲ့သည့်နှစ် ၇၀ကျော်က လှေပြိုင်ပွဲကျင်းပရာတွင် အသုံးပြုရန် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးဒေသဘက်မှ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ယခု ဖောင်တော်ဦး ဘုရားပွဲလှေပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် လှေအသင်းများအား ဖိုင်ဘာလောင်းလှေနှစ်စင်းဖြင့် အကြိုလေ့ကျင့်ခြင်းများ ခွင့်ပြုပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လှေအမည်များကိုမူ ယခင်အတိုင်း ကြံ့တိုင်းအောင်နှင့် ရန်ကင်းမောင်ဟုသာ ဆက်လက်သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။


**ချမ်းသာ(မိတ္ထီလာ)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၄**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**






# ဆင်ကိုသယ်ဆောင်သည့်ခြင်

ရာသီဥတုက မြန်မာနိုင်ငံ ဒေသအနှံ့အပြားမှာ စွတ်စိုထိုင်းမှိုင်းသည့် အလျောက် ခြင်ပေါက်ပွားမှုကလည်း ပိုမိုများပြားလာသည်။ ခြင်သည် ရောဂါပိုးမွှားကို သယ်ဆောင်နိုင်သည့် သတ္တဝါဖြစ်ခြင်းကြောင့် ခြင်ပေါများသည့်အခါ ရောဂါတို့လည်း အဖြစ်များလာသည်။ အထူးသဖြင့် ချင်ကန်ဂူညာ (Chikungunya) ခေါ် ဆင်တုပ်ကွေးဖြစ်ပွားမှု များပြားလာကြောင်း ကျန်းမာရေးနယ်ပယ်မှ သိရသည်။

ချင်ကန်ဂူညာခေါ် ဆင်တုပ်ကွေးရောဂါ စတင်ဖြစ်ပေါ်ခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီဖြစ်သည်။ ၁၉၅၂ ခုနှစ်က အာဖရိကတိုက် တန်ဇန်နီးယားနိုင်ငံတွင် စတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အာရှသို့ ကူးစက်လာသည်။ လက်ရှိတွင် နိုင်ငံပေါင်း ၆၀ ခန့်၌ ဆင်တုပ်ကွေးက ဒုက္ခပေးနေသည်ဟု ဆိုသည်။ ဆင်တုပ်ကွေးသည် အသက်အန္တရာယ် စိုးရိမ်ရသည့် ရောဂါမျိုး မဟုတ်သော်လည်း အသက်ကြီးသူ၊ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါရှိနေသူများအဖို့မူ ဂရုထားရမည်ဟုလည်း သတိပေးထားသည်။ ခြင်ကျား ကိုက်ရာမှ ဖြစ်စေ၊ ရောဂါဖြစ်နေသူမှတစ်ဆင့်ဖြစ်စေ ဆင်တုပ်ကွေးက ကူးစက်တတ်သည်။ ကူးစက်ခံရပြီး သုံးရက်မှ ငါးရက်အတွင်း အဖျားကြောင့် ချမ်းတုန်လာမည်၊ အဆစ်အမျက်တို့ နာကျင်ကိုက်ခဲမည်၊ ခေါင်းကိုက်မည်၊ မူးဝေအော်ဂလီဆန်မည်၊ ခန္ဓာကိုယ်ကြွက်သားများ နာကျင်ပြီး ကိုယ်ပူချိန်တက်နေမည်၊ အရေပြားများပေါ်တွင် အနီစက်များ တွေ့ရမည်။ ရောဂါဖြစ်စ အစောပိုင်း လက္ခဏာများမှာ သွေးလွန်တုပ်ကွေး၊ ဇီကာအဖျားရောဂါတို့နှင့် ဆင်ဆင်တူ၍ လွဲမှားနိုင်သည်ဟုလည်း ဆိုသည်။

သွေးလွန်တုပ်ကွေး၊ ဇီကာနှင့် ချင်ကန်ဂူညာ (ဆင်တုပ်ကွေး)တို့ကို ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးကို သယ်ဆောင်သူမှာ အေးဒီးစ်(Aedes) ခေါ် ခြင်ကျားဖြစ်သည်။ ခန္ဓာကိုယ်တွင် အဖြူရောင်အစက်အပြောက်များ ပါရှိခြင်းကြောင့် ခြင်ကျားဟု ခေါ်ကြခြင်းဖြစ်သည်။ ခြင်ကျား၏ မူလဇာတိမှာ အပူပိုင်းဒေသများမှ ဖြစ်သော်လည်း ယခုအခါ အန္တာတိကမှလွဲ၍ ကမ္ဘာအရပ်ရပ်တွင် တွေ့နေရပြီဟု သိရသည်။ ကမ္ဘာအရပ်ရပ်သို့ ပြန့်သွားရသည့် အဓိက အကြောင်းရင်းမှာ တစ်ပတ်ရစ်ကားတာယာများ အရောင်းအဝယ် ပြုလုပ်ရာမှဖြစ်သည်ဟု ဆိုသည်။ ကားတာယာများ၏ အတွင်းပိုင်း မှောင်နေသည့် နေရာများသည် ခြင်ကျားတို့ အကြိုက်နှစ်သက်ဆုံးသော ခိုအောင်းရာ နေရာများ ဖြစ်ကြသည်။ ခြင်ကျားတစ်ကောင်၏ သက်တမ်းမှာ ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်ပြီး ရက်သတ္တနှစ်ပတ်မှ တစ်လအတွင်းဖြစ်သည်။ ဥဘဝတွင် နှစ်ရက်ခန့်၊ ပိုးလောက်လမ်းဘဝတွင် လေးရက်ခန့်၊ ခြင်သားလောင်းဘဝတွင် နှစ်ရက်ခန့် ဖြတ်သန်းပြီးမှ အရွယ်ရောက်လာသည်။ ခြင်ကျားအမတစ်ကောင်သည် သွေးကို အစာအဖြစ် စုပ်ယူပြီးနောက် ဥ တစ်ရာမှ နှစ်ရာအတွင်း ဥနိုင်သည်။ ရေကြည်ရေသန့်တွင်သာ ပေါက်ပွားကြပြီး လူကို နေ့ဘက်တွင် ကိုက်ကာ သွေးစုပ်ကြခြင်းဖြစ်သည်။

ခြင်ကျား အကိုက်မခံရအောင် ဆင်ခြင်နေထိုင်ခြင်း၊ ခြင်နှိမ်နင်းရေး ဆောင်ရွက်ခြင်းတို့ဖြင့် သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေး၊ ဇီကာတို့ကိုပါ ကာကွယ်ပြီးသားဖြစ်သည်။ ခြင်နှိမ်နင်းရေးဆောင်ရွက်ရာတွင် တစ်အိမ်တည်း၊ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ခြင်းက ထိရောက်မှုမရှိ၊ အောင်မြင်မှုမရနိုင်။ ရပ်ကွက်၊ ကျေးရွာ လူထုညီညွတ်ဖို့၊ ကျန်းမာရေးအသိတရားရှိဖို့ လိုသည်။ တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် တစ်ရပ်တစ်ရွာလုံး ပိုးလောက်လမ်းနှိမ်နင်းရေး(ဖုံး၊ သွန်၊ လဲ၊ စစ်)တို့ကို ဆောင်ရွက်ရမည်။ ခြင်မခိုနိုင်ရန်၊ မပေါက်ပွားနိုင်ရန် ရေတင်နိုင်သည့် အိုးခွက်ဟောင်း၊ ဘက်ထရီအိုးဟောင်း၊ တာယာဟောင်းတို့ကို ရှင်းလင်းမြေမြှုပ်ရမည်။ ရေစီးရေလာကောင်းအောင် ရှင်းလင်းခြင်း၊ ရေအိုင်တို့ကို မြေဖို့ခြင်းတို့ ဆောင်ရွက်ရမည်။ ရေစည်၊ ရေကန်ကြီးများတွင်မူ ပိုးလောက်လမ်းရှင်းလင်းရန် (အဘိတ်ဆေး) ခတ်ရမည်ဖြစ်သည်။

တစ်ဦးချင်းအနေဖြင့်လည်း ခြင်ကိုက်မခံရစေရန် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်စသည်ဖြင့် လုံခြုံစွာဝတ်ဆင်ခြင်း၊ ခြင်ထောင်ဖြင့် အိပ်စက်ခြင်း၊ ခြင်လုံဆန်ခါတပ်ဆင်၍ ခြင်ကာကွယ်ခြင်း၊ ကလေးများ ခြင်ကိုက်မခံရအောင် ဆေးလိမ်းခြင်း စသည်တို့ဖြင့် ကာကွယ်ထားဖို့လိုသည်။ ခြင်ကိုက်မခံရပါက အထက်တွင် ဖော်ပြခဲ့သည့် ရောဂါတို့ ကူးစက်ခံရမည့် အလားအလာ လွန်စွာနည်းသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ဦးချင်း ကျန်းမာရေးအသိတို့ဖြင့် ကူးစက်ရောဂါတော်တော်များများကို ရှောင်ရှားနိုင်ကြပါစေကြောင်း။ ။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့် ရှင်းလင်းပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး
ဦးစိုးဝင်း ရှင်းလင်းပြောကြားစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း ရှင်းလင်းတင်ပြစဉ်။



ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ
ဦးဇော်မင်းဝင်း ရှင်းလင်းတင်ပြစဉ်။

# ◆ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် တရားမဝင် ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များ ဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ ဖမ်းဆီးအရေးယူမှု ၇၆၃ ကြိမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၉၈၉ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့

❋ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ဒုတိယသမ္မတဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါ ကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် "ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"ကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အဖွဲ့ဝင် ၂၀ ဖြင့် စတင်ဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် သက်တမ်းအားဖြင့် သုံးနှစ်နီးပါးရှိပြီ ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များဖြင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးနိုင်ရန်အတွက် လုပ်ငန်းကော်မတီ(၅)ရပ်ဖြင့် ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေး**

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ (၂၈)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအထိ စီးပွားရေး လုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက် စုစုပေါင်း ၃၅၃ ချက်ကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ အကြောင်းပြန်ကြားပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ပြန်ကြားချက်များတွင် လုံးဝပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်များရှိသကဲ့သို့ တချို့အချက်များသည် ရေရှည်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ပါကြောင်း။

**ကုန်သွယ်ရေးကဏ္ဍ အရေးကြီး**

တချို့ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများကိုလည်း လုပ်ငန်းကော်မတီ (၅) ရပ်က တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ၍ ဆွေးနွေးပွဲ (Public Private Dialogue) များ ပြုလုပ်၍ ပြီးပြတ်သည်အထိ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် တည်ရှိပြီး နှစ်စဉ်ကုန်သွယ်မှုပမာဏ တိုးတက်အောင် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍများမှ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်နေသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဩဂုတ် ၉ ရက်အထိ) ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၀၃၈ ဘီလီယံရှိခဲ့ပြီး ၎င်းကုန်သွယ်မှုပမာဏတွင် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်နိုင်မှုသည် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁၉၆ ဘီလီယံ ပါဝင်သည့်အတွက် ၈၄ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း။

မကြာသေးခင်က ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကြောင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခဲ့ပြီး ဖျက်ဆီးခံခဲ့ရသည့် တံတားများကိုလည်း တပ်မတော်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ပြည်သူများသွားလာမှုအဆင်ပြေစေရန် အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့သည့်အတွက် ငါးရက်အတွင်း ပြန်လည်ဖြတ်သန်း၍ ရရှိခဲ့ပါကြောင်း၊ နယ်စပ်ကုန်သွယ်မှုများ အနည်းငယ်ထိခိုက်ခဲ့သော်လည်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**ဖမ်းဆီးအရေးယူမှု**

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရပ်တည်ရန် ခက်ခဲလာနိုင်သဖြင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ မှ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ ဖမ်းဆီးအရေးယူမှု ၇၆၃ ကြိမ်၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂ ဒသမ ၉၈၉ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ပါကြောင်း။

**တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်**

ယခုအခါတွင် တရားမဝင်ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ တရားမဝင် ကုန်သွယ်မှုအခြေအနေ ညွှန်းကိန်းမြင့်တက်လာမှုကို လျှော့ချနိုင်ရေး နိုင်ငံအဆင့်နှင့် ဌာနအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် "တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ" ကို ဖွဲ့စည်းခဲ့ပြီး ဦးဆောင်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်း ယခုလ ၁၆ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့ပါကြောင်း၊ ယင်းကော်မတီတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးက စီးပွားရေးဝန်ကြီးတစ်ဦးစီ ထည့်သွင်းဖွဲ့စည်းထားပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် တိုက်ဖျက်နိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခု ကဲ့သို့ ဆောင်ရွက်ရာတွင်လည်း တရားမဝင်ကုန်သွယ်မှု၏ အန္တရာယ်ကြီးမားလာမှုများကို ပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကကဏ္ဍများမှသိရှိကာ ပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြား လိုပါကြောင်း။

**ခွင့်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ ခွင့်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက်သည် ၁၇၇၉ ခု၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၂၄၉ ဘီလီယံ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက်သည် ၁၆၀၅ ခု ၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၅၂ ဘီလီယံ အပါအဝင် ငွေကျပ် ၁၉ ဒသမ ၀၄၉ ထရီလီယံ ဖြစ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များအနေဖြင့် ဆွေးနွေးမည့်ကဏ္ဍများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ အခက်အခဲဖြစ်ပေါ်နေမှုအခြေအနေနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ဈေးကွက်ညှိနှိုင်းယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ Project Bank တည်ထောင်ထားရှိမှု အခြေအနေနှင့် PPP Center ဖွဲ့စည်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နယ်စပ်ကုန်သွယ်ရေးမှ ကုန်ကြမ်းများ တင်သွင်းမှုအဆင်ပြေချောမွေ့စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ ပြည်တွင်းထုတ်ကုန်များ ကြုံတွေ့နေရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ လယ်ယာထွက်ကုန်ဆိုင်ရာ ဓာတ်ခွဲခန်းထူထောင်မည့်ကိစ္စအပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေနှင့် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည့် ဆွေးနွေးပွဲများ၊ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အကြံပြုချက်များ ဆွေးနွေးတင်ပြ**

ထို့နောက် ကလေး-တမူး နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးလှမောင်၊ မြဝတီနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးကိုကိုကြီးနှင့် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တွေ့ကြုံနေရသည့်အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တွေ့ဆုံ ဆွေးနွေးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား မင်းတပ်မြို့၌ ကျင်းပ

**မင်းတပ် ဩဂုတ် ၂၄**

ကျန်းမာရေးဌာန၏ မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို မင်းတပ်မြို့ အနောက်ရပ်ကွက် ပြည်သူ့ဆေးရုံဝင်းခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကုသရေးဦးစီးမှူး ဒေါက်တာကျော်စိုးလင်းက မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများနှင့် ပတ်သက်၍ ပထမပတ်ကို မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်အဖြစ် လည်းကောင်း၊ ဒုတိယပတ်ကို (၅) နှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် လည်းကောင်း၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် လည်းကောင်း၊ စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ်ဟူ၍လည်းကောင်း လှုပ်ရှားဆောင်ရွက်မှုများနှင့် ကလေးများတွင်ဖြစ်ပွားတတ်သော ပိုလီယိုရောဂါအကြောင်း ရှင်းလင်းပြောကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက နို့တိုက်ကျွေးမှုတွင် စံပြမိခင်ဆုရရှိသူများကိုလည်းကောင်း၊ အချက်အပြုတ်ပြိုင်ပွဲတွင် ဆုရရှိသူများကို ခရိုင်ပြည်သူ့ကုသရေးဦးစီးမှူးကလည်းကောင်း၊ အာဟာရဆိုင်ရာဗဟုသုတဆန်းစစ်ခြင်းတွင် ဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူးကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ခိုရှိန်း(ပြန်/ဆက်)**

# ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်အစုအဖွဲ့တည်ထောင်ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

**ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်အစုအဖွဲ့ တည်ထောင်ဖွဲ့စည်းနိုင်ရေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်) ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆေးနှင့်ဆေးနီးနွယ်ပညာရပ်များ ပိုမိုထိရောက်စွာ ပေါင်းစပ်သင်ကြားနိုင်ရေးနှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးနီးနွယ်ပညာရပ် လောကတစ်ရပ်လုံး ပိုမိုအဆင့်မြင့်မား တိုးတက်စေရေးအတွက် ယနေ့အစည်းအဝေးသည် အရေးကြီးပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသည့် ဆေးနှင့် ဆေးနီးနွယ်ပညာရပ်များမှ ပညာရှင်ကြီးများနှင့် မျိုးဆက်သစ်လူငယ်များသည် မိမိတို့နိုင်ငံ၏ အနာဂတ်ဆေးနှင့်ဆေးနီးနွယ်ပညာရပ်ကဏ္ဍကို ပုံဖော်ဆောင်ရွက်မည့်သူများပင် ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနရှိ တက္ကသိုလ်များကို ပညာရပ်ပိုင်းဆိုင်ရာနှင့် သင်ကြားမှု၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး လုပ်ပိုင်ခွင့် အာဏာ ပိုမိုပေးအပ်နိုင်ရေး၊ တက္ကသိုလ်အလိုက် ကိုယ်ပိုင်လွတ်လပ်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ဝိုင်းဝန်းစဉ်းစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**လူ့စွမ်းအား အရင်းအမြစ်များ**

ဝန်ကြီးဌာနရှိ အချို့တက္ကသိုလ်များကို ပေါင်းစည်းခြင်း (သို့မဟုတ်) တက္ကသိုလ်များအစုအဖွဲ့ တည်ထောင်ဖွဲ့စည်းခြင်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ပစ္စည်းကိရိယာများကို အကျိုးရှိထိရောက်မှုအရှိဆုံး မျှဝေအသုံးချနိုင်ခြင်း၊တာဝန်ခံမှုနှင့်တာဝန်ယူမှုများကို တက္ကသိုလ်အားလုံးမှ မျှဝေရယူနိုင်ခြင်း အကျိုးများရရှိမည် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်တာများသည် အခြားဌာနများနှင့် သဘောသဘာဝတူညီမှုမရှိသဖြင့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များမွေးထုတ်ရာ တက္ကသိုလ်များ၏ လုပ်ငန်းဆောင်တာများသည်လည်း ပညာရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်များ၊ ကျောင်းများကဲ့သို့ တိုက်ရိုက်ပုံတူ ဆောင်ရွက်၍မရပါကြောင်း။

**ညှိနှိုင်းလုပ်ဆောင်ရမည်**

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေဖြင့် မူဝါဒနှင့် မဟာဗျူဟာများနှင့်အညီ စောင့်ကြည့်ဆန်းစစ်မှုများပြုလုပ်ခြင်း တက္ကသိုလ်အသီးသီးရှိ ပါမောက္ခချုပ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆေးနှင့် ဆေးနီးနွယ်ပညာရပ်ကဏ္ဍကြီး၏ သမိုင်းဝင်ဖြစ်စဉ်တစ်ခုဖြစ်လာမည့် ဝန်ကြီးဌာနရှိ တက္ကသိုလ်များကို အစုအဖွဲ့တည်ထောင်ဖွဲ့စည်းခြင်းလုပ်ငန်းများတွင် ပညာရှင်များအားလုံးက စုစည်းပူးပေါင်း၍ အပြုသဘောဆောင်သည့် အကြံဉာဏ်များဖြင့် ဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်တင်လေး၊ ဆေးတက္ကသိုလ် (၁) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုး၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမြတ်သန္တာ၊ ဆေးတက္ကသိုလ် (၂) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာအေးထွန်းနှင့် ဆေးဝါးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ရီရီတင်တို့က University of Health Sciences အဖြစ် တက္ကသိုလ်အစုအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် လက်ရှိပညာရေးအခြေအနေ အသွင်အပြင်အနေအထား၊ တက္ကသိုလ်အစုအဖွဲ့ဆိုင်ရာ ပဋိညာဉ်ရေးဆွဲရေး၊ တက္ကသိုလ်အစုအဖွဲ့ပုံစံ၊ ဖွဲ့စည်းပုံနှင့် တက္ကသိုလ် အာဏာပိုင်အဖွဲ့များစသည်တို့နှင့်ပတ်သက်၍ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးတင်ပြခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ လက်တွေ့မြေပြင်အခြေအနေများနှင့်ကိုက်ညီစွာ အကြံပြုဆွေးနွေးခြင်းများနှင့် အစုအဖွဲ့အလိုက် ဆွေးနွေးခြင်းများဆောင်ရွက်သည်။

**ဆွေးနွေး**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် The International NGO Global Reconciliation ၏ Executive Director၊ Adult Medicine Division of the Royal Australasian College of Physicians (RACP)၏ ဥက္ကဋ္ဌ Professor Paul Komesaroffနှင့် တွေ့ဆုံ၍ ဩစတြေးလျနိုင်ငံ The Royal Australasian College of Physicians(RACP)၊ Monash University တို့နှင့် ဝန်ကြီးဌာန ဆေးတက္ကသိုလ်များအကြား သင်ကြားရေးဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအပြန်အလှန် သွားရောက်သင်ကြားလေ့လာနိုင်ရေး၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးနီးနွယ်ပညာရှင်များအတွက် သုတေသနကျင့်ဝတ်နှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရန် လေ့ကျင့်သင်ကြားပေးနိုင်ရေးနှင့် ဝေးလံခက်ခဲဒေသများတွင် လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်မီဆက်သွယ်ရေးယာဉ်များအသုံးပြု၍ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်ဖက်သဘောတူညီမှု လက်မှတ်ရေးထိုးဆောင်ရွက်သွားနိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်အစုအဖွဲ့ တည်ထောင်ဖွဲ့စည်းနိုင်ရေး ဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

# ဗန်ကောက်၌ Myanmar Insight 2019 ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများ၊ လက်ရှိမူဝါဒများနှင့် ဥပဒေများအပေါ် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုဆိုင်ရာ အချက်လက်များကို သိရှိနားလည်စေရန်နှင့် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ကို မိတ်ဆက်ရှင်းလင်းနိုင်ရန်အတွက် ဩဂုတ် ၂၂ ရက်တွင် CEO dinner နှင့် ဩဂုတ် ၂၃ ရက်တွင် Myanmar Insight 2019 ဆွေးနွေးပွဲတို့ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိCentara Grand Hotel, Central World ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ချုပ်ဒေါ်မိမိခိုင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်စာရင်းအင်းဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မြင့်မြင့်ကြည်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြမြဦးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးတို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီး Mrs. Suphatra Srimaitreephithak က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန၏အကြံပေးပုဂ္ဂိုလ် Mr. Chaisiri Anaman က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Video Message ဖြင့် နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက **(ယာပုံ)** "Investment Opportunities in Myanmar for Thai Investors" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Dr. Supachai Panitchpakdi (Former Secretary-General of the UN Conference on Trade and Development and Former Director General of World Trade Organization (WTO)) က လည်းကောင်း Keynote adress များပြောကြားခဲ့ကြသည်။

ယင်းနောက် Easing Investor Concerns for Doing Business in Myanmar အစီအစဉ်တွင် အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက "Opportunities Regarding Thai Investment in Myanmar"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်က "Electricity Supply and Opportunities in the Electricity and Energy Sector in Myanmar" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြမြဦးက "Myanmar Tax Reform" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်မြင့်မြင့်ကြည်က "Myanmar Monetary Policy and MMK Trend" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက "The Investment Opportunities in Yangon" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြသည်။




မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆက်အောင်က "Myanmar Sustainable Development Plan and Project Bank" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက Practical View of Implementing the Retail and Wholesale Business in Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Expanding your Manufacturing Base to Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်ပေါင်း ၇၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေကူတွင် လျှင်ဘေးအန္တရာယ်သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်

**ရွှေကူ ဩဂုတ် ၂၄**

ကချင်ပြည်နယ် ရွှေကူမြို့နယ် မီးသတ်ဦးစီးဌာနမှ ပြည်သူများအား လျှင်ဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်ဆိုင်ရာများကို အသိပညာပေး ဆောင်ရွက်လျက်ရှိရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား လျှင်ဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများ ပျံ့နှံ့နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်သန်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များက လျှင်ဘေးအန္တရာယ်သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ဩဂုတ် ၂၂ ရက် နံနက်က ကျောင်းဝင်းအတွင်းရှိ ကွင်းပြင်၌ ပြုလုပ်သည်။

**တက်ရောက်ကြည့်ရှုအားပေး**

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးအောင်ဆွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံတစ်ဝန်းမှ အလှူရှင်များက အလှူငွေများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံရသည့် ဒေသများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် မြန်မာနိုင်ငံတစ်ဝန်းမှ အလှူရှင်များက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အလှူငွေ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို လာရောက်လှူဒါန်းလျက်ရှိသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

မတ္တရာမြို့နယ်လုံးဆိုင်ရာ ပရဟိတအသင်းချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ဦးဆောင်၍ မတ္တရာမြို့သူ၊ မြို့သား၊ နယ်သူ၊ နယ်သားများက လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀ နှင့် ငွေကျပ် ၄၆၃၃၀၀၀ တန်ဖိုးရှိ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ယနေ့နံနက်ပိုင်းတွင် လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။




**ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် ဘေးဒုက္ခခံစားနေရသော ပြည်သူများအား စာနာစိတ်ဖြင့် လှူဒါန်းကြခြင်းအတွက် ကျေးဇူးတင်ပါကြောင်း၊ ယခုလာရောက်လှူဒါန်းသူများသည် နေထိုင်ရာဒေသချင်းကွဲပြားသော်လည်း တစ်စိတ်တစ်ဝမ်းတည်းရှိသော ပြည်သူများဖြစ်ကြသည်ကို ပြသခြင်းဖြစ်ကြောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထူထောင်ထားသော ရန်ပုံငွေသို့ ဤလှူဒါန်းငွေများကို တိုက်ရိုက်ထည့်သွင်းပြီး ဘေးသင့်ဒေသများ၏ လိုအပ်ချက်အလိုက် ထောက်ပံ့ခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အလေအလွင့်မရှိအောင် စနစ်တကျ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# တက္ကသိုလ်များဓမ္မာရုံ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ပထမအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

**ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် တက္ကသိုလ်များဓမ္မာရုံ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အလှူရှင်များ၏ လှူဒါန်းငွေ လက်ခံစဉ်။** သတင်းစဉ်

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ်သည် ၁၉၂၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် နှစ်ပေါင်း (၁၀၀) ပြည့်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်ကို နိုင်ငံတော်အဆင့်ကျင်းပနိုင်ရန် ရာပြည့်သဘင်ကျင်းပရေး ဦးစီးကော်မတီကို ဖွဲ့စည်းထားရှိပြီး ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးစီးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာပြည့်သဘင်အခမ်းအနားများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစ၍ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအထိ နိုင်ငံတော်အဆင့် ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အခမ်းအနားများ ကျင်းပရာတွင် ရန်ကုန်တက္ကသိုလ်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့်အညီ အများက တန်ဖိုးထားလေးစားပြီး နိုင်ငံတကာအဆင့် ဂုဏ်သိက္ခာရှိသော တက္ကသိုလ်အဖြစ် အဆင့်ပြန်လည်မြှင့်တင်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

**အလှူရှင်များ၏ ပူးပေါင်းပါဝင်မှု**

ရန်ကုန်တက္ကသိုလ်၏ သမိုင်းကြောင်းကို ကြည့်ပါက အောင်မြင်ခဲ့သည့် သမိုင်းကြောင်း အစဉ်အလာများ ရှိသကဲ့သို့ သင်ခန်းစာရယူရမည့် သမိုင်းကြောင်းများလည်း ရှိပါကြောင်း၊ တက္ကသိုလ်အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို အထောက်အကူပြုပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင်သင်ကြား သင်ယူလေ့ကျင့်ပေးခြင်းကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ စတင်တာဝန်ယူခဲ့သည့် ၂၀၁၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သည် ကမ္ဘာ့အဆင့် ၁၃၀၇၂ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့အဆင့် ၇၂၂၁ ဖြစ်လာသည်အထိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ၏ ဝိုင်းဝန်းပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်၏ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းမွမ်းမံပြင်ဆင်ရေး၊ ပညာရေးမြှင့်တင်မှု အစီအစဉ်များ ဖြည့်ဆည်းရေး ဆောင်ရွက်နိုင်ရန် Master Plan ရေးဆွဲဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အခမ်းအနား ကျင်းပရေး လုပ်ငန်းတစ်ခုအဖြစ် တက္ကသိုလ်များဓမ္မာရုံ မွမ်းမံပြင်ဆင်ရေး ဆောင်ရွက်ရန် အလှူရှင်များ၏ ပူးပေါင်းပါဝင်မှုများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သဖြင့် တန်ဖိုးထား ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ လှူဒါန်းသော အလှူရှင်များအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ရန်ကုန်တက္ကသိုလ်၏ ယခုနှစ် ဒီဇင်ဘာလမှစ၍ နှစ်(၁၀၀)ပြည့် အခမ်းအနားများကို တစ်နှစ်ပတ်လုံး ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ကို အဘက်ဘက်က ပြန်လည်ပြုပြင်မွမ်းမံရန် ကော်မတီများကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင်ပွဲတော်ကို မိမိတို့တာဝန်ရှိသူများကသာ ဦးစီးဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ကျောင်းတော်ကြီးတွင် တက်ရောက်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နှစ်(၁၀၀)ပြည့် အခမ်းအနားဖြစ်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် တက္ကသိုလ်များဓမ္မာရုံ မွမ်းမံပြင်ဆင်ရေး ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဓမ္မာရုံမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဥမ္မာကျော်က ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းရှင်များ၊ ကျောင်းသူကျောင်းသားဟောင်းများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များမှ လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူကြရာ အလှူရှင်စုစုပေါင်း ၃၂ ဦးမှ အလှူငွေကျပ် ၁၀၅၆ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*❄ ကျောဖုံးမှ*

ကျားကလေးလမ်းဆုံအထိ ယာဉ်ကြောပိတ်သွားကြောင်း ဘားအံခရိုင် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဝင်းက ပြောသည်။

ယာဉ်ကြောပိတ်ဆို့မှု နေရာများသို့ ဘားအံခရိုင် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင် ၃၅ ဦးနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ သွားရောက်ပြီး မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ် ၁၀၀ စီ အသုတ်လိုက်လွှတ်ပေးခြင်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ဘားအံမှ မြဝတီ အတက်ယာဉ်များသွားရန် မလွယ်ကူသေးကြောင်း သိရသည်။

အလားတူ ယနေ့နံနက်မှစ၍ ဘားအံ-မြဝတီကားလမ်း ကျုံဒိုးဘက်ခြမ်း ကြိုးတံတားထိပ်မှ ကော့ကရိတ် အာရှလမ်းမကြီးအထိ ယာဉ်အစီးရေ ၁၀၀၀ ခန့်မှာလည်း ယာဉ်ကြောပိတ်မိနေကြောင်း ကော့ကရိတ်ခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းက ပြောသည်။

"ဘားအံ-မြဝတီ လမ်းပိုင်း ကော့ကရိတ်လိုင်ဝကနေ ဂျိုင်းကြိုးတံတား ကျုံဒိုးဘက်ခြမ်းအထိ လမ်းတွေက ပျက်စီးနေပါတယ်။ မိုးကလည်းရွာ၊ လမ်းချဲ့လို့ ဖို့မြေတွေကလည်း နူးနေတယ်။ ယာဉ်မောင်းတွေကလည်း အတင်းတိုးဝင်တော့ မျက်နှာချင်းဆိုင်ဆုံပြီး တစ်စီးနဲ့တစ်စီး တိမ်းရှောင်ဘေးချရတော့ တွဲယာဉ်ကြီးတွေလည်း တိမ်းမှောက်လုမတတ် တိမ်းစောင်းသွားပါတယ်။ တွဲယာဉ်တွေ တိမ်းစောင်းသွားလို့ အချိန်မီကရိန်းနဲ့ ပြန်လည်တည့်မတ်ပေးနေရတော့ ယာဉ်ကြောတွေ ထပ်ပြီးပိတ်ဆို့ကုန်တာပါ"ဟု ခရီးသွားတစ်ဦးက ပြောသည်။

ကျုံဒိုး-ကော့ကရိတ် လမ်းပိုင်း ယာဉ်ကြောပိတ်ဆို့မှု ဖြစ်စဉ်တွင်



**ယာဉ်ကြောပိတ်ဆို့နေသည့် မော်တော်ယာဉ်များကို မီးသတ်တပ်ဖွဲ့ဝင်များက ယာဉ်ကြောရှင်းလင်းရန် ကူညီဆောင်ရွက်နေသည်ကို တွေ့ရစဉ်။**

ကော့ကရိတ်ခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကော့ကရိတ်ခရိုင် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ဖြင့် ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပြီး မြဝတီမှ အဆင်းယာဉ်များကို ခေတ္တထိန်းထား၍ အတက်ယာဉ်များကို အစီး ၁၀၀ စီအသုတ်လိုက်လွှတ်ပြီး ယာဉ်ကြောပိတ်ဆို့မှု ထပ်မံမဖြစ်စေရေးအတွက် ယာဉ်ကြောရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# နိုင်ငံ၏အနာဂတ်ကို လှပစွာပုံဖော်ရန် အစဉ်-အသင့်ရှိနေသည့် ကင်းထောက်မောင်မယ်

**တက္ကသိုလ်ပွင့်သူအောင်**

**နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကမြှင့်တင်ပေးနိုင်သော စွမ်းအားအရင်းအမြစ်နှစ်ရပ်ရှိရာ ယင်းတို့မှာ လူ့စွမ်းအားအရင်းအမြစ်နှင့် သဘာဝသယံဇာတအရင်းအမြစ်တို့ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်၏ အဓိကမှာ “ ပညာရေး ” ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးသည် ပညာရေး၏ အဓိကပန်းတိုင်ရည်မှန်းချက်ပင် ဖြစ်သည်။ အထူးသဖြင့် ပညာရေးသည် လူတို့၏ စိတ်သဘောထား၊ ကျွမ်းကျင်မှုနှင့် အသိပညာတို့၏ ပြောင်းလဲမှုဖြစ်စဉ်ဖြစ်သည်။ ထိုသို့ ပြောင်းလဲရာတွင် ကင်းထောက်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းလည်း ပါဝင်ခဲ့သည်။**

**ကင်းထောက်ဆိုသည်မှာ**

ကင်းထောက်ဆိုသည်မှာ လူငယ်များကို လက်တွေ့ကျသည့်ကျွမ်းကျင်မှုရရှိအောင် လေ့ကျင့်သင်ကြားပေးခြင်း၊ စခန်းထွက်လေ့ကျင့်ပေးခြင်းဖြစ်ပြီး ကင်းထောက်လုပ်ငန်းသည် လူမှုဝန်ထမ်းကိစ္စအတွက်ဖြစ်သည်။ တစ်နည်းအားဖြင့် ကင်းထောက်ဆိုသည်မှာ သူတစ်ပါးကို ကူညီရန်၊ အမှီအခိုကင်းရန်၊ အဆင်သင့်ဖြစ်အောင်နေတတ်ရန်၊ မျက်စိရှင်ရန်၊ စိတ်ပါလက်ပါနှင့် အတူလက်တွဲလုပ်ကိုင်တတ်ရန်၊ လုပ်ငန်းတစ်ခုကို စပြီးလျှင် ဆုံးအောင်လုပ်ကိုင်တတ်ရန်၊ ဝင့်ကြွားမာနမရှိရန်၊ ပါတီနိုင်ငံရေးတွင် ပါဝင်ရန်မဟုတ်ဘဲ ကိုယ့်ရပ်ကိုယ့်ရွာအကျိုးဆောင်ရွက်တတ်ရန်၊ စံပြလူငယ်ဖြစ်အောင်ကြံစည်အားထုတ်ရန်တို့ကို အထူးလိုက်နာကျင့်သုံးရမည်။ ထို့အပြင် ကင်းထောက်ဆိုသည်မှာ အတန်းစာထူးချွန်သည်ဖြစ်စေ၊ မထူးချွန်သည်ဖြစ်စေ လူတိုင်းပါဝင်၍ရသော အဖွဲ့ပင်ဖြစ်သည်။

ကင်းထောက်ဟူသော ဝေါဟာရသည် မြန်မာဝေါဟာရစစ်စစ်ဖြစ်သည်။ ကင်းထောက်ဝေါဟာရကို အင်းဝခေတ်စာဆိုပညာရှင်ကြီး ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့ စာပိုဒ် ၂၇ ၌ “ ရန်ခြောက်ယောက်လျှင်၊ ကင်းထောက်လိုက်လံ၊ မေ့ဆုကြံ၍ ” စသည်ဖြင့် ရေးဖွဲ့ထားသည်။ သို့သော် ရှေးမြန်မာမင်းများလက်ထက် “ ကင်းထောက် ” ဟူသော ဝေါဟာရက ကင်းထောက်အသင်းအဖွဲ့ဟူသော ဝေါဟာရနှင့် ကွာခြားမှုရှိသည်။ ကင်းထောက်ကို ရှေးယခင်က “ ကင်းစမ်းထိုးခြင်း၊ ကင်းစမ်းထိုးသောသူ ” ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ ရန်သူအခြေအနေကို ကြိုတင်သိရှိနိုင်ရန် စုံစမ်းထောက်လှမ်းသည်ဟူ၍လည်း အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ အများအားဖြင့် စစ်မှုရေးရာတွင် ကင်းထောက်ဝေါဟာရကို အသုံးပြုခဲ့ကြသည်။ ယနေ့ မျက်မှောက်ခေတ် Scouting ခေါ် ကင်းထောက်လုပ်ငန်းမှာ ရှေးမြန်မာမင်းများလက်ထက် ကင်းထောက်လုပ်ငန်းနှင့် အနှစ်သာရအားဖြင့် များစွာကွာခြားသွားသည်။ ယနေ့ ကင်းထောက်လုပ်ငန်းသည် လူငယ်လူရွယ်များအား တန်ဖိုးရှိသည့်ပညာရပ်များ ဆည်းပူးလေ့လာရန်နှင့် တိုင်းပြည်အကျိုးပြုမည့် နိုင်ငံ၏အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်စေရန် ရည်ရွယ်မှုများဖြင့် ပြုစုပျိုးထောင်ပေးသည့်မွန်မြတ်သော လုပ်ငန်းကြီးပင်ဖြစ်သည်။ ထိုမျှသာမက ကိုယ်စွမ်းကိုယ်စရိုက်ာ တာဝန်ယူသည့် ကောင်းမွန်သောစာရိတ္တဖြင့် နိုင်ငံ့သားကောင်းများဖြစ်စေရန် ကြိုးပမ်းသည့် စစ်ရေးမစွက် နိုင်ငံရေးမဖက်၊ လူမှုရေးသက်သက်ဖြစ်သော ကင်းထောက်အဖွဲ့အစည်းကြီးပင် ဖြစ်သည်။

**ကမ္ဘာ့ကင်းထောက်ဖခင်ကြီးနှင့် ကမ္ဘာ့ကင်းထောက် နောက်ခံသမိုင်း**

ကမ္ဘာပေါ်တွင် ကင်းထောက်လုပ်ငန်းကို ဗြိတိသျှဗိုလ်မှူးကြီး ရောဘတ်ဗေဒဲန်ပိုဝဲလ်ဖြစ်ပြီး တစ်ကမ္ဘာလုံးက ရောဘတ်ဗေဒဲန်ပိုဝဲလ်ကို ကမ္ဘာ့ကင်းထောက်ဖခင်ကြီးအဖြစ် သတ်မှတ်ကြသည်။ ဗိုလ်မှူးကြီး ရောဘတ်ဗေဒဲန်ပိုဝဲလ် (၁၈၅၇-၁၉၄၁ ခုနှစ်) သည် လူငယ်လူရွယ်လေးများ၏ အကျင့်စာရိတ္တကောင်းမွန်ရေး၊ လူ့ကျင့်ဝတ်ကို သိရှိနားလည်ရေး၊ တစ်ကိုယ်ကောင်းစိတ်ပယ်ရှားရေး စသည်တို့အား ရှေးရှုသော ကင်းထောက်လုပ်ငန်းကို စတင်မွေးဖွားပေးခဲ့သူဖြစ်ခြင်းကြောင့် ရောဘတ်ဗေဒဲန်ပိုဝဲလ်ကို ကမ္ဘာ့ကင်းထောက်၏ဖခင်ကြီးဟု ခေါ်ဆိုခဲ့သည်။

တောင်အာဖရိကတိုက်တွင် ဘိုးဝါးစစ်ပွဲဖြစ်ပွားစဉ်အတွင်း ရန်သူဘိုးဝါးတပ်ကြီး၏ ခုနစ်လကြာဝိုင်းရံထားမှုကို ကြံ့ကြံ့ခံနိုင်ရန် ဗြိတိသျှတပ်မှူး ဗိုလ်မှူးကြီး ရောဘတ်ဗေဒဲန်ပိုဝဲလ်သည် စစ်ကူရောက်သည်အထိ လူရွယ်လူကြီးများအား အခြားအလုပ်များ လုပ်ကိုင်နိုင်ရေး လူငယ်များကို ကင်းထောက်အလုပ်၊ စာပို့အလုပ်၊ သတင်းပို့အလုပ်၊ ရှေးဦးသူနာပြုအလုပ်များကို လေ့ကျင့်သင်ကြားပေးကာ ကင်းထောက်အဖြစ် အသုံးပြုခဲ့သည်။ ရောဘတ်ဗေဒဲန်ပိုဝဲလ်သည် ၁၉၀၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ဘရောင်းဆီးကျွန်း၌ ကင်းထောက်စခန်းတစ်ခု စမ်းသပ်ဖွင့်လှစ်ပြီး လူငယ် ၂၀ ကို ကင်းထောက်စည်းမျဉ်းများအတိုင်း သွန်သင်လေ့ကျင့်ပေးခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ ကင်းထောက်အဖွဲ့ စတင်ဖွဲ့စည်းသည်။ ရောဘတ်ဗေဒဲန်ပိုဝဲလ်၏ ကင်းထောက်လုပ်ငန်းကို ယောက်ျားလေးများသာမက မိန်းကလေးများကပါ စိတ်ဝင်စားလာခဲ့ကြသည်။ ထို့ကြောင့် ၁၉၁၀ ပြည့်နှစ်၌ ကင်းထောက်အမျိုးသမီးအဖွဲ့များကို ဖွဲ့စည်းခဲ့ရာ အင်္ဂလန်နိုင်ငံတွင် ကင်းထောက်အဖွဲ့များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပေါ်ပေါက်လာခဲ့သည်။ ကင်းထောက်အဖွဲ့များသည် ဗြိတိသျှအင်ပါယာအတွင်း၌သာမက ကမ္ဘာ့နိုင်ငံအသီးသီးသို့ လျင်မြန်စွာ ပျံ့နှံ့တိုးပွားလာခဲ့သည်။ ရောဘတ်ဗေဒဲန်ပိုဝဲလ်သည် ၁၉၁၀ ပြည့်နှစ်၌ အငြိမ်းစားယူပြီးနောက် ကင်းထောက်လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခဲ့သည်။ ရောဘတ်ဗေဒဲန်ပိုဝဲလ်သည် ကင်းထောက်လုပ်ငန်းကို လုပ်ကိုင်ရင်း ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူငယ်လူရွယ်များအား ဆွဲဆောင်ခဲ့သည်။

ကမ္ဘာ့ကင်းထောက်ဖခင်ကြီး ရောဘတ်ဗေဒဲန်ပိုဝဲလ်သည် ၁၉၁၂ ခုနှစ် ဖေဖော်ဝါရီလ၌ မြန်မာပြည်သို့ရောက်ရှိခဲ့ကြောင်း ၁၉၁၂ ခုနှစ် မတ်လ ၇ ရက်နေ့ထုတ် “ The Weekly Rangoon Times ” သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

**မြန်မာ့ကင်းထောက်နောက်ခံသမိုင်း**

မြန်မာနိုင်ငံတွင် ကင်းထောက်လုပ်ငန်းကို ၁၉၁၀ ပြည့်နှစ်၌ ဗြိတိသျှလူမျိုးများက စတင်ခဲ့သည်။ ထိုအချိန်ကာလတွင် ၁၉၁၃ ခုနှစ်၌ တစ်ဦးချင်းသီးခြားကင်းထောက်လုပ်ငန်းများ ရှိနေပြီဖြစ်သည်။ မြန်မာပြည်တွင် ကင်းထောက်အသင်းများ ဖွဲ့စည်းရေးနှင့် စပ်လျဉ်းပြီး ၁၉၁၆ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဟင်္သာတမြို့၌ စတင်ကျင်းပခဲ့သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(Y.M.B.A) စတုတ္ထမြောက်ကွန်ဖရင့်၌ စတင်တွေ့ရှိခဲ့သည်။ ထိုကွန်ဖရင့်သို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနှင့်အလားတူအသင်းများမှ ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။ အဆိုပါကွန်ဖရင့်၏ ဒုတိယနေ့ ၁၉၁၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် အသင်းဥက္ကဋ္ဌ ဦးစောကိုယ်စား ဝတ်လုံတော်ရ ဦးမေအောင်က သဘာပတိအဖြစ်ဆောင်ရွက်ကာ ယင်းကွန်ဖရင့်၌ တင်သွင်းခဲ့သော အဆိုအမှတ်(၁၀)မှာ- “အပျော်တမ်းတပ်နှင့် ကင်းထောက်လူငယ်တပ်တည်ထောင်ရန် ပြည်ပိုင်အစိုးရမင်းတို့အား လျှောက်ထားသည့်အကြောင်းဖြင့် သဘာပတိကအကြံပေးရာ သာယာဝတီ ဦးဘအေးက ထောက်ခံပြီး အများသဘောတူဆုံးဖြတ်ကြသည်” ဟူ၍ ဖြစ်သည်။ ထိုဆုံးဖြတ်ချက်ကို ၁၉၁၇ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့၌ ကျင်းပခဲ့သော ဗုဒ္ဓကလျာဏယုဝအသင်းနှင့် အလားတူအသင်းများ၏ နှစ်ပတ်လည်ကွန်ဖရင့်တွင် အတည်ပြုခဲ့သည်။ ထို့ကြောင့် မြန်မာပြည်၌ ကင်းထောက်အဖွဲ့များအား ၁၉၁၆-၁၉၁၇ ခုနှစ်ကပင် စတင်ဖွဲ့စည်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် ၁၉၁၆ ခုနှစ်တွင် မြန်မာအမျိုးသမီးကင်းထောက်အဖွဲ့ကို ဗုဒ္ဓကလျာဏယုဝအသင်းက အသင်းသား ၃၀ ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၂၀ ပြည့်နှစ်၌ မြန်မာပြည်ကင်းထောက်အဖွဲ့ စတင်ဖွဲ့စည်းခဲ့ပြီး ယင်းနှစ် ဖေဖော်ဝါရီလ၌ ကမ္ဘာ့ကင်းထောက်ဖခင်ကြီး ရောဘတ်ဗေဒဲန်ပိုဝဲလ်သည် မြန်မာပြည်သို့ အိန္ဒိယမှတစ်ဆင့် ရောက်ရှိခဲ့ရာ ထိုစဉ်က ကမ္ဘာ့ကင်းထောက်ဖခင်ကြီး ရောဘတ်ဗေဒဲန်ပိုဝဲလ်ကို ယုဒသန်ကောလိပ်ကွင်းပြင်၌ ကြိုဆိုပွဲတစ်ရပ် ကျင်းပခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် မြန်မာပြည်ကင်းထောက်အဖွဲ့သည် ဗြိတိသျှဌာနချုပ်၏ သီးခြားအဖွဲ့အဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဗြိတိသျှကိုလိုနီခေတ်အတွင်း မြန်မာပြည်ရှိ မြို့နယ်အသီးသီး၌ စကောက်ခေါ် ကင်းထောက်များ လှုပ်ရှားမှုအချို့ကို လေ့လာမိသလောက် တင်ပြရပါက ၁၉၂၅ ခုနှစ် အောက်တိုဘာလအတွင်း မုံရွာမြို့ ကင်းထောက်လူငယ်များက အမျိုးသားကျောင်းကြီး မီးဘေးမှ ကာကွယ်ခဲ့ခြင်း၊ ၁၉၂၆ ခုနှစ်တွင် မြင်းခြံမြို့ရှိ အင်္ဂလိပ်-မြန်မာအစိုးရအထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်က လူငယ်ကင်းထောက်စာဖတ်အသင်း တည်ထောင်ဖွင့်လှစ်ခဲ့ခြင်း စသည်တို့ဖြစ်သည်။ ထို့အပြင် “မြန်မာကင်းထောက်အစ ရမည်းသင်းအထက်တန်းကျောင်းက ” ဟု မှတ်တမ်းတင်ထားသည့် မြန်မာနိုင်ငံကင်းထောက်သမိုင်းကို ရမည်းသင်းမြို့ အစိုးရအထက်တန်းကျောင်း၌ ၁၉၃၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် စတင်ခဲ့ခြင်းပင်ဖြစ်သည်။ ကိုလိုနီခေတ်က ရမည်းသင်းခရိုင်ကို ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်း၊ ပျဉ်းမနားနှင့် လယ်ဝေးတို့ဖြင့် ၁၈၈၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ထိုအချိန်က တပ်ကုန်းမြို့နှင့် ပျော်ဘွယ်မြို့တို့တွင် အထက်တန်းကျောင်း မရှိသေးသဖြင့် ရမည်းသင်းအထက်တန်းကျောင်းသို့ လာရောက်ပညာသင်ယူကြရသည်။ ရမည်းသင်း အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးစီကာ ရမည်းသင်း အထက်တန်းကျောင်းတွင် ကင်းထောက်အဖွဲ့ကို ဖွဲ့စည်းပြီး အဆောက်အအုံတစ်ခုဆောက်လုပ်ကာ ထိုအဆောက်အအုံ၌ လူငယ်များအား ပြုစုပျိုးထောင်ရန် ကင်းထောက်ပညာရပ်များကို သင်ကြားပေးခဲ့သည်။

ကင်းထောက်များအား ပြုစုပျိုးထောင်ပေးရာတွင် စာဖတ်ခြင်း၊ အားကစားလေ့ကျင့်ခြင်းနှင့် ပရဟိတလုပ်ငန်းများကို စိတ်ဝင်စားပြီး အများအကျိုး ဆောင်ရွက်လိုသော စိတ်ဓာတ်များ ခိုင်မာလာစေရန် ဆရာ ဆရာမများက သင်တန်းပို့ချပေးခဲ့ကြခြင်းသည် မြန်မာနိုင်ငံကင်းထောက်လုပ်ငန်းအစဖြစ်ပြီး ၁၉၂၀ ပြည့်နှစ်၌ တစ်နိုင်ငံလုံးအထိ ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၄၂-၁၉၄၅ ခုနှစ် ဂျပန်ခေတ်အတွင်း ဗြိတိသျှတို့ဖွဲ့စည်းထားသော ကင်းထောက်အဖွဲ့ ရပ်စဲသွားသည်။ ထို့နောက် ၁၉၄၅ ခုနှစ် အောက်တိုဘာလ၌ ဗြိတိသျှဘုရင်ခံ ဒေါ်မန်စမစ် ရောက်ရှိလာခဲ့ရာ ကင်းထောက်အဖွဲ့ ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ၁၉၄၇ ခုနှစ် နိုဝင်ဘာလတွင် ကင်းထောက်အမျိုးသမီးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီး ဘုရင်ခံ၏ကတော် လေဒီရန့်စ်က အဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ထိုနှစ်တွင် ဗမာနိုင်ငံ ကင်းထောက်ခေါင်းဆောင်သင်တန်းကို ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၄၁ ဦး တက်ရောက်ခဲ့သည်။ ၁၉၅၃ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်အား မြန်မာပြည်ကင်းထောက်အဖွဲ့နာယကအဖြစ် ခန့်အပ်ခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ် ဩဂုတ်လ၌ အမျိုးသားကင်းထောက်အဖွဲ့နှင့် အမျိုးသမီးကင်းထောက်အဖွဲ့တို့ကို ပူးပေါင်းဖွဲ့စည်းခဲ့သည်။ ၁၉၆၄ ခုနှစ် မတ်လ၌ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို ဖျက်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ၂၀၁၂ ခုနှစ်မှစ၍ မြန်မာကင်းထောက်အဖွဲ့ကို နိုင်ငံတကာကင်းထောက်ကျင့်ထုံးများနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့ရာ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိ ရန်ကုန်မြို့ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း (လမ်းမတော်) တွင် သင်တန်းသား ၉၈ ဦးတို့ဖြင့် ဗဟိုအဆင့် ကင်းထောက်နည်းပြ သင်တန်းတစ်ရပ် ဖွင့်လှစ်ပို့ချခဲ့သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ မတ်လ ၅ ရက်နေ့အထိ သင်တန်းကြီးကြပ်မှု ကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးအမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း (အလုံ)နှင့် မန္တလေးတိုင်းဒေသကြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ပြင်ဦးလွင်)တို့တွင် ဆဋ္ဌမတန်း ကျောင်းသား ကျောင်းသူ ၁၀၀ စီတို့ကို ကင်းထောက်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ တစ်နိုင်ငံလုံးတွင် ကျောင်းသား ကျောင်းသူ ၂၀၀၀ တို့အား ကင်းထောက်လူငယ်များအဖြစ် သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ဖြစ်သည်။

**ကင်းထောက်ဆောင်ပုဒ် ကတိ(၃)ပါး၊ ကျင့်ဝတ်(၁၀) ပါး**

အမှန်စင်စစ် ကင်းထောက်လုပ်ငန်းသည် လူငယ်လူရွယ်လေးများအား ကင်းထောက်စည်းမျဉ်းနှင့် စာရိတ္တကောင်းမွန်ရေး လေ့ကျင့်သင်ကြားပေးပြီး နိုင်ငံအတွက် အဖိုးတန်သားကောင်းရတနာ သမီးကောင်းရတနာများ မွေးထုတ်ပေးနေခြင်းပင်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကင်းထောက်၏ ဆောင်ပုဒ်၊ ကင်းထောက်၏ ကတိ(၃) ပါးမှာ (၁)ကျွန်ုပ်သည် မိမိကိုးကွယ်သော ဘာသာနှင့် တိုင်းပြည်အတွက် အကောင်းဆုံးအလုပ်လုပ်ပါမည်။ (၂) ကျွန်ုပ်သည် သူတစ်ပါးအား အချိန်မရွေး ကူညီပါမည်။ (၃)ကျွန်ုပ်သည် ကင်းထောက်ကျင့်ဝတ် (၁၀)ပါးကို အမြဲလိုက်နာထိန်းသိမ်းရန် စွမ်းအားရှိသမျှ ဆောင်ရွက်ပါမည်ဟု ကျွန်ုပ်၏ ဂုဏ်သိက္ခာကို ပဓာနပြု၍ ကတိပြုပါသည်- ဟူ၍ ဖြစ်သည်။

ကင်းထောက်၏ ကျင့်ဝတ်(၁၀)ပါးမှာ (၁) ကင်းထောက်၏ဂုဏ်သိက္ခာသည် ယုံကြည်စိတ်ချရသည်။ (၂) ကင်းထောက်သည် သစ္စာရှိသည်။ (၃) ကင်းထောက်သည် သူတစ်ပါးကို ကူညီသည်။ (၄) ကင်းထောက်သည် ကမ္ဘာ့နိုင်ငံကင်းထောက်များနှင့် ခင်မင်ရင်းနှီးသည်။ (၅)ကင်းထောက်သည် ယဉ်ကျေးသိမ်မွေ့သည်။ (၆) ကင်းထောက်သည် တိရစ္ဆာန်များကို ကြင်နာသနားတတ်သည်။ (၇) ကင်းထောက်သည် နာခံတတ်သည်။ (၈) ကင်းထောက်သည် အခက်အခဲအပေါင်းကို သတ္တိရှိရှိ ရင်ဆိုင်ဖြေရှင်းသည်။ (၉) ကင်းထောက်သည် ချွေတာသည်။ (၁၀) ကင်းထောက်သည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါး သန့်ရှင်းသည်-ဟူ၍ ဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ကင်းထောက်အဖွဲ့ဝင် ဦးရေမှာ ၂၄၀၀၀ ကျော်ရှိပြီး တက္ကသိုလ် ၂၄ ခုတွင်လည်း ဖွဲ့စည်းထားသည်။ ကမ္ဘာ့အကြီးဆုံးလူမှုရေးအဖွဲ့ ခြောက်ခုအနက် ကင်းထောက်လုပ်ငန်းသည် တစ်ခုပါဝင်သည်။ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံပေါင်း ၂၁၂ နိုင်ငံတွင် မြန်မာနိုင်ငံသည် ၁၆၄ နိုင်ငံမြောက် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်ဖြစ်သည်။ မြန်မာနိုင်ငံကင်းထောက်အမျိုးသား အမျိုးသမီးအဖွဲ့များသည် ၁၉၁၆ ခုနှစ်မှစ၍ ကင်းထောက်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်၌ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နှစ် ၁၀၀ ပြည့်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ တိုးတက်မှုအခြေအနေကို သုံးသပ်ကာ ကမ္ဘာ့ကင်းထောက်လှုပ်ရှားမှုအဖွဲ့က မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့ကို တင်းပြည့်အဖွဲ့ဝင်အဖြစ် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့က အတည်ပြုခဲ့သည်။

> “ ကင်းထောက်လုပ်ငန်းသည် နိုင်ငံရေးနှင့် စစ်ရေးမစွက်ဖက်သည့် မွန်မြတ်သော နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ရေးလုပ်ငန်း သက်သက်ဖြစ်သည်။ ထို့အပြင် ကင်းထောက်၏ ဆောင်ပုဒ် “အစဉ်-အသင့်” အတိုင်း ကင်းထောက်တစ်ဦးသည် မည်သည့်အခြေအနေမျိုးနှင့် ကြုံတွေ့သည်ဖြစ်စေ မိမိလေ့လာသင်ယူထားသော အတတ်ပညာနှင့် စိတ်ဓာတ်တို့ကို အရင်းခံကာ နိုင်ငံ၏အနာဂတ်ကို လှပစွာပုံဖော်ရန် အစဉ်-အသင့်ရှိနေကြ ”

**နိုင်ငံ၏ အနာဂတ်ကို လှပစွာ ပုံဖော်ရန် အစဉ်-အသင့်**

ကင်းထောက်လုပ်ငန်းသည် နိုင်ငံရေးနှင့် စစ်ရေးမစွက်ဖက်သည့်မွန်မြတ်သော နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ရေးလုပ်ငန်း သက်သက်ဖြစ်သည်။ ထို့အပြင်ကင်းထောက်၏ ဆောင်ပုဒ် “အစဉ်-အသင့်” အတိုင်း ကင်းထောက်တစ်ဦးသည် မည်သည့်အခြေအနေမျိုးနှင့် ကြုံတွေ့သည်ဖြစ်စေ မိမိလေ့လာသင်ယူထားသော အတတ်ပညာနှင့် စိတ်ဓာတ်တို့ကို အရင်းခံကာ နိုင်ငံ၏ အနာဂတ်ကို လှပစွာ ပုံဖော်ရန် အစဉ်-အသင့်ရှိနေကြသည်။ ကင်းထောက်၏ ကြွေးကြော်သံသည် “ကောင်းမှုတစ်ခုနေ့စဉ်ပြု” ဆိုသည့်အတိုင်း မိမိအိမ်၊ မိမိကျောင်း၊ မိမိရပ်ကွက်၊ မိမိမြို့၊ မိမိနိုင်ငံအတွက်သာမက မိမိတို့ကမ္ဘာကြီးအတွက်ပါ ကောင်းမှုတစ်ခုခုကို ရှာဖွေလုပ်ကိုင်နေကြမည်သာဖြစ်သည်။ ။

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်၌ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊ ဒဂုံဆိပ်ကမ်းဘဏ်ခွဲဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

**ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊ ဒဂုံဆိပ်ကမ်းဘဏ်ခွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနအိမ်ရာရှိအဆောက်အအုံ အမှတ်(၂၈)တွင် ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊ ဒဂုံဆိပ်ကမ်းဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

အစီအစဉ် ပထမပိုင်းတွင် ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊ ဒဂုံဆိပ်ကမ်းဘဏ်ခွဲအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊ ဒဂုံဆိပ်ကမ်းဘဏ်ခွဲဆိုင်းဘုတ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**မြို့ ဒေသများသို့ ငွေလွှဲပို့နိုင်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက CHID ဘဏ်သည် နိုင်ငံတော်အတွင်း ဆောက်လုပ်ရေး၊ မြို့ပြနှင့်အိမ်ရာကဏ္ဍနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် တစိုက်မတ်မတ်ဆောင်ရွက်သွားမည့် ဖွံ့ဖြိုးရေးဘဏ်ဖြစ်ပါကြောင်း၊ ဘဏ်တစ်ခု၏ လုပ်ငန်းစဉ်များဖြစ်သော ငွေများလက်ခံခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ ငွေပေးအမိန့်လက်မှတ်ရောင်းချခြင်း၊ Debit Card ထုတ်ဝေခြင်း၊ ငွေလွှဲပို့ခြင်းစသည့် Commercial ဘဏ်လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငွေလွှဲလုပ်ငန်းအနေဖြင့် ဘဏ်ခွဲအရေအတွက်နည်းသော်လည်း မြန်မာနိုင်ငံသားများဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်၊ ကမ္ဘာ့ရတနာဘဏ်၊ နေပြည်တော်စည်ပင်ဘဏ်၊ ရွှေဘဏ်များနှင့် ချိတ်ဆက်ထားသည့်အတွက် ယင်းဘဏ်များရှိသည့် မြို့ ဒေသများသို့ ငွေလွှဲပို့နိုင်ပါကြောင်း၊ ဘဏ်၏ အဓိကအားသာချက်မှာ Development Bank ဖြစ်သည့်အလျောက် နှစ်ရှည်ချေးငွေများဖြင့် အိမ်ရာချေးငွေစနစ်နှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ချေးငွေများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါကြောင်း၊ ဝင်ငွေနည်းပြည်သူများ အိမ်ရာပိုင်ဆိုင်ခွင့်ရရှိစေရေးအတွက် အိမ်ရာများကို ဂျပန်နိုင်ငံ ODA Loan (Two-step Loan) အစီအစဉ်အရ အတိုးနှုန်းသက်သာသော နှစ်ရှည်အိမ်ရာချေးငွေဖြင့် JICA, ODA Loan criteria နှင့် ကိုက်ညီသော အိမ်ရာများအတွက် Housing Mortgage Loan များ ချေးပေးနေပြီဖြစ်ပါကြောင်း။

**အိမ်ရာနှစ်ရှည်ချေးငွေဈေးကွက်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် တန်ဖိုးနည်း၊ တန်ဖိုးသင့်နှင့် တန်ဖိုးမြင့်အိမ်ရာ စီမံကိန်းတိုက်ခန်းများ ဝယ်ယူသူများကို ချေးငွေထုတ်ချေးပေးလျက် ရှိပါကြောင်း၊ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများဖြစ်သည့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ယုဇနအိမ်ရာ အပိုင်း(၁)၊ (၂)နှင့် ကနောင်အိမ်ရာ၊ လှိုင်သာယာမြို့နယ် ရှိ ရွှေလင်ပန်းအိမ်ရာအပိုင်း(၂)၊ (၃)နှင့် တန်ဖိုးသင့်အိမ်ရာစီမံကိန်းဖြစ်သော လှိုင်သာယာမြို့နယ်ရှိ ကျန်စစ်မင်းနှင့် ထီးလှိုင်ရှင်အိမ်ရာစီမံကိန်းတို့ကို ရောင်းချပေးနေပါကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ဆောင်ရွက်နေသည့် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများသာမက အနာဂတ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ရန်စီစဉ်လျက်ရှိသည့် နိုင်ငံတစ်ဝန်းလုံးရှိ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများကိုပါ ထုတ်ချေးပေးသွားရန်လည်း စီမံထားရှိပါကြောင်း၊ ယခုလို ထုတ်ချေးပေးခြင်းဖြင့် အိမ်ရာကဏ္ဍအတွက် အိမ်ရာနှစ်ရှည်ချေးငွေ ဈေးကွက်ပေါ်ထွန်းလာပြီး ဝင်ငွေအလယ်အလတ်ရှိသူများနှင့် ဝင်ငွေနည်းပြည်သူများစွာ အိမ်ရာပိုင်ဆိုင်ခွင့်ရရှိလာနိုင်မည် ဖြစ်ပါကြောင်း။

**နိုင်ငံခြားဘဏ်များနှင့် ချိတ်ဆက်**

ဝင်ငွေနည်းပြည်သူများအနေဖြင့် တန်ဖိုးနည်းအိမ်ရာများ ပိုင်ဆိုင်ခွင့်ရရှိရန်အတွက် သတ်မှတ်ထားသည့် ကြိုတင်ငွေများ ပေးသွင်းနိုင်ကြရန် CHID ဘဏ်တွင် Housing Savings များ လာရောက်စုဆောင်းထားကြရန် တိုက်တွန်းလိုပါကြောင်း၊ CHID ဘဏ်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်ရရှိထားသည့်အတွက် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းများဖြစ်သည့် နိုင်ငံခြားငွေလဲလှယ်ခြင်း၊ နိုင်ငံခြားငွေစာရင်းရှင်များ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ငွေလွှဲစာတမ်းများ ဖွင့်လှစ်လက်ခံခြင်း၊ TT စနစ်ဖြင့် အပြည်ပြည်ဆိုင်ရာသို့ ငွေလွှဲပေးခြင်း၊ LC (Letter of Credit)၊ BG (Bank Guarantee)၊ လေလံအာမခံ (Bid Bond Guarantee) နှင့် လုပ်ငန်းဆောင်ရွက်မှုအာမခံ (Performance Guarantee) များကိုလည်း နိုင်ငံခြားအဆက်အသွယ် ဘဏ်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**နေထိုင်မှုအဆင့်အတန်းမြင့်မားရေး**

ယနေ့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးဆိုင်ရာ ဝန်ထမ်းအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများက CHID ဘဏ်ကို ယုံယုံကြည်ကြည်နှင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြုပေးစေလိုပါကြောင်း၊ ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်သည် လာမည့်အနာဂတ်ကာလတွင် နိုင်ငံတော်ကရည်မှန်းထားသည့်အတိုင်း မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး နေထိုင်မှုအဆင့်အတန်း မြင့်မားလာရေးကို အလေးပေးဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက် အားကိုးယုံကြည်ရသော ဘဏ္ဍာငွေကြေးအရင်းအမြစ် ထောက်ပံ့ပေးနိုင်သောဘဏ်အဖြစ် ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရန် အလေးအနက်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစီအစဉ် ဒုတိယပိုင်းကို ကျင်းပရာ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊ ဒဂုံဆိပ်ကမ်းဘဏ်ခွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကြေးပြားကို ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့်တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုသည်။

**ပဲခူးဘဏ်ခွဲ ဖွင့်လှစ်သွားမည်**

ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်ကို Semi – Government Bank အဖြစ် စတင်တည်ထောင်ခဲ့ရာ ယနေ့ဆိုလျှင် သက်တမ်းငါးနှစ်ကျော်ရှိပြီး ထိုကာလအတွင်း ရန်ကုန်မြို့တွင် ဘဏ်ခွဲလေးခု၊ နေပြည်တော်၊ မန္တလေး၊ ပုသိမ်၊ မော်လမြိုင်၊ မကွေး၊ မုံရွာ၊ ဘားအံနှင့် ယနေ့ဖွင့်လှစ်သည့် ဒဂုံဆိပ်ကမ်းဘဏ်ခွဲအပါအဝင် စုစုပေါင်းဘဏ်ခွဲ ၁၃ ခု ရှိပြီဖြစ်သည်။ ဆက်လက်၍ ၁၄ ခုမြောက် ပဲခူးဘဏ်ခွဲကိုလည်း မကြာမီဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထောပတ်စိုက်ပျိုးရေးနှင့် ဆီထုတ်လုပ်ရေးလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ တစ်သန်းကျော်ထောက်ပံ့၍ ရင်းနှီးမြှုပ်နှံမှုစတင်

**နေပြည်တော် ဩဂုတ် ၂၄**

စိုက်ပျိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် နိုင်ငံတော်က ပံ့ပိုးကူညီပေးလျက်ရှိရာ ယခုအခါ ဟက်စ်ထောပတ်သီး စိုက်ပျိုးရေးနှင့် ထောပတ်ဆီထုတ်လုပ်ရေးလုပ်ငန်းများအား လုပ်ကိုင်လျက်ရှိသည့် Shan Orchard လုပ်ငန်းတွင် Anthem Asia Myanmar SME Venture Fund မှ အမေရိကန်ဒေါ်လာ တစ်သန်းကျော် ထောက်ပံ့ခြင်းဖြင့် ပထမဆုံးရင်းနှီးမြှုပ်နှံမှုကို စတင်ခဲ့ကြောင်း ဩဂုတ် ၂၃ ရက်က သိရှိရသည်။



Shan Orchard သည် စိုက်ပျိုးရေးစွန့်ဦးလုပ်ငန်းရှင် မြန်မာနိုင်ငံသားတစ်ဦး၊ အမျိုးသမီး စွန့်ဦးတီထွင်သူမြန်မာနိုင်ငံသူတစ်ဦးနှင့် နယူးဇီလန်နိုင်ငံသားတစ်ဦးတို့ ဦးဆောင်လုပ်ကိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင် အဓိကလုပ်ကိုင်နေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုများကို ထောပတ်ဆီထုတ်လုပ်ရာတွင် လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းရန်နှင့် စိုက်ပျိုးမြေနေရာများ ငှားရမ်းရန်အပါအဝင် လုပ်ငန်းမတည်အရင်းအနှီးအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

“သဘာဝသယံဇာတတွေ ပေါများတဲ့ မြန်မာနိုင်ငံမှာ အရည်အသွေးမြင့် စိုက်ပျိုးရေးထုတ်ကုန် အမျိုးအစားတွေ အစုံအလင်ထုတ်လုပ်ဖို့ အခွင့်အလမ်းတွေ တွေ့ရပါတယ်။ အခုရွေးချယ်လိုက်တဲ့ လုပ်ငန်းကလည်း သူတို့ရဲ့ မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍကနေ လုပ်ကိုင်ပြီးရလာတဲ့အတွေ့အကြုံတွေကို အခြေခံလို့ ထောပတ်သီးတွေ စိုက်ပျိုးမယ်ဆိုပြီး ရည်ရွယ်ထားတာဖြစ်ပါတယ်။ ထောပတ်သီးဆိုတာ ကျန်းမာရေးအတွက်ရော၊ အလှကုန်ပစ္စည်း ထုတ်လုပ်ဖို့အတွက် ကုန်ကြမ်းအဖြစ် နိုင်ငံတကာဈေးကွက်မှာလည်း လိုအပ်ချက်တွေရှိထားပါတယ်။ ဈေးကွက်လိုအပ်တဲ့အရာကို ဖြည့်ဆည်းပေးသွားနိုင်မှာဖြစ်ပါတယ်”ဟု Anthem Asia Myanmar SME Venture Fund မှ မန်နေဂျင်းဒါရိုက်တာ Josephine Price က ပြောသည်။

ထောပတ်သီးကို ပြည်တွင်းတောင်သူ အများအပြားထံမှ ကုန်ကြမ်းများအဖြစ် ဝယ်ယူရရှိကြောင်းနှင့် ကုန်ကြမ်းများဖြင့် ထောပတ်ဆီထုတ်လုပ်ရန် ယခုနှစ်ကုန်ပိုင်းတွင် စတင်နိုင်တော့မည်ဖြစ်ကြောင်း Shan Orchard မှ တည်ထောင်သူတစ်ဦးဖြစ်သည့် Nathan နိုင်ဝင်းက ပြောသည်။ “နောက်ပိုင်းမှာ နိုင်ငံတကာအရည်အသွေးမီတဲ့ ထောပတ်သီးတွေကို ကျွန်တော်တို့ ကိုယ်ပိုင်စိုက်ခင်းတွေကနေ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မိမိခြံက သီးနှံအပြင် တောင်သူတွေဆီက သီးနှံတွေနဲ့ ပူးပေါင်းထုတ်လုပ်ခြင်းကနေ ရေရှည်တည်တံ့ဖွံ့ဖြိုးတဲ့ စိုက်ပျိုးရေးစနစ်ကို တည်ဆောက်သွားဖို့အထိ ရည်ရွယ်ထားပါတယ်”ဟု သူက ဆက်ပြောသည်။

လက်ရှိတွင် Shan Orchard သည် စပါးကဲ့သို့ သီးနှံထွက်တိုးနှုန်းများသည့် သီးနှံများကို စိုက်ပျိုးရန် စမ်းသပ်လျက်ရှိပြီး နောက်ပိုင်းတွင် မြေယာအသုံးချမှုလျော့ကျရန်နှင့် ရာသီပေါ်သီးနှံများ ပိုမိုစမ်းသပ်စိုက်ပျိုးနိုင်ရန်အတွက် ထောပတ်သီးအပါအဝင်အခြားသော အထွက်တိုးသီးနှံများကို သီးထပ်စိုက်ပျိုးနည်းစနစ်များ အသုံးပြုရန် စီမံသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

Anthem Asia Myanmar SME Venture Fund သည် မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အရင်းအနှီး မတည်၍ ပံ့ပိုးပေးလျက်ရှိပြီး ၎င်းအား ကမ္ဘာ့ဘဏ်အစုဝင် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေး ကော်ပိုရေးရှင်းအပါအဝင် နယ်သာလန်အစိုးရ၊ ဗြိတိသျှအစိုးရတို့မှ ထူထောင်ထားသည့် ငွေကြေးဆိုင်ရာထောက်ပံ့မှုအဖွဲ့အစည်းများ၏ အထောက်အပံ့များဖြင့် မြန်မာနိုင်ငံအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ရတနာ**

# မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၄**

မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်တိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ နေပြည်တော်တိုင်း၊ ခရိုင်နှင့် မြို့နယ်တို့မှ စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် နေပြည်တော်တိုင်းဦးစီးမှူး ဦးဝင်းဦးက မြေဆီလွှာအရည်အသွေးပြည့်မီရေး လိုအပ်ချက်များ၊ အာဟာရပြည့်ဝစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သိရှိလိုက်နာဆောင်ရွက်တတ်စေရန်ပြောကြားပြီး မြေဆီလွှာကျွမ်းကျင်သူ ဦးထင်အောင်ရှိန်က မြေဆီလွှာအာဟာရဓာတ် ချို့တဲ့ရခြင်း အကြောင်းရင်းများ၊ မြေဆီလွှာပြုပြင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးပို့ချသည်။ တက်ရောက်လာသည့် ဝန်ထမ်းများကလည်း သိရှိလိုသည်များ မေးမြန်းကြပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ဖူးရင်ထူးခြားစေတီတော်မြတ်ကြီးအတွက် ရွှေသင်္ကန်းကပ်လှူနိုင်ရန် ကယားပြည်နယ်အစိုးရအဖွဲ့က အလှူတော်ငွေ လှူဒါန်း



**ဒီးမော့ဆို ဩဂုတ် ၂၄**

ကယားပြည်နယ်အစိုးရအဖွဲ့မှ ဒီးမော့ဆိုမြို့နယ် ဝမ့်လထွားကျေးရွာ ဓမ္မဝိနယရံသီကျောင်းတိုက်တွင် တည်ထားကိုးကွယ်သည့် ဖူးရင်ထူးခြားစေတီတော်မြတ်ကြီး၌ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော အစိုးရအဖွဲ့က ယမန်နေ့မွန်းလွဲပိုင်းတွင် အလှူတော်ငွေ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ)

ရှေးဦးစွာ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တခမာဝုဓထံ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ အမှူးပြုသော အစိုးရအဖွဲ့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်မြင့်မြင့်မော်တို့က ဟသ်ာတိုင်တည်ထားနိုင်ရန်အတွက် အလှူတော်ငွေကျပ် ၂၅ သိန်း၊ ကယားပြည်နယ်အစိုးရအဖွဲ့မှ ဉာဏ်တော်အမြင့် ၅၂ ပေရှိ ဖူးရင်ထူးခြားစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်အဆူ ၆၀ အတွက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရန် အလှူတော်ငွေကျပ် သိန်း ၆၀၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးညီညီမင်းနှင့်ဇနီး၊ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ထွန်းလင်း၊ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးအောင်ဆန်း၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှူး ဦးရဲနိုင်အောင်၊ ပြည်နယ်ဟိုတယ်နှင့် ခရီးညွှန်ကြားမှုဦးစီးဌာနမှူး ဦးလင်းဇော်ထွဋ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းနှင့် ဇနီးတို့က အလှူတော်ငွေကျပ်တစ်သိန်းစီ၊ ကိန္နရီကိန္နရာ အထည်ဆိုင် မှ အလှူတော်ငွေကျပ်နှစ်သိန်း၊ စုစုပေါင်းအလှူတော်ငွေကျပ် ၉၃ သိန်းကို ကျောင်းထိုင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းထိုင်ဆရာတော်က လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားတော် ချီးမြှင့်တော်မူပြီး စေတီတော်မြတ်ကြီး တည်ထားပြီးစီးမှုအခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော အစိုးရအဖွဲ့က သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အရာထမ်းများအား ဆွေးနွေးသင်ကြားပို့ချပေးလျက်ရှိသည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) သင်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး (ယာပုံ) သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဦးစီးအရာရှိ ၃၇ ဦးတို့ တက်ရောက်ကြပြီး သင်တန်းတွင် သတင်းရေးသားခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ သတင်းအချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ ဆန်းစစ်သိမ်းဆည်းခြင်း၊ မျှဝေခြင်း၊ မီဒီယာများကို ဆန်းစစ်လေ့လာအကဲဖြတ်ခြင်းစသည့် သတင်းမီဒီယာဆိုင်ရာ ဗဟုသုတများအပြင် ရွေးကောက်ပွဲဆိုင်ရာ သိနားလည်မှု စသည့်အကြောင်းအရာများကို ဩဂုတ် ၁၉ ရက်မှ ၂၄ ရက်အထိ ဆွေးနွေးသင်ကြားပို့ချပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကို**





## အင်းစိန်မြို့နယ် အောင်ဆန်း အထက(၃)၌ မှုခင်းပညာပေး

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ မှုခင်းအသိပညာ ဗဟုသုတများသိရှိစေရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးရှင်းလင်းခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါအထက (၃)ကျောင်းရှေ့၌ ပြုလုပ်ခဲ့သည်။

မှုခင်းပြခန်းယာဉ်တွင် အင်းစိန်မြို့မှ ရဲစခန်းမှူး ဒုရဲမှူး တင်လတ်၊ မူးယစ်တပ်ဖွဲ့စု (၄၀)မှ ဒုရဲအုပ် ဝေဖြိုးဦး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၆)မှ ရဲတပ်ကြပ်ကျော်ဇောဦး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီး ဝင်းကြည်နှင့်တာဝန်ရှိသူများပါဝင်၍ အထက(၃)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးအကြောင်းများကို အသိပညာပေးရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏကြီးပွားရေးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ပြည်သူများအား သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကောင်းနိုင်က မြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် ရပ်ကွက်၊ မြို့နယ်များအတွင်း နယ်မြေလုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ ဩဂုတ် ၂၂ ရက်က အသိပညာပေး ရှင်းလင်းပြောကြားစဉ်။ မင်းခေတ်

## မုတ္တမကမ်းလွန်ရေနံလုပ်ကွက် M9 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း လူထုတွေ့ဆုံပွဲ ကျင်းပ

**မြိတ် ဩဂုတ် ၂၄**

မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M9 တွင် PTTEPI ကုမ္ပဏီမှရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ နယ်ပယ်တိုင်းတာသတ်မှတ်ခြင်း ပထမအကြိမ်လူထုတွေ့ဆုံပွဲကို ဩဂုတ် ၂၃ ရက်နံနက်ပိုင်းက မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ကျင်းပခဲ့သည်။

“ ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ ပိုမိုရအောင်၊ ပိုမိုပံ့ပိုးပေးနိုင်အောင်၊ ပြည်ပပို့တဲ့ သဘာဝဓာတ်ငွေ့လည်း သတ်မှတ်ထားတဲ့ပမာဏအတိုင်း ပြည့်မီအောင် ရည်ရွယ်ချက်နဲ့ တူးတာပါ။ သဘာဝဓာတ်ငွေ့တွေ ထပ်မံတွေ့ရှိလာမယ်ဆိုရင် ပြည်တွင်းသုံးအတွက်လည်း အထောက်အကူပြုနိုင်မှာပါ။ လျှပ်စစ်ကဏ္ဍတွင် သဘာဝဓာတ်ငွေ့သုံးစက်ရုံတွေအတွက်လည်း ပိုပြီးဖြည့်ဆည်းပေးနိုင်မယ့်ရည်ရွယ်ချက်နဲ့ ရှာဖွေတူးဖော်နေတာပါ” ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးနေအောင်က ပြောသည်။

မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M9 ဇောတိက သဘာဝဓာတ်ငွေ့ရှိသည့် လုပ်ကွက်တွင် ၂၀၂၀ ပြည့်နှစ်ရေနံနှင့် သဘာဝဓာတ်ငွေ့အကဲဖြတ်တွင်းတူးရန်အတွက် လုပ်ငန်းမတိုင်ခင် ဒေသခံများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများကို ရှင်းလင်းတင်ပြခြင်း ဖြစ်ကြောင်း၊ ရှင်းလင်းတင်ပြရာတွင် ဒေသခံများ၏ သဘောထားနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ အကြံပြုချက်များကို ရယူ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ အစီရင်ခံစာရေးဆွဲတင်ပြနိုင်ရေးအတွက် လူထုတွေ့ဆုံပွဲကျင်းပရခြင်းဖြစ်ကြောင်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သိရသည်။

“မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M9 တွင် အကဲဖြတ်တွင်း ၁၇ တွင်းတူးဖော်ဖို့ လျာထားပါတယ်။ ဒီလုပ်ကွက်သည် ရန်ကုန်မြို့မှ ၂၄၃ ကီလိုမီတာ၊ ထားဝယ်မြို့မှ ကီလိုမီတာ ၂၁၀၊ မြိတ်မြို့မှ ၃၀၉ ကီလိုမီတာ ကွာဝေးပါတယ်။ စီမံကိန်းကို ၂၀၂၀ ပြည့်နှစ် မတ်လဆန်းမှာ ဆောင်ရွက်ဖို့ လျာထားပါတယ်။ အကဲဖြတ်တွင်း တူးဖော်ရေးစီမံကိန်းကတော့ နောင်အနာဂတ်မှာ M9 လုပ်ကွက်ကနေ စွမ်းအင်ထပ်မံဖြည့်စွက်ဖို့ လျာထားပြီး အကဲဖြတ်တွင်းတွေတူးနေတာ ဖြစ်ပါတယ်” ဟု PTTEPI ကုမ္ပဏီမှ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးအင်ဂျင်နီယာ ဦးဝဏ္ဏဝင်းက ပြောသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ နယ်ပယ်တိုင်းတာသတ်မှတ်ခြင်း လူထုတွေ့ဆုံပွဲတွင် မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် M9 ၌ PTTEPI ကုမ္ပဏီမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများ စီမံကိန်းနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTTEPI ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

PTTEPI ကုမ္ပဏီအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို AECOM (Thailand) နှင့် Limited (AECOM) E-Guard Environmental Serviceကုမ္ပဏီမှ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(မြန်/ဆက်)**



မုတ္တမကမ်းလွန်ရေနံလုပ်ကွက် M 9 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း လူထုတွေ့ဆုံပွဲ ကျင်းပစဉ်။

# (၅၄)နှစ်မြောက် စင်ကာပူသမ္မတနိုင်ငံ အမျိုးသားနေ့အခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

(၅၄)နှစ်မြောက် စင်ကာပူသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ ပန်ပစိဖိတ် ဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဂုဏ်ပြုသည်။

**ညစာဖြင့်တည်ခင်းဧည့်ခံ**

(၅၄)နှစ်မြောက် စင်ကာပူသမ္မတနိုင်ငံ၏ အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် စင်ကာပူသမ္မတနိုင်ငံ၏ အမျိုးသားသီချင်းနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို ဖွင့်လှစ်၍ဂုဏ်ပြုသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Ms.Vanessa Chan က စင်ကာပူအမျိုးသားနေ့နှင့်စပ်လျဉ်း၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကာ ညစာဖြင့်တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Ms.Vanessa Chanနှင့် သံရုံးမှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်အခြေစိုက်သံရုံးအသီးသီးမှ သံအမတ်ကြီးများနှင့် သံရုံးများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်**




**(၅၄)နှစ်မြောက် စင်ကာပူသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စင်ကာပူသံအမတ်ကြီး Ms.Vanessa Chan နှင့် အခမ်းအနားတက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

ဓာတ်ပုံ - သန်းစိုး

# တိုက်ပွဲများကြောင့် လမ်းပန်းဆက်သွယ်မှုပြတ်တောက်ပြီး ငါးရှဉ့်နှင့် ကဏန်းကုန်သည်တချို့ ဆုံးရှုံးနစ်နာ

**မူဆယ် ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တိုက်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ငါးရှဉ့်နှင့်ကဏန်းတင်ယာဉ်များ ရက်ရှည်ပိတ်မိနေရာ ကုန်သည်များဆုံးရှုံးနစ်နာမှုများရှိနေပြီး အောက်ပိုင်းရေလုပ်သား တချို့လည်း အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသ လပွတ္တာ၊ ကျိုက်လတ်၊ မြောင်းမြမြို့နယ်၊ တောင်ငူခရိုင်အုတ်တွင်း၊ ရေတာရှည်မြို့နယ်နှင့် ရခိုင်ပြည်နယ် ဒေသအသီးသီးတို့မှ ထွက်ရှိသည့် ငါးရှဉ့်၊ ကဏန်းများကို တရုတ်နိုင်ငံက ဝယ်လိုအားကောင်းလျှင် ကောင်းသလို နှစ်စဉ်တင်ပို့ရောင်းချနေခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ဩဂုတ် ၁၅ ရက်နေ့မှစ၍ တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားနေခြင်းကြောင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်သွားပြီး ကွတ်ခိုင်မြို့နယ်အတွင်း မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး၏ နေရာတချို့တွင် ငါးရှဉ့်နှင့် ကဏန်းတင်ယာဉ်များ ရက်ရှည်ပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ ငါးရှဉ့်၊ ကဏန်းများ သေကျေပျက်စီးပြီး ပုပ်သိုးကုန်သည့်အတွက် ငါးရှဉ့်ကုန်သည်ပိုင်ရှင်နှင့် ပွဲရုံပိုင်ရှင်များအရှုံးပေါ်ပြီး အောက်ပိုင်းမှ ရေလုပ်သားများလည်း အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

**အခက်အခဲအမျိုးမျိုးဖြင့် မောင်းနှင်လာ**

အဆိုပါ လမ်းခရီးတွင် လေးရက်ကြာပိတ်ဆို့မှုကြုံတွေ့နေရသည့် ငါးရှဉ့်တင်ယာဉ်များသည် ဩဂုတ် ၂၀ ရက်မှစ၍ ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့မှတစ်ဆင့် တောလမ်းအတိုင်း (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သို့ အခက်အခဲအမျိုးမျိုးဖြင့် မောင်းနှင်လာခဲ့ရကြောင်း သိရသည်။

**လမ်းကြောပေါ်မူတည်ပြီးရောင်းချ**

ငါးရှဉ့်၊ ကဏန်းရောင်းဝယ်လုပ်သူတစ်ဦးက "ကျွန်တော်တို့က ငါးရှဉ့်နဲ့ ကဏန်းတွေကို မြန်မာပြည်အနယ်နယ် အရပ်ရပ်မှာ လိုက်လံဝယ်ယူရောင်းချနေတာ ဖြစ်ပါတယ်။ ငါးရှဉ့်နဲ့ ကဏန်းက ရက်အကြာကြီး အထားမခံတဲ့အတွက် ဝယ်ပြီးတာနဲ့ ဖော့ဖာတွေထဲမှာ စနစ်တကျထည့်ပြီး ခြောက်ဘီးယာဉ်တွေနဲ့ တရုတ်ပြည်ဘက်ကို အမြန်ဆုံးပို့နိုင်အောင် ကြိုးစားပါတယ်။ လမ်းကြောအခက်အခဲမရှိဘူးဆိုရင်တော့ အစစအရာရာ အားလုံးအဆင်ပြေတယ်။ ငါးရှဉ့်ဈေးကတော့ တစ်ကီလိုကို တရုတ်ငွေ ၄၄ ယွမ်၊ မြန်မာငွေနဲ့ဆိုရင် ကျပ်တစ်သောင်းလောက်အထိ ရရှိတာဖြစ်ပါတယ်။ ရောင်းဝယ်အားကတော့ တရုတ်ပြည်က ဝယ်ရင်ဝယ်သလို လမ်းကြောပေါ်မူတည်ပြီး ကျွန်တော်တို့ ရောင်းချပေးနေတာ ဖြစ်ပါတယ်။ ပြီးတော့ ဒီငါးရှဉ့်နဲ့ ကဏန်းတွေကလည်း မိုးတွင်းမှာပဲအထွက်များတော့ အရောင်းအဝယ်ကလည်း မိုးတွင်းမှာပဲ ပိုပြီးဖြစ်ကြတယ်။ အခုတော့မမျှော်လင့်ဘဲ တိုက်ပွဲတွေ ဖြစ်လာတော့ အားလုံးဆုံးရှုံးနစ်နာမှုတွေ ရှိကြတယ်"ဟု ပြောသည်။

**ရွာတွေမှာအလကားဝေပေး**

ဆက်လက်၍ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်မှ တာဝန်ခံ မစန်းဝေလှိုင်က " ကျွန်မတို့ ငါးရှဉ့်၊ ကဏန်းရောင်းဝယ်တဲ့နေရာကို ပုံမှန်ရာသီဆိုရင်တော့ တစ်စီးစနှစ်စီး စတော့ ဝင်ပါတယ်။ အခုက မိုးတွင်းရာသီဆိုတော့ ငါးရှဉ့်၊ ကဏန်းတွေပိုပြီးထွက်တဲ့ရာသီဖြစ်သလို အရောင်းကလည်း ဒီရာသီမှာပဲ ပိုပြီးအဆင်ပြေပါတယ်။ အခုလိုဖြစ်နေတော့ လမ်းခရီးမှာ ငါးရှဉ့်၊ ကဏန်းကားတွေ ပိတ်မိနေပြီး ပုပ်သိုးတာတွေလည်း ရှိနေတယ်။ တချို့လည်း နီးစပ်ရာ ရွာတွေမှာ အလကားဝေပေးတာတွေလည်း ရှိတယ်။ လောလောဆယ်တော့ ကျွန်မတို့ဆီကို ငါးရှဉ့်၊ ကဏန်းကား အနည်းငယ်ပြန်ဝင်လာကြပါပြီ။ ဝင်လာတဲ့ကားတွေထဲမှာ တော်တော်များများပုပ်သိုးကြတယ်။ ဒီလိုဝင်တဲ့ကားတွေထဲက အကောင်းဆုံးတွေကို ရွေးချယ်ပြီး တရုတ်ပြည်ဘက်ကို ရောင်းချပေးတာ ဖြစ်ပါတယ်။ ပုပ်သိုးသားတွေကိုတော့ ပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုမရှိအောင် ဘက်ဟိုးငှားပြီး စနစ်တကျ မြေမြှုပ်ထားပါတယ်" ဟု ပြောသည်။

**သုံးပုံတစ်ပုံကပြန်မရနိုင်တော့**

ဆက်လက်၍ ဟိန်းနဒီအောင် ပြည်ပရေထွက်ပို့ကုန်လုပ်ငန်း ကုမ္ပဏီ တာဝန်ခံ ဦးသိန်းဝင်းက "အခက်အခဲကြားထဲကနေ တချို့ကားတွေက နမ့်ဖတ်ကာနဲ့ ကွတ်ခိုင်ကြား တာမိုးညဲဘက်ကနေ ထွက်လာကြလို့၊ ပြီးတော့ကားလေးတွေနဲ့ သယ်လာကြတာတွေလည်း ရှိလို့ပေါ့။ ဝင်လာတဲ့ ငါးရှဉ့်နဲ့ ကဏန်းတွေကို ကျင်စန်းကျော့လမ်းက တစ်ဆင့် တရုတ်နိုင်ငံ ဝမ်တိန်ဘက်ရှိ ကောင်းဖတ်ကုမ္ပဏီနဲ့ ချိတ်ဆက်ပြီး ရောင်းဝယ်လုပ်နေကြတာ ဖြစ်ပါတယ်။ တိုက်ပွဲတွေမဖြစ်ပွားမီ မူဆယ်မြို့ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ကဏန်းလုပ်ငန်းရှင်များ အသင်းမှာ ယာဉ်အစီးရေ ၁၀ စီးကျော်လောက် နေ့စဉ်ဝင်ရောက်တယ်။ တိုက်ပွဲဖြစ်ပြီး ၁၅ ရက်နောက်ပိုင်း လေးရက်လောက် ယာဉ်အဝင်ရပ်တန့်သွားတယ်။ ပိတ်မိနေတဲ့ယာဉ်တွေဟာ ၂၀ ရက်မှာ ပြန်ဝင်လာပါတယ်။ ပြန်ဝင်လာတဲ့ ကဏန်းတွေဟာ ပုပ်သိုးပျက်စီးသွားတာ တော်တော်များပါတယ်။ ယာဉ်ပေါ်ပါလာတဲ့ သုံးပုံတစ်ပုံက ပြန်မရနိုင်တော့ဘူး။ နည်းနည်းတင်ပို့ရောင်းလို့ရတာလေးကိုတရုတ်နိုင်ငံဘက်ကို ဆက်လက်တင်ပို့နေပါတယ်"ဟု ပြောသည်။

ဩဂုတ် ၂၀ ရက်တွင် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သို့ ဝင်လာသည့် ကဏန်းဖော့အထုပ် ၇၀၀ တွင် ၆၆ ထုပ်သာကောင်းမွန်စွာရရှိခဲ့ပြီး တရုတ်ငွေဖြင့် ဖော့ဖာတစ်ထုပ်လျှင် အနည်းဆုံး ယွမ် ၁၆၀၀ ရှိကြောင်း သိရသည်။ ခြောက်ဘီးမော်တော်ယာဉ် အစီးရေစုစုပေါင်းရှစ်စီးပေါ်တွင် တင်ဆောင်လာသည့် ကဏန်းများ ပျက်စီးဆုံးရှုံးသွားခြင်းကြောင့် ပျမ်းမျှခန့်မှန်း ငွေကျပ်သိန်းပေါင်း ၁၆၀၀ ကျော်ခန့် ဆုံးရှုံးနစ်နာခဲ့သည်။ မြန်မာနိုင်ငံဘက်မှ ဆက်လက်တင်ပို့လာသည့်ကဏန်းများလည်းရှိနေပြီး မူဆယ်-ကွတ်ခိုင်ကြားတွင် ပိတ်မိနေသည့်အတွက် တာမိုးညဲမြို့ဘက်မှ မူဆယ်မြို့သို့ တက်ကြရကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**



**လမ်းပိတ်မှုကြောင့် ကုန်တင်ယာဉ်များ မသွားနိုင်သဖြင့် ဆုံးရှုံးမှုဖြစ်ရသည့်ကဏန်းများ စုပုံထားသည်ကို တွေ့ရစဉ်။**

# အိမ်သုံးဟွန်ဒါစက်လှေများ ခရီးသည်တင်ဆောင်ပြေးဆွဲခြင်းမပြုရေး ကြေညာချက်များထုတ်ပြန်

**မုံရွာ ဩဂုတ် ၂၄**

ချင်းတွင်းမြစ်ကြောင်း တစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများတွင် အသုံးပြုလျက်ရှိသော ဟွန်ဒါစက်တပ်ရေယာဉ်ငယ်များ အနေဖြင့် အိမ်သုံးလိုင်စင်စက်လှေများ အဖြစ်သာ အသုံးပြုရန်၊ ခရီးသည်များ တင်ဆောင် ပြေးဆွဲခြင်းမပြုရန်နှင့် အသုံးပြုခွင့်အမိန့်များကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် သွားရောက်လုပ်ဆောင်ကြရန် စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

"ဟွန်ဒါစက်တပ်လှေတွေက သေးတယ်။ စက်လှေကိုယ်ထည်သေးတဲ့အတွက် ခရီးသည်တွေတင်ရင် အန္တရာယ်များတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အသုံးပြုခွင့်ပြုအမိန့်တွေလည်း ထုတ်ပေးနေသာနဲ့ပြေးဆွဲခွင့် အမိန့်လည်းလုပ်ထားတာ မရှိကြဘူး။ ဒါကြောင့်အခုလို ညွှန်ကြားချက်ထုတ်ပြန်တာဖြစ်တယ်။ ပြေးဆွဲခွင့်အမိန့်ထုတ်ပေးရင်တောင်မှ ခရီးသည်တင်ပြေးဆွဲခွင့် ထုတ်ပေးတာမဟုတ်ဘူး။ မိသားစုသုံးအတွက် ထုတ်ပေးမှာဖြစ်တယ်"ဟု တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်သန်းက ပြောသည်။

ညွှန်ကြားချက်များကို ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မုံရွာ၊ ကနီ၊ မင်းကင်း၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးမြို့နယ်များရှိ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီများသို့ ဩဂုတ်လတတိယပတ်အတွင်းက အကြောင်းကြားထားခြင်းဖြစ်ပြီး ၎င်းကော်မတီများက မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဟွန်ဒါစက်တပ်ရေယာဉ် အသုံးပြုသူများကို ဆက်လက် အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# ရန်ကုန်-မန္တလေးခရီးကို ရထားဖြင့် အချိန်တိုအတွင်းသွားနိုင်ရန် လမ်းပိုင်းအဆင့်မြှင့်တင်မှု စတင်မည်

**သတင်းဆောင်းပါး - သန်းထိုက်**




ဩဂုတ် ၁၃ ရက်က ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် ရထားသံလမ်းများကို သင်္ဘောပေါ်မှ သယ်ချနေစဉ်။ ဓာတ်ပုံ - သန်းစိုး

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မှမန္တလေးမြို့သို့ အမြန်ရထားခရီးစဉ်ကို အချိန် ၁၄ နာရီကြာ ခုတ်မောင်းရရာမှ ဖွံ့ဖြိုးတိုးတက်လာသည့် ခေတ်နှင့်အညီ မြန်ဆန်ချောမွေ့စေရန်အတွက် အချိန်ရှစ်နာရီဖြင့် ရောက်ရှိနိုင်မည့် ရထားလမ်းပိုင်းအဆင့်မြှင့်တင်မှုကို မြန်မာ့မီးရထားက အောက်တိုဘာ ၁ ရက်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။

**သံလမ်းများ ရန်ကုန်ဆိပ်ကမ်းသို့ဝင်ရောက်**

မီးရထားလမ်း အဆင့်မြှင့်တင်ရန် သံလမ်းများကို ဂျပန်နိုင်ငံမှ ရန်ကုန်ဆိပ်ကမ်းသို့ ပို့ဆောင်ပေးလျက်ရှိရာ သင်္ဘောလေးခေါက် ဝင်ရောက်ထားပြီး နောက်ဆုံးအခေါက်သည် ဩဂုတ် ၁၃ ရက်က ရောက်ရှိခဲ့သည်။ သင်္ဘောလေးခေါက်အနက် သုံးခေါက်တွင် တစ်ခေါက်လျှင် သံလမ်းအချောင်းရေ ၁၂၆၀(တန်ချိန် ၃၀၀၀ ခန့်)နှင့် တတိယအခေါက်တွင် သံလမ်းအချောင်းရေ ၁၃၈၅ ချောင်းတို့ ပါဝင်ခဲ့ကာ အဆိုပါ သံလမ်းများကို သတ်မှတ်နေရာများသို့ ရထားများဖြင့် သယ်ဆောင်ထားပြီးဖြစ်သည်။ ဂျပန်နိုင်ငံမှ သံလမ်းများကို တင်လာသော သင်္ဘောများမှာ ရန်ကုန်ဆိပ်ကမ်းသို့ မေလမှစ၍ ဝင်ရောက်ခဲ့ခြင်းဖြစ်ကာ လမ်းအဆင့်မြှင့်တင်မှုတစ်ခုလုံးအတွက် သင်္ဘော ၂၀ စီး ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ကြိုတင်ပြင်ဆင် စုဆောင်းထားရှိ**

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းကြီးတစ်ခုလုံး အဆင့်မြှင့်တင်ပြီးစီးပါက ပြည်သူများအနေဖြင့် အချိန်တိုအတွင်း မီးရထားဖြင့် ခရီးသွားလာနိုင်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် လမ်းပိုင်းအဆင့်မြှင့်တင်ရန် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိရာ သံလမ်းများတင်သွင်းခြင်း၊ ကုန်ကြမ်းပစ္စည်းတင်သွင်းခြင်း၊ လုပ်ငန်းအခြေစိုက်ရုံးများတည်ဆောက်ခြင်းတို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ဇလီဖားတုံး၊ ကွန်ကရစ်ဇလီဖားတုံးနှင့် လမ်းခင်းကျောက်များကို ပျဉ်ပုံကြီး၊ ဘုရားကြီး၊ ထုံးကြီးနှင့် ကတုတ်ဘူတာတို့၌ ကြိုတင်ပြင်ဆင် စုဆောင်းထားရှိကြောင်း သိရသည်။

**အခြေစိုက်ရုံးများ တည်ဆောက်ပြီးဖြစ်**

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုတွင် ရန်ကုန်-တောင်ငူ လမ်းပိုင်းနှင့် မန္တလေး-တောင်ငူ လမ်းပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်-တောင်ငူအပိုင်းတွင် ကန်ထရိုက်တာသုံးဦးက တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်ပုဇွန်တောင်မှ ပဲခူးအထိ တစ်ဦး၊ ပဲခူးမှ ညောင်လေးပင်အထိ တစ်ဦးနှင့် ညောင်လေးပင်မှ တောင်ငူအထိ တစ်ဦးဖြစ်ကြောင်း၊ အဆိုပါ အပိုင်းသုံးပိုင်းအတွက် သက်ဆိုင်ရာ ကန်ထရိုက်တာများက အခြေစိုက်ရုံးများတွင် ကုန်ကြမ်းပစ္စည်းများကို သိုလှောင်လျက်ရှိကြောင်း၊ အခြေစိုက်ရုံး CP-101 ကို ရွာသာကြီး၊ ထုံးကြီးနှင့် ကျောက်တန်းကြား၊ CP-102 ကို ပြွန်တန်ဆာနှင့် CP-103 ကို အုတ်တွင်း၌ တည်ဆောက်ထားပြီးဖြစ်သည်။

> **“ဘူတာနှစ်ခုကြား၌ သံလမ်းဆက်ပြား သုံးစွဲခြင်းမပြုဘဲ သံလမ်းများကို ဝရိန်တို့ကာ သံလမ်းအဆက်မရှိသောစနစ်ကို အသုံးပြုသွားမည်ဖြစ်၍ ရထားစီးနင်းရာတွင် ခုန်ခြင်း၊ ခါယမ်းခြင်းများမရှိဘဲ စီးနင်းနိုင်အောင် ဝန်ဆောင်မှုပေးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိ”**

**လုပ်ငန်းကာလတွင် ပြေးဆွဲနှုန်းလျှော့ချမည်**

လက်ရှိအချိန်တွင် ရန်ကုန်-မန္တလေး ရထားလမ်းပေါ်၌ နေ့စဉ်ခရီးစဉ်များအဖြစ် ရန်ကုန်-မန္တလေး အစုန်-အဆန် အမြန်ရထား ခြောက်စီး၊ စာပို့ရထား နှစ်စီး၊ ရန်ကုန်-နေပြည်တော် အစုန်-အဆန် ရထားလေးစီး၊ ရန်ကုန်-ပဲခူး လော်ကယ်ရထား၊ သဃ်န်းကျွန်း-တောင်ငူ လော်ကယ်ရထား၊ တောင်ငူ-သာစည်-မြို့ဟောင်း လော်ကယ်ရထား၊ ရန်ကုန်-မော်လမြိုင် အစုန်-အဆန် အမြန်ရထားလေးစင်း၊ ရန်ကုန်-ထားဝယ် အစုန်-အဆန်ရထားနှစ်စင်းတို့ကို နေ့စဉ် ပြေးဆွဲပေးလျက်ရှိသည်။

ယခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ ရန်ကုန်-မန္တလေးလမ်းပိုင်း စတင်အဆင့်မြှင့်တင်ချိန်တွင် တစ်လမ်းသွားစနစ်ကိုသာ အသုံးပြုမည်ဖြစ်၍ လက်ရှိပြေးဆွဲနေသော အထက်ပါ ရထားများထဲမှ အချို့ကို လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**လုပ်ငန်းညှိနှိုင်းဆောင်ရွက်**

ရန်ကုန်-တောင်ငူ လမ်းပိုင်းအဆင့်မြှင့်တင်မှုကို အပိုင်း-၁ အဖြစ် အောက်တိုဘာ ၁ ရက်တွင် စတင်ဆောင်ရွက်တော့မည်ဖြစ်သော်လည်း မန္တလေး- တောင်ငူ အပိုင်း-၂ အပိုင်းကို ၂၀၂၀ ခုနှစ်တွင်မှ အဆင့်မြှင့်တင်မှု စတင်ဆောင်ရွက်သွားမည်ဖြစ်ကာ ယခုအခါ မြေပြင်ဆာဗေးတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း၊ အပိုင်း-၁ တွင် ရထားလမ်းမိုင် ၁၆၆ မိုင်ရှိပြီး အပိုင်း-၂ တွင် ရထားလမ်းမိုင်မှာ ၂၁၉ ဒသမ ၅ မိုင်ရှိကြောင်း၊ အပိုင်း-၂ အဆင့်မြှင့်တင်ရာတွင်လည်း လုပ်ငန်းလျာထားချက်အတိုင်း မြန်မာ့မီးရထားနှင့် ကန်ထရိုက်တာများ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အချိန်တိုအတွင်း သွားလာနိုင်မည်**

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုကို ဂျပန်နိုင်ငံမှချေးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ ရထားတွဲဆိုင်းများ ဝယ်ယူမှုသည်လည်း ချေးငွေ၏တစ်ဝက်ခန့် ရှိသောကြောင့် လမ်းပိုင်းကောင်းမွန်လာမှုနှင့်အတူ အဆင့်မြင့်ရထားတွဲဆိုင်းများဖြင့် မြန်မာ့ရထား၏ ခရီးသွားလုပ်ငန်းပြောင်းလဲတိုးတက်မှုကို နှစ်အနည်းငယ်အတွင်း တွေ့မြင်ရမည်ဖြစ်သည်။

ဂျပန်နိုင်ငံမှဝယ်ယူမည့် DEMU တွဲဆိုင်းများသည် ဒီဇယ်၊ လျှပ်စစ် စွမ်းအင်နှစ်မျိုးဖြင့် ပြေးဆွဲနိုင်ပြီး ဦးစွာဒီဇယ်ဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း၊ DEMU တွဲဆိုင်းများအနေဖြင့် တွဲဆိုင်းတစ်ဆိုင်းလျှင် ခြောက်တွဲဖြင့် ပြေးဆွဲပါက တစ်တွဲစီတိုင်းတွင် စက်ခေါင်းအင်ဂျင်များပါရှိသဖြင့် ဆွဲအားပိုမိုကောင်းမွန်ကာ ယခင် ၁၄ နာရီကြာ ပြေးဆွဲရသည့် ခရီးစဉ်ကို ရှစ်နာရီဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခုန်ခြင်း၊ ခါယမ်းခြင်း မရှိသောစနစ်**

ရန်ကုန်-မန္တလေးလမ်းတွင် လက်ရှိ အသုံးပြုနေသော သံလမ်းမှာ ၃၉ ပေအရှည် သံလမ်းများဖြစ်ကာ ယခု အဆင့်မြှင့်တင်ရန် ဂျပန်နိုင်ငံမှ မှာယူနေသော သံလမ်းများမှာ ၈၂ ပေရှည်သည့် သံလမ်းများဖြစ်သည်။ ဘူတာနှစ်ခုကြား၌ သံလမ်းဆက်ပြား သုံးစွဲခြင်းမပြုဘဲ သံလမ်းများကို ဝရိန်တို့ကာ သံလမ်းအဆက်မရှိသောစနစ်ကို အသုံးပြုသွားမည်ဖြစ်ပြီး ရထားစီးနင်းရာတွင် ခုန်ခြင်း၊ ခါယမ်းခြင်းများမရှိဘဲ စီးနင်းနိုင်အောင် ဝန်ဆောင်မှုပေးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရထားလမ်း အဆင့်မြှင့်တင်ခြင်းအတွက် သံလမ်းအလေးချိန် တန် ၆၃၀၀၀ ခန့် အသုံးပြုရမည်ဖြစ်ပြီး တစ်လလျှင် အနည်းဆုံး သင်္ဘောတစ်ခေါက်နှုန်းဖြင့် ၂၀ ခေါက် ဝင်ရောက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် သင်္ဘော လေးခေါက် ဝင်ရောက်ပြီးဖြစ်ကာ လုပ်ငန်းဆောင်ရွက်နေစဉ် သင်္ဘောများ ပုံမှန်ဝင်ရောက်ခြင်းဖြင့် လမ်းအဆင့်မြှင့်တင်မှုနှင့် သံလမ်းများဝင်ရောက်မှုကို ဟန်ချက်ညီအောင် ပြင်ဆင်ထားရှိကြောင်း သိရသည်။

**ဝမ်းသာဂုဏ်ယူ**

မြန်မာ့မီးရထား တိုင်း(၇)မှ လက်ထောက်မန်နေဂျာ ဦးကျော်မျိုးလွင်က “မီးရထားဝန်ထမ်းဖြစ်သလို နိုင်ငံ့ဝန်ထမ်းလည်းဖြစ်တယ်ဆိုတော့ ပြည်သူကို ဝန်ဆောင်မှုပေးရတာပေါ့။ ပြည်သူ့ဝန်ထမ်းဆိုတော့ ပြည်သူတွေကို အကောင်းဆုံး ခရီးသွားဝန်ဆောင်မှု ပေးလိုပါတယ်။ ဒါပေမယ့် အကြောင်းကြောင်းတွေကြောင့် မီးရထားခရီးသွားလုပ်ငန်း မှေးမှိန်လာချိန်မှာ ဂျပန်နိုင်ငံချေးငွေနဲ့ မီးရထားကဏ္ဍအဆင့်မြှင့်တင်မှုကို လုပ်ဆောင်နိုင်တာဟာ မြန်မာ့မီးရထား အနာဂတ်အတွက် ကောင်းမွန်လာသလို ခရီးသွားပြည်သူတွေရဲ့ အနာဂတ်အတွက်လည်း ဝန်ဆောင်မှုကောင်း ရရှိဖို့ လင်းရောင်ခြည်တစ်ခုပါပဲ။ ဒါကြောင့် ဝန်ဆောင်မှုကောင်းတွေပေးနိုင်အောင် လုပ်ဆောင်နေတဲ့ကာလအတွင်းမှာ အခက်အခဲအချို့ ရှိနိုင်တာကို သည်းခံနားလည်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ အခုလို လုပ်ဆောင်နိုင်မှုအပေါ်မှာလည်း ဝမ်းသာဂုဏ်ယူပါတယ်” ဟု ပြောကြားသည်။

မကြာမီ အောက်တိုဘာ ၁ ရက်မှစ၍ ရန်ကုန်-မန္တလေး ရထားလမ်း၏ ရန်ကုန်-တောင်ငူလမ်းပိုင်း အဆင့်မြှင့်တင်မှုကို စတင်မည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ပြီးစီးရန် လျာထားကြောင်း၊ လုပ်ငန်းပြီးစီးသွားပါက ဂျပန်နိုင်ငံမှ DEMU တွဲဆိုင်းများဖြင့် ရထားစီး ခရီးသွားပြည်သူများအား ရန်ကုန်မှ မန္တလေးသို့ အချိန်တိုအတွင်း သွားလာနိုင်ရန် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ။



ရထားသံလမ်းများကို ရန်ကုန်ဆိပ်ကမ်းမှ သယ်ဆောင်နေစဉ်။ ဓာတ်ပုံ - သန်းစိုး




လမ်းအဆင့်မြှင့်တင်မှု စတင်ဆောင်ရွက်မည့် ရန်ကုန် ပုဇွန်တောင်မှ ပဲခူးကြား လမ်းပိုင်းတစ်နေရာ။ ဓာတ်ပုံ - သန်းစိုး

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ပြည်ပသို့သွားရောက်မည့် မြန်မာအားကစားအဖွဲ့များနှင့် တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ပသို့သွားရောက်မည့် မြန်မာအားကစားအဖွဲ့များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးအမှတ်(၃၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြေးခုန်ပစ်၊ စက်ဘီး၊ ဂျူဒို၊ ကြက်တောင်၊ စားပွဲတင်တင်းနစ် အားကစားနည်းများမှ တာဝန်ရှိသူများနှင့် နည်းပြများ တက်ရောက်ခဲ့ကြသည်။

ရေးဦးစွာ အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါမည့် ဦးစိုးအောင်က ပြိုင်ပွဲဝင် အားကစားသမားများ၏ လေ့ကျင့်ရေးပိုင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၊ ပြေးခုန်ပစ် အားကစားအဖွဲ့ချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ အုပ်ချုပ်သူ၊ နည်းပြများက အားကစားနည်းအလိုက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မိမိတို့၏ အားကစားပုံရိပ်ကို နိုင်ငံတကာအလယ်တွင် မြှင့်တင်နိုင်ရန် လိုအပ်ကြောင်း၊ အားကစားသမားများ အနေဖြင့် သွားရောက်လေ့ကျင့်သည့် အခါတွင် ဝတ်စားဆင်ယင်မှု၊ အနေအထိုင်၊ အသွားအလာပိုင်းများတွင် မိမိတို့နိုင်ငံဂုဏ်တင့်တယ်အောင် နေထိုင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## မလှိုင်မြို့နယ် ကံမြင့်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် အလှူရှင်များလိုအပ်နေ

**မလှိုင် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကံမြင့်ကျေးရွာ၌ လွန်ခဲ့သော နှစ် ၁၀၀ ကျော်က တည်ရှိခဲ့သော ရွှေတမာ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းနေ ရဟန်းသံဃာများအတွက် သီတင်းသုံးနေထိုင်ရန် အဆောက်အအုံ အခက်အခဲနှင့် ကျောင်းဝင်းသို့ဝင်ရာလမ်း ဖောက်လုပ်ရန် အခက်အခဲများ ကြုံတွေ့နေရသဖြင့် အလှူရှင်များလိုအပ်နေကြောင်း ကံမြင့်ကျေးရွာနေပြည်သူများထံမှ သိရသည်။

ရွှေတမာဘုန်းတော်ကြီးကျောင်းတွင် သိမ်ဆောက်ရန်အတွက် မြေနေရာကို မြေအလှူရှင်က လှူဒါန်းပြီး သိမ်အဆောက်အအုံကိုလည်း အလှူရှင်တစ်ဦးက ကျပ်သိန်း ၁၀၀ ကျော် အကုန်အကျခံ လှူဒါန်းမှုဖြင့် ယခုအခါ သိမ်ကို စတင် ဆောက်လုပ်နေပြီဖြစ်ကြောင်း၊ သို့သော် တောထဲတွင်ရှိသော ရွှေတမာကျောင်းအတွက် ကျောင်းသို့ဝင်ရာလမ်းမရှိသလို ကျောင်းဝင်းပရိဝုဏ် သတ်သတ်မှတ်မှတ်လည်း မရှိသေးသဖြင့် အလှူရှင်များ ထပ်မံလိုအပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းထိုင်ဆရာတော်က "ဦးပဉ္စင်း စရောက်စဉ်က ဗွန်း၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးကအစ မရှိခဲ့ပါဘူး။ ထရံဆောင်လေးနဲ့ နေခဲ့ရပါတယ်။ ဦးပဉ္စင်းအနေနဲ့ကတော့ သာသနာတော်အတွက် အများကြီး ဆောင်ရွက်ချင်ပေမယ့် နေစရာ မရှိသေးဘူးလေ။ ရှေ့လထဲမှာဆို ပဋ္ဌာန်းပွဲတွေ၊ ဆွမ်းလောင်းပွဲတွေ အများကြီးရှိတယ်။ အဆောက်အအုံ မပြည့်စုံသေးတော့ ဘာမှလုပ်မရသေးဘူး။ သံဃာက ဆယ်ပါးလောက် ရှိပါတယ်၊ ဦးပဉ္စင်းကတော့ သံဃာတော်တွေနားနေဖို့ အဆောင်တွေ၊ လမ်းလေးတွေအတွက် ဒကာတွေပေါ်ဖို့ မျှော်လင့်နေပါတယ်"ဟု မိန့်ကြားသည်။

ကံမြင့်ကျေးရွာတွင် အိမ်ထောင်စု ၅၀ ဝန်းကျင်ခန့်ရှိပြီး လူဦးရေမှာ ၁၅၀ ခန့်ရှိသည်။ ရွှေတမာဘုန်းတော်ကြီးကျောင်းမှာ ကံမြင့်ကျေးရွာ၏ တစ်ခုတည်းသော ဘုန်းတော်ကြီးကျောင်းဖြစ်ပြီး လက်ရှိအချိန်တွင် ကျောင်းအတွက် အလှူရှင်များလိုအပ်နေကြောင်း ကျေးရွာနေပြည်သူများ၏ ပြောကြားချက်များအရ သိရသည်။

**ဘိုဘို(မလှိုင်)**

## စက္ကူပါလာဒိဖောင်ဒေးရှင်းမှ (၁၁)ကြိမ်မြောက် မျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ကုသ

**ဟသ်ာတ ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် စက္ကူပါလာဒိဖောင်ဒေးရှင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် (၁၁) ကြိမ်မြောက် မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းကို ယမန်နေ့က မိုးကောင်း ပရိယတ္တိစာသင်တိုက်ကြီးအတွင်းရှိ အဆိုပါဖောင်ဒေးရှင်း မျက်စိခွဲစိတ်ကုသဆောင်၌ ကုသပေးနေကြောင်း သိရသည်။

"ကျွန်တော်တို့က မြို့ပေါ်ရပ်ကွက်မှာရှိတဲ့ မျက်စိဝေဒနာရှင်တွေသိအောင် လိုက်လံ ကြေညာပေးထားတယ်။ နယ်ဘက်ကျေးရွာတွေကိုတော့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေ၊ ပရဟိတအဖွဲ့တွေ ကူညီမှုနဲ့ ပြည်သူတွေသိအောင် လုပ်ထားတယ်။ ဟသ်ာတခရိုင်ဆိုပေမယ့် အခြားတိုင်းဒေသကြီး၊ မြို့နယ်တွေကလာရောက် ကုသသူတွေကိုလည်း ကုသပေးနေပါတယ်"ဟု စက္ကူပါလာဒိဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောသည်။

"ကားဂိတ်၊ ရထားဘူတာရုံနဲ့ ရေလမ်းကြောင်းမှ မျက်စိပြသဖို့လာတဲ့သူတွေကို ကြို/ပို့ ယာဉ်တွေနဲ့ ပို့ဆောင်ပေးတယ်။ ပြန်ဖို့အခက်အခဲရှိတဲ့ လူနာတွေအတွက် ညပိုင်းတည်းခိုနေထိုင်ဖို့ စီစဉ်ပေးထားပါတယ်" ဟု စက္ကူပါလာဒိဖောင်ဒေးရှင်းဘဏ္ဍာရေးမှူး ဦးဝင်းဇော်ထံမှ သိရသည်။

ယင်းမျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ကုသခြင်းကို မိုးကောင်းကျောင်းတိုက်ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ဟသ်ာတခရိုင် စက္ကူပါလာဒိဖောင်ဒေးရှင်း ဥက္ကဋ္ဌ သီရိပျံချီဦးဌေးဦး၏ ဦးဆောင်မှုဖြင့် ကော်မတီအဖွဲ့များက အနီးကပ်ကြီးကြပ်၍ ကရုဏာလုလင်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့နှင့် ဒေသခံလူမှုရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များက ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြပြီး မွန်းလွဲပိုင်းထိ ဟသ်ာမြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင် ၈၅၀ ကျော် နှင့် မကွေးတိုင်းဒေသကြီး ကံမမြို့နယ်မှ သံဃာတော်များအပါအဝင် လူနာ ၁၅၀ ကျော်ကို စမ်းသပ်ခွဲစိတ် ကုသပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမဲ့ကုသခြင်းကို ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး နယ်ပယ်ဒေသအသီးသီးမှ မျက်စိဝေဒနာရှင်များ လာရောက်စာရင်းပေးကုသနိုင်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## ငါ့သရောက်မြို့ စွန်သိုက်ချောင်းရေ ရေလျှံခြင်းကြောင့် ဖောယာဉ်တစ်စီးနစ်မြုပ်

**ငါ့သရောက် ဩဂုတ် ၂၄**



မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့တွင် ယနေ့မွန်းလွဲ ၂ နာရီခွဲခန့်က ရွာခဲ့သည့် မိုးကြောင့် စွန်သိုက်ချောင်း ချောင်းရေကျော်ကာ သဲတင်နေသည့် ဖောယာဉ်တစ်စီး သဲနစ်မြုပ်နေကြောင်း**(ယာပုံ)** ငါ့သရောက်မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းထံက သိရသည်။

အဆိုပါ မိုးရွာမှုသည် ငါ့သရောက်မြို့ပေါ်တွင် မိုးရွာသွန်းမှု နည်းပါးသော်လည်း မြို့အရှေ့ဘက် ကမ္ဘအုပ်စု သနပ်ပင်ကျေးရွာဘက်နှင့် တောပျားကျေးရွာဘက်တွင် မိုးသည်းထန်စွာ ရွာမှုကြောင့် စွန်သိုက်ချောင်းရေကျခြင်းဖြစ်ကြောင်း သိရသည်။ ချောင်းအထက်ဘက် မိုးရွာနေသည်ကို မသိရှိဘဲ သဲတင်နေသည့် ဖောယာဉ်တစ်စီးသည် ချောင်းရေကျလာမှ သိရှိကာ ယာဉ်စက်နှိုးချိန် ဘက်ထရီချွတ်ယွင်းသဖြင့် ယာဉ်ကိုထားခဲ့ရကြောင်း၊ ချောင်းရေနည်းချိန်မှ ငါ့သရောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် ဆွဲယူခြင်း၊ ဖောယာဉ်နောက်မှ ထွန်စက်ဂေါ်ဖြင့် တွန်းတင်ခြင်းများ ဆောင်ရွက်ကာ ချောင်းပေါ်သို့ဆွဲထုတ်ခဲ့ရကြောင်း သိရသည်။

**ချောင်းမကူးနိုင်ဘဲ စောင့်ဆိုင်းခဲ့ရ**

အဆိုပါ စွန်သိုက်ချောင်းရေကြောင့် ငါ့သရောက်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ တက်ရောက်နေသည့် ဆည်ကျေးရွာ၊ တမာခါးကျေးရွာမှ ကျောင်းသား ကျောင်းသူများ လေးဆယ့်ငါးမိနစ်ခန့် ချောင်းမကူးနိုင်ဘဲ စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



## တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေလှောင်တမံ ၂၆ ခုတွင် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများအနက် အချို့သောရေလှောင်တမံများတွင် မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်မှတ်ထက်ကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်မှတ်ထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံ ၂၆ ခုရှိသည်။ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသော ရေလှောင်တမံများမှာ လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘုတ်ရေလှောင်တမံတွင် ၁ ဒသမ ၆၀ ပေ၊ ဖလမ်းမြို့နယ်ရှိ လိုင်ဗားရေလှောင်တမံတွင် ၀ ဒသမ ၄၀ ပေ၊ ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံတွင် ၁ ဒသမ ၇၀ ပေ၊ အုတ်တွင်းမြို့နယ်ရှိ ရေသိုးရေလှောင်တမံတွင် ၁ ဒသမ ၄၀ ပေနှင့် မင်းရဲရေလှောင်တမံတွင် ၀ ဒသမ ၃၀ ပေ၊ ဖြူးမြို့နယ်ရှိ ငမြွေရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေနှင့် ဖြူးချောင်းရေလှောင်တမံတွင် ၃ ဒသမ ၃၀ ပေ၊ ဒိုက်ဦးမြို့နယ်ရှိ ဘောနီရေလှောင်တမံတွင် ၀ ဒသမ ၈၀ ပေ၊ ပျဉ်ပုံကြီး ရေလှောင်တမံတွင် ၁ ဒသမ ၁၀ ပေ၊ ပဲခူးမြို့ရှိ ရွှေပြည်(၃)ရေလှောင်တမံတွင် ၀ ဒသမ ၄၀ ပေ၊ နတ္တလင်းမြို့နယ်ရှိ တောင်ညိုရေလှောင်တမံတွင် ၂ ဒသမ ၁၀ ပေ၊ ဂန့်ဂေါမြို့နယ်ရှိ မြစ်သာရေလှောင်တမံတွင် ၀ ဒသမ ၉၀ ပေ၊ စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံတွင် ၂ ဒသမ ၁၀ ပေ၊ ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံတွင် ၀ ဒသမ ၈၀ ပေ၊ ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေလှောင်တမံတွင် ၃ ဒသမ ၄၀ ပေ ၊ သထုံမြို့နယ်ရှိ ဝါးပါးရေလှောင်တမံတွင် ၀ ဒသမ ၂၅ ပေ၊ ပေါင်မြို့နယ်ရှိ ကတိုက်ရေလှောင်တမံတွင် ၀ ဒသမ ၄၀ ပေ၊ မော်လမြိုင်မြို့နယ်ရှိ ရွှေနတ်တောင်ရေလှောင်တမံတွင် ၀ ဒသမ ၉၅ ပေ၊ မုဒုံမြို့နယ်ရှိ အဇင်းရေလှောင်တမံတွင် ၀ ဒသမ ၂၀ ပေ၊ ကျောက်တော်မြို့နယ်ရှိ ပြိုင်းချောင်းရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေ၊ ရှောက်ချောင်းရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေ၊ မင်းပြားမြို့နယ်ရှိ ဂရင်ဂျိုင်ရေလှောင်တမံတွင် ၀ ဒသမ ၃၀ ပေ၊ မြေပုံမြို့နယ်ရှိ တမန်းဒူးရေလှောင်တမံတွင် ၀ ဒသမ ၂၀ ပေ၊ ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်း ရေလှောင်တမံတွင် ၀ ဒသမ ၃၅ ပေ၊ အင်္ဂပူမြို့နယ်ရှိ နန်ကသူ ရေလှောင်တမံတွင် ၀ ဒသမ ၄၀ ပေ နှင့် ကညင်ရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေ ရေများကျော်ကျလျက်ရှိသည်။ **သတင်းစဉ်**

## အချစ်ဆုံး Crush ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၂၉ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန် ဩဂုတ် ၂၄**

အချစ်ဆုံး Crush ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၂၉ ရက်တွင် တစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ယမန်နေ့က ရန်ကုန်မြို့ သမ္မတ ရုပ်ရှင်ရုံတွင် ပြသသည့် ရုပ်ရှင်အထူးပြပွဲမှ သိရသည်။

အချစ်ဆုံး Crush ရုပ်ရှင်ဇာတ်ကားကို ဝတ္ထု၊ စန္ဒာဝင်းထွန်း၊ ဇာတ်ညွှန်း နေနေ၁်၊ ဒါရိုက်တာ အောင်ဇော်လင်း၊ အကယ်ဒမီ မြင့်မြတ်၊ အိချောပို၊ သင်ဇာဝင့်ကျော်၊ မေမြင့်မိုရ်၊ နေနေ၁်၊ ကေညီ၊ ထူးသာ၊ စိန်သီး၊ ချောချော၊ တင်ဇာဝင်းပြည့်၊ ထက်မြင့်မိုရ်နှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး နယူးဖိုးဝ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားသည်။

၎င်းဇာတ်ကားနှင့် ပတ်သက်၍ သရုပ်ဆောင် သင်ဇာဝင့်ကျော်က "Crush က ကိုယ့်ရင်ထဲမှာ တကယ်ချစ်နေတဲ့သူကို သတ်မှတ်ထားတာပါ။ ဒီကားထဲမှာ ကိုမြင့်မြတ်က ပွေတယ်။ ကိုယ်က သူ့ကို လိုက်ရတဲ့ပုံစံမျိုး၊ သူက ကိုယ့်ကို ကြိုက်လာအောင် သွေးဆောင်ဖြားယောင်းရတဲ့ပုံစံမျိုး၊ အပြောအဆို အက်ရှင်အကြည့်တွေက အစ အရင်က အဲဒီလိုမလုပ်ဖူးတော့ ဒီမှာ ကြိုးစားထားရပါတယ်။ အဓိက အချစ်ဇာတ်လမ်းပါ။ မိန်းကလေးသုံးယောက်ရဲ့ မတူညီတဲ့ အချစ်တွေနဲ့ ချစ်ကြတဲ့ ဇာတ်လမ်းပါ။ ဒီထဲက ကာရိုက်တာလေးက ကိုယ့်ချစ်သူကို နားလည်မှုပေးတဲ့ ချစ်သူတစ်ယောက်အနေနဲ့ပါ။ ပရိသတ်ကြီး လာရောက်ကြည့်ရှုပေးပါ။ ဘယ်သူ့ကို အချစ်ဆုံးလဲဆိုတာ လာကြည့်ပေးပါ"ဟု ပြောသည်။

"Crush ဆိုတာနဲ့ ပတ်သက်လို့ ချစ်တာကို ရင်ဘတ်တွေနဲ့ ချစ်ကြပါလို့ ပြောချင်ပါတယ်။ ငွေကြေးဥစ္စာတွေနဲ့ မချစ်ကြပါနဲ့။ ဖေ့စ်ဘွတ်ပေါ်မှာ မြင်နေရတဲ့အတိုင်း မချစ်သင့်တာတွေနဲ့ ချစ်မိရင် အသက်တွေပါပေးရမယ်။ ရင်ဘတ်တွေနဲ့ ချစ်စေချင်ပါတယ်လို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် စိန်သီးက ပြောသည်။

**သန့်ဇင်ဝင်း**



## ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၄**

ဩဂုတ် ၂၆ ရက်မှ ၃၀ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၅ အသင်းသည် ယနေ့ နံနက်ပိုင်းက ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ ယူ-၁၅ အမျိုးသားအသင်းတွင် အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ခုနစ်ဦး၊ ကစားသမား ၁၈ ဦး လိုက်ပါသွားသည်။ ယင်းပြိုင်ပွဲကို ဥရောပဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်ပြီး တောင်ကိုရီးယား၊ ရုရှား၊ မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများကို ဩဂုတ် ၂၆၊ ၂၈၊ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၂၆ ရက်တွင် မြန်မာနှင့် ဗီယက်နမ်၊ ရုရှားနှင့် တောင်ကိုရီးယား၊ ဩဂုတ် ၂၈ ရက်တွင် မြန်မာနှင့် တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် ရုရှား၊ ဩဂုတ် ၃၀ ရက်တွင် မြန်မာနှင့် ရုရှား၊ ဗီယက်နမ်နှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအသင်းသည် စက်တင်ဘာတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၀ အာရှ ယူ-၁၆ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဖိတ်ခေါ်ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်လျက်ရှိပြီး ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ မန္တလေးမြို့၌ ကျင်းပခဲ့သည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းအသင်းကို ဦးမင်းသူက ကိုင်တွယ်နေပြီး မြန်မာ ယူ-၁၅ အသင်းကို ကိုင်တွယ်သည့်ကာလ တစ်လမပြည့်ခင်မှာပင် နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-MFF**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၇ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ဘောလုံးအသင်း လက်ရွေးစင် ၁၈ ဦး ရွေးချယ်

**မန္တလေး ဩဂုတ် ၂၄**

နေပြည်တော်တွင် စက်တင်ဘာ ၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၇ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မန္တလေးတိုင်းဒေသကြီး ပဏာမဘောလုံးအသင်းသည် ရွှေမန်းတောင်ကွင်းတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုလက်ရွေးစင် ၁၈ ဦးအဖြစ် မတ္တရာမြို့နယ်မှ ဝေယံလင်းထွန်း၊ ခန့်ကိုကို၊ တာယာဝင်းထက်၊ ဇော်ဇော်လွင်နှင့် ဇေယျာစိုး၊ ပုသိမ်ကြီးမြို့နယ်မှ ခန့်မင်းသန့်၊ နိုင်သူနှင့် ချစ်သဲဝေ၊ အမရပူရမြို့နယ်မှ ဟိန်းထက်ဇံ၊ ကောင်းမြတ်ကျော်နှင့် ဝေယံမင်း၊ ဝမ်းတွင်းမြို့နယ်မှ အောင်မိုးနှင့် ပြည့်ဖြိုးအောင်၊ ပြည်ကြီးတံခွန်မြို့နယ်မှ ရဲထက်ကျော်၊ ငါန်းဇွန်မြို့နယ်မှ ဇော်ဝင်းထက်၊ မိုးကုတ်မြို့နယ်မှ မင်းသူရကျော်၊ ပြင်ဦးလွင်မြို့နယ်မှ ဝေဖြိုးကိုကိုနှင့် တံတားဦးမြို့နယ်မှ ရဲထက်အောင်တို့ကို ရွေးချယ်လိုက်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် တိုင်းအောင်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝေဇင်၊ အဖွဲ့ခေါင်းဆောင်အဖြစ် တိုင်းလက်ရွေးစင်ဟောင်း ဦးရဲလင်း(စိန်မြင့်မိုရ်)နှင့် နည်းပြချုပ်အဖြစ် (အား/ကာ သိပ္ပံ) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ နည်းပြအဖွဲ့ဝင်များအဖြစ် ဦးအောင်ကျော်မိုး၊ ဦးဇော်ဝင်းထွန်း၊ ဦးအောင်ကျော်ဟိန်းနှင့် ဦးမြတ်သီဟကျော် (ဝမ်းတွင်းမြို့နယ် အားကစားမှူး)တို့က ရွှေမန်းတောင် အားကစားကွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အဓိက ပံ့ပိုးကူညီမှုဖြင့် စည်းကမ်းတကျ စခန်းသွင်းလေ့ကျင့်ပြီး အိမ်နီးချင်း စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

**ဝ၄ဝ**

❉ *ကျောဖုံးမှ*

အသက် ၂၄ နှစ်အောက် မီတာ ၂၀၀ ပွဲစဉ်၌ ကနေဒါအသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ မြန်မာအသင်းက တတိယ ရရှိခဲ့သည်။ ယင်းပွဲစဉ်သည်လည်း နှစ်ကြိမ်ယှဉ်ပြိုင်ရပြီး မြန်မာအသင်းသည် ပထမအကြိမ်၌ စံချိန် ၅၁ ဒသမ ၆ စက္ကန့်၊ ဒုတိယအကြိမ်၌ ၅၃ ဒသမ ၃ စက္ကန့်ဖြင့် တတိယရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပြိုင်ပွဲပထမနေ့ ဩဂုတ် ၂၁ ရက်မှ စတုတ္ထနေ့ ဩဂုတ် ၂၄ ရက်အထိ ပွဲစဉ် ၁၂ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေသုံးခု၊ ငွေသုံးခု၊ ကြေးငါးခု ရရှိထားပြီး ဩဂုတ် ၂၅ ရက်တွင် မီတာ ၅၀၀ ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**




## တံခွန်စိုက်ဖလား ဘတ်စကက်ဘော ကွာတားပွဲစဉ်များ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တံခွန်စိုက်ဖလား အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ကွာတားပွဲစဉ်များကို ယနေ့နံနက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ကွာတားပွဲစဉ်များ၌ အမျိုးသားလေးပွဲနှင့် အမျိုးသမီး ပတ်လည်ပြိုင်ပွဲနှစ်ပွဲ ကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲ၌ အသက် ၁၉ နှစ်အထက် စီနီယာကစားသမားများ ဆီးဂိမ်းစခန်းသွင်းထားသည့် ကစားသမားများက ကိုယ်စားပြုကလပ်အသင်းများတွင် ပါဝင်ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲတွင် ဝန်ကြီးဌာနအသင်းများ၊ ကလပ်အသင်းများတွင် အမျိုးသား ၁၉သင်း၊ အမျိုးသမီး ခြောက်သင်း၊ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂၆ အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေကေလင်း**



● *ကျောဖုံးမှ*

ပြိုင်ပွဲဝင်အသင်းအားလုံး အတည်မပြုနိုင်သေးသော်လည်း အိမ်ရှင်တရုတ်နှင့် မြန်မာအပါအဝင် လက်ရွေးစင် လေးသင်းဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို နည်းပြချုပ် ဦးဒွေးမြင့်က ကိုင်တွယ်လျက်ရှိသည်။ လက်ရှိလေ့ကျင့်နေသည့် အသင်းတွင် **အုပ်ချုပ်သူ**-ဦးကြည်မင်းသိန်း၊ **အသင်းအတွင်းရေးမှူး**-ဦးအောင်မော်သိန်း၊ **နည်းပြချုပ်**-ဦးဒွေးမြင့်၊ **လက်ထောက်နည်းပြ**-ဦးကျော်ဇင်ညွန့်၊ **ဂိုးနည်းပြ**-ဦးထွန်းထွန်းလတ်၊ **ဂိုး**-ရန်ပိုင်ဟိန်း၊ ကျော်ထက်အောင် (MIU)၊ ဖွဲပြည့်စုံ (GV Athletic)၊ **ကစားသမား**-ကိုကိုလွင်၊ ခင်ဇော်လင်း၊ ကျော်စိုးမိုး၊ နိုင်ရဲကျော်၊ လှိုင်မင်းထွန်း၊ ပြည့်ဖြိုးမောင်-၂၊ ပြည့်ဖြိုးမောင်-၃၊ ကျော်ကျော်ထွန်း၊ စိုင်းပြုံးအောင် (MIU)၊ မျိုးမြင့်စိုး၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်းကျော်၊ ဝေဇင်ဦး၊ ရဲရင့်ဦး (VUC)၊ ကောင်းချစ်သူ၊ မျိုးသက်အောင် (GV Athletic)၊ ထွဋ်ပြည့်ရှိန်းနှင့် သီဟသူ (မြို့မ YTD) တို့ ပါဝင်ကြသည်။

**ရဲရင့်ရှိန်း**

## ပရီမီယာလိဂ် ပွဲစဉ်(၃) ချယ်လ်ဆီးတို့နိုင် မန်ယူတို့ အိမ်ကွင်း၌ ပဲလေ့စ်ကို ရှုံး

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃)ကို ဩဂုတ် ၂၄ ရက်က ကျင်းပရာ အစောဆုံးပွဲစဉ်အဖြစ် နော့ဝှစ်ချ်နှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးအသင်း အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပွဲစပြီး သုံးမိနစ်၌ အက်ဖ်ပီလီကျူတာ၏ ဖန်တီးမှုမှတစ်ဆင့် အေဘရာဟမ်က ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းယူပြီး ခြောက်မိနစ်တွင် ကန့်ဝဲလ်က နော့ဝှစ်ချ်အတွက် ချေပဂိုး သွင်းယူသည်။ ၁၇ မိနစ်တွင် မာဆန်မောင့်တ်က ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူပြီး မိနစ် ၃၀ တွင် နော့ဝှစ်ချ် တိုက်စစ်မှူး ပွတ်ကီက ချေပဂိုးပြန်လည်သွင်းယူသည်။ ချယ်လ်ဆီးအတွက် အနိုင်ဂိုးကို ပွဲချိန် ၆၈ မိနစ်တွင် အေဘရာဟမ်က သွင်းယူပေးခဲ့သည်။ ယနေ့ပွဲယှဉ်ပြိုင်ခဲ့သည့် နည်းပြသစ် လမ်းပတ်၏ ချယ်လ်ဆီးအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ပထမဦးဆုံး နိုင်ပွဲဖြစ်ခဲ့သည်။ ယင်းပွဲတွင် ဘောလုံးပိုင်ဆိုင်မှုအဖြစ် ချယ်လ်ဆီးအနည်းငယ် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့်မှာ ၂၃ ကြိမ်ထိရရှိကာ ရှစ်ကြိမ် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် နော့ဝှစ်ချ်သည် ဂိုးကန်သွင်းခွင့် ခြောက်ကြိမ်ရရှိကာ ငါးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

အခြားပွဲစဉ်များတွင် ဆောက်သမ်တန်က ဘရိုက်တန်ကို နှစ်ဂိုး-ဂိုးမရှိ၊ လက်စတာက ရှက်ဖီးယူနိုက်တက်ကို နှစ်ဂိုး-တစ်ဂိုး၊ ဝက်စ်ဟမ်းက ဝက်ဖို့ဒ်ကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အဝေးကွင်း နိုင်ပွဲများ ရရှိခဲ့သည်။ မန်ယူနှင့် ပဲလေ့စ်တို့ ပွဲတွင် ပွဲပြီးခါနီး ပဲလေ့စ်တို့၏ သွင်းဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် မန်ယူတို့ ရှုံးခဲ့သည်။ မိနစ် ၇၀ ၌ ရရှိသော ပယ်နယ်တီကို မန်ယူမှ ရက်ဖို့ဒ် ဝင်အောင်မသွင်းနိုင်သဖြင့် နစ်နာခဲ့ရသည်။

**သီဟ**

# ကော့သောင်းမြို့တွင် လူကုန်ကူးမှုကျူးလွန်သူများအား ဖမ်းဆီးအရေးယူ

**ကော့သောင်း ဩဂုတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် စားသောက်ဆိုင် လုပ်ငန်းလုပ်ကိုင်၍ လူကုန်ကူးမှု ကျူးလွန်ခဲ့သူများအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း ဩဂုတ် ၂၃ ရက်က သိရသည်။

ဖြစ်စဉ်မှာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရန်ကြီးအောင်လမ်းတွင် စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်သူ ဒေါ်အေး(၄၀ နှစ်)ပါ သုံးဦးမှာ ဆိုင်တွင် ထမင်းချက်၊ အဝတ်လျှော်ရန် ခေါ်ထားသည့် အမျိုးသမီးအလုပ်သမားနှစ်ဦးဖြစ်သော မစန်းစန်းဝင်းနှင့် ရှမ်းမ(ခ)မမြတ်မြတ်မိုးတို့အား အတင်းအဓမ္မပြည့်တန်ဆာအဖြစ် စေခိုင်းခြင်း၊ သတ်ပစ်မည်ဟု ခြိမ်းခြောက်ခြင်း၊ ငါးလခန့် အခန်းအတွင်း သံကြိုးဖြင့် ချည်နှောင်ပြီး ဆံပင်များအား ကတုံးတုံးခြင်း၊ ခန္ဓာကိုယ်အား ရေနွေးပူဖြင့် လောင်းခြင်း၊ သံပြားမီးကင်၍ ကပ်ခြင်း၊ ဦးခေါင်းအား ခုံဖြင့် ရိုက်နှက်ခြင်း၊ မဝလင်စွာ ကျွေးခြင်းနှင့် ထမင်းမကျွေးဘဲ ထားခြင်း၊ အိမ်သာအတွင်းရှိရေကို သောက်စေခြင်း စသည့် လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းမှုများ ပြုလုပ်သောကြောင့် ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက် ပတ်ဝန်းကျင်၏ အကူအညီရယူ၍ ကော့သောင်းမြို့မရဲစခန်းသို့ ဩဂုတ် ၂၀ ရက်က လာရောက်အမှုဖွင့် တိုင်ကြားခဲ့ခြင်းဖြစ်ရာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီး ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူ ဒေါ်အေး (၄၀ နှစ်)နှင့် ပူးပေါင်းပါဝင်သူများဖြစ်သည့် မသဲသဲ၊ မသက်ခိုင်နှင့် ဘိုဘိုဟန်တို့ကို ကော့သောင်းရဲတပ်ဖွဲ့စခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



ပြစ်မှုကျူးလွန်သူများ။

## မြန်မာ့ရုပ်မြင်သံကြား

၂၅-၈-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၉း၄၀ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၀း၂၅ - လျှင်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (ရုပ်သံ/ဇာတ်လမ်း)
- ၁၁း၃၀ - BBC ခံစားကြည့်
- ၁၂း၃၀ - သက်ငယ်မုဒိမ်းကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး
- ၁၂း၅၀ - မြန်မာ့ဂန္ထဝင်ရုပ်ရှင် "မှဲ့တစ်ပေါက်" (ညွှန့်ဝင်း၊ ဒေစီကျော်ဝင်း) ဒါရိုက်တာ-ခင်စိုး

**ညပိုင်း**

- ၁၆း၂၀ - မြို့ပြမဟုတ်တဲ့ကျေးလက်
- ၁၇း၃၀ - NHK Program "Day of Reckoning Betting It All on A Robot Dog" (စက်ရုပ် ခွေးတစ်ကောင်ပေါ်တွင် လောင်းကြေးထပ်ခြင်း) (ဒုတိယပိုင်း)
- ၁၈း၄၀ - "ဝိညာဉ်မဲ့ကဝိတစ်ပါး" (Set top Box)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးရှင်သခင်မ" (အပိုင်း-၁၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - ခြင်မကိုက်အောင်ကာကွယ်ပါ
- ၂၀း၃၅ - "အကျင့်ကောင်းကိုလက်ဆင့်ကမ်းသူ"
- - "မျှဝေခံစားအမှတ်တရ ဂီတမှတ်တိုင်များ" (တေးသံရှင်မာမာအေး)
- - "ပြည်ကြီးမဏ္ဍိုင်အငြိမ့်" (မင်းသမီး-ဝင်းသပြေထွန်း၊ လူရွှင်တော်-အရိုင်း၊ ငှက်ပျောကြော်၊ ပန်းသီး၊ ကင်းကောင်၊ ဇီးသီး၊ စိန်သီး) ဒါရိုက်တာ-ဇာဂနာ

# မြိတ်မြို့၌ လူသတ်မှုကျူးလွန်သူအား နှစ်နာရီအတွင်း ဖမ်းဆီးရမိ

**မြိတ် ဩဂုတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် မြေနီလမ်းသွယ်(၁)၌ ဩဂုတ် ၂၃ ရက် ည ၈ နာရီခွဲခန့်က သူငယ်ချင်းနှစ်ဦး စကားများရာမှ ကတ်ကြေးဖြင့် ထိုးသဖြင့် သေဆုံးမှုဖြစ်ပွားရာ ပြစ်မှုကျူးလွန်သူကို နှစ်နာရီအတွင်း သက်သေခံကတ်ကြေးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်နှင့် တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်များသို့ လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် မြိတ်မြို့ ကန်ဖျားရပ်ကွက် မြေနီလမ်းသွယ်(၁)၌ လူတစ်ဦးဓားထိုးခံရမှုဖြစ်ကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ကန်ဖျားရပ်ကွက် မြေနီလမ်းသွယ်(၃)လမ်း နေထိုင်သူ ဖြိုးသူရ(ခ)ကိုဖြိုး (၂၀ နှစ်) ဆိုသူဖြစ်ပြီး ၎င်း၏ဝဲဘက်နံစောင်းတွင် ထိုးသွင်းဒဏ်ရာတစ်ချက် တွေ့ရှိရသဖြင့် ည ၈ နာရီ မိနစ် ၄၀ တွင် မြိတ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ ဆေးကုသမှု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်နှင့် တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူကို ညတွင်းချင်း စုံစမ်းစစ်ဆေးရာ ပြစ်မှုကျူးလွန်သူမှာ မြိတ်မြို့ မြိတ်တောင်နယ်မြေ ဘုရားကိုင်ရပ်ကွက် ယုဇနလမ်းနေထိုင်သူ သားညီ(ခ)မင်းညီညီထွေး (၂၀ နှစ်) ဖြစ်ကြောင်း သိရှိရ၍ ၎င်း၏နေအိမ်သို့ သွားရောက်ရှာဖွေဖမ်းဆီးရာ ၎င်းနေအိမ်တွင် မတွေ့ရှိရဘဲ ၎င်းသွားလာတတ်သည့် နေရာများအား အဖွဲ့များခွဲ၍ လိုက်လံရှာဖွေဖမ်းဆီးရာ ဩဂုတ် ၂၃ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် ၎င်း၏အဘိုးဖြစ်သူ ဦးချို နေထိုင်ရာ ကန်ဖျားနယ်မြေ ခရိုတောရပ် ခရိုတောတောင်ပေါ်ရှိ နေအိမ်တွင် အရိုးအသွား ရှစ်လက်မခန့်ရှိ ကတ်ကြေးတစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူ သားညီ(ခ)မင်းညီညီထွေးကို မြိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြိုးသူရ(ခ)ကိုဖြိုးမှာ ရရှိသောဒဏ်ရာဖြင့် ဩဂုတ် ၂၄ ရက် နံနက် ၇ နာရီခွဲတွင် သေဆုံးသွားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မင်းကင်းမြို့နယ်မှ တရုတ်ပြည်သို့ တရားမဝင်လူကုန်ကူးခံရသူ ၁၁ ဦး ပြန်လည်ရောက်ရှိ

**မင်းကင်း ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်မှ တရုတ်ပြည်သို့ တရားမဝင်လူကုန်ကူးခံရသူ ၁၁ ဦးသည် ဩဂုတ် ၂၃ ရက် ည ၇ နာရီခွဲခန့်က ပြန်လည်ရောက်ရှိလာသဖြင့် မင်းကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ နွေးထွေးစွာကြိုဆိုခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့သို့ လောင်းတည်ကျေးရွာအုပ်စု လောင်းကျဉ်းကျေးရွာမှ ခြောက်ဦး၊ ပသေးကျေးရွာအုပ်စု အင်းဒေါင်းကျေးရွာမှ သုံးဦး၊ လင်းလုကျေးရွာအုပ်စု ဖက်ထုပ်ကျေးရွာမှ နှစ်ဦးတို့ ပြန်လည်ရောက်ရှိလာကြရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ညစာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပြီး ရိပ်သာအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြိုဆိုပွဲပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆန်းဗိုလ်က အမှာစကားပြောကြားသည်။

"နိုင်ငံခြားကို သွားရောက်ပြီး တကယ်အလုပ်လုပ်ကိုင်ချင်ရင် တရားဝင်သွားရောက်ဖို့ နည်းလမ်းတွေရှိတယ်။ အခုလို လူကုန်ကူးခံရပြီဆိုရင် အဓိကဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေမှတ်ထားပြီး ဆက်သွယ်ဖို့ လိုပါတယ်"ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းက ယခုလိုပြန်လည်ရောက်ရှိလာခြင်းမှာ လောင်းကျဉ်းကျေးရွာနေ မမော်က ဆက်သွယ်သဖြင့် တိုင်းဒေသကြီးလွှတ်တော်ကို တင်ပြရာမှတစ်ဆင့် မြန်မာသံအမတ်နှင့် တရုတ်နိုင်ငံ ရဲတပ်ဖွဲ့အကူအညီဖြင့် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ လုပ်ခလစာများ ပြန်လည်ရရှိရန် ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးများနှင့် မြို့နယ်ဌာနဆိုင်ရာများ၏ လှူဒါန်းငွေကျပ် တစ်ဦးလျှင် ၆၀၀၀၀ စီ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ စီ၊ မြို့နယ်တရားသူကြီး ဒေါ်ရွှေရည်ဦးက အမျိုးသမီးများအတွက် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးမှူး ဦးသုတက တစ်ဦးလျှင် ထောက်ပံ့ပစ္စည်းလေးမျိုးကို ပေးအပ်ပြီးနောက် အဖွဲ့ခေါင်းဆောင် ကိုဇော်ဝင်းက အတွေ့အကြုံများ ပြောပြသည်။

ပြန်လည်ရောက်ရှိလာသူများအား သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက မိသားစုဝင်များထံအပ်နှံပြီး မိသားစုများထံ ပြန်ရန်အခက်အခဲရှိသူများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဧည့်ရိပ်သာအိပ်ဆောင်များတွင် စီစဉ်ဆောင်ရွက်ပေးကာ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းနှင့် နိုင်ငံရေးပါတီများက နွေးထွေးပျူငှာစွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **ချင်းတွင်းသား**

# သီးနှံကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတိပေးနှိုးဆော်ချက်

ယခုအခါတွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးများဆက်တိုက်ရွာသွန်းလျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးသီးနှံများ (စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံများ၊ ဟင်းသီးဟင်းရွက်၊ ကြက်သွန်နီ၊ ငရုတ်) စသောသီးနှံများ၏ စိုက်ခင်းနှင့် ပျိုးခင်းများတွင် ရာသီဥတုစိုစွတ်ခြင်းကြောင့် စိုက်ပျိုးသီးနှံများတွင် မှိုရောဂါများ (ပိုးပင်နာကျ၊ ခါးရိရောဂါများ၊ မှိုသီး၊ သံချေးနှင့် မြစ်ဆွေးမြစ်ခြောက်များ၊ နှောင်းပင်နာကျနှင့် ရွက်ခြောက်များ)နှင့် အခြားရောဂါများ (ဘက်တီးရီးယားရွက်စင်းနှင့်ရွက်ခြောက်၊ ပင်ခြေပုပ်၊ ဘက်တီးရီးယားပင်ညှိုး)၊ အင်းဆက်ပိုးများအနေဖြင့် စုပ်စားပိုးများ (ဖြုတ်ညို၊ ပျ၊ လေ့၊ နံ့စုပ်ဂျပိုး၊ မီလီဂျပိုး၊ ယင်ဖြူ)နှင့် ခူမွှေးရှည်များ ကျရောက်တတ်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါသီးနှံကာကွယ်ရေးဆိုင်ရာ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သတိပေးနှိုးဆော်အပ်ပါသည်။

(၁) မိုးရွာသွန်းမှုကြောင့် စိုက်ခင်းအတွင်းရေဝပ်ပါက ရေထုတ်နိုင်ရန် ဆောင်ရွက်ပါ။
(၂) ပျိုးပေါင်နှင့် စိုက်ပေါင်များအား ရေမဝပ်စေရန် မြင့်တင်ပေးပါ။
(၃) ကန်သင်းနှင့်ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များကိုရှင်းလင်းပါ။
(၄) ရောဂါရပင်ကြွင်းပင်ကျန်များကို ဖယ်ရှားပြီး မီးရှို့ဖျက်ဆီးပါ။
(၅) အခြေအနေပေးပါက မီးခိုးမှိုင်းတိုက်ပါ။
(၆) ပိုးမွှားရောဂါဒဏ်ခံနိုင်ရန်အတွက် ပိုတက်ရှ်ဓာတ်မြေသြဇာကိုထည့်သွင်းအသုံးပြုပါ။
(၇) သီးနှံကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ဖြန့်ဝေထားသော မိုဘိုင်းအပလီကေးရှင်းတွင် ကြည့်ရှု၍ တရားဝင်မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကို အသုံးပြုပက်ဖျန်းနိုင်ပါသည်။
(၈) လိုအပ်ပါက ပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ဆက်သွယ်အကြံဉာဏ်တောင်းယူနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**
**သီးနှံကာကွယ်ရေးဌာနခွဲ**

# သန်လျင်၌ အငှားယာဉ်တစ်စီး မီးလောင်မှုဖြစ်

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ၆ လမ်းသွားလမ်းမကြီး၌ ဩဂုတ် ၂၂ ရက် ည ၉ နာရီခွဲက အငှားယာဉ်တစ်စီး မီးလောင်မှုဖြစ်ခဲ့သည်။

သန်လျင်မြို့ ၆ လမ်းသွား လမ်းမကြီးအတိုင်း သီလဝါဘက်မှ ဒဂုံ (ဆိပ်ကမ်း) ဘက်သို့ ယာဉ်မောင်း ဘုရားကုန်းကျေးရွာ သန်လျင်မြို့နယ်နေသူ ဦးကျော်ဇောထွန်း (၃၀ နှစ်) မောင်းနှင်လာသော YGN-BB/---- Toyota Caldina အငှားယာဉ်သည် သနပ်ပင်ကျေးရွာ ၆ လမ်းသွားလမ်းမကြီး မိုင်တိုင် (၂/၁) ဘော့ချောင်းတံတားအနီးအရောက်တွင် ဘက်ထရီခေါင်းချောင်ရာမှ မီးပွားထွက်၍ ဝိုင်ယာကြိုးအပူလွန်ပြီး မီးလောင်မှုဖြစ်ခဲ့သည်။

မီးလောင်ရာသို့ သန်လျင်မြို့မရဲစခန်းမှ ဒုရဲမှူး စိုးဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ သန်လျင်မြို့နယ် မီးသတ်စခန်းမှ ဒုတိယ မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းအောင် ဦးဆောင်၍ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ကိုးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် ပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ရာ ည ၁၀ နာရီ ၁၁ မိနစ်ခန့်တွင် မီးငြိမ်းသွားပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မီးလောင်မှုကို သန်လျင်မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# မိုးညှင်းတွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦးသေဆုံး

**မိုးညှင်း ဩဂုတ် ၂၄**

ကချင်ပြည်နယ် မိုးညှင်းမြို့ မိုးညှင်းဒီဂရီကောလိပ်ကားလမ်းတွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းယာဉ်ထိန်းရဲတပ်ဖွဲ့စု အမှတ်(၁၀၁)မှ ရဲအုပ်နေထွန်းအောင်သည် ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က တာဝန်ထမ်းဆောင်နေစဉ် မိုးညှင်းဒီဂရီကောလိပ်ကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်ကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ မိုးညှင်းမြို့တွင်းမှ ဒီဂရီကောလိပ်ဘက်သို့ သန်းဇော်မင်း တစ်ဦးတည်း မောင်းနှင်လာသည့် ဆိုင်ကယ်သည် ရွာသစ်ကုန်းရပ်ကွက် ညောင်ပင်ချောင်း တံတားကွေ့အရောက် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်ဘက်မှ မျိုးမင်းဇော် တစ်ဦးတည်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့ရာ ဖြိုးဇော်မင်းမှာ အခင်းဖြစ်နေရာတွင်သေဆုံးသွားပြီး မျိုးမင်းဇော်မှာ ဒဏ်ရာများရရှိသဖြင့် မိုးညှင်းဆေးရုံ၌ ဆေးကုသမှု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

# အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးစစ်ပွဲ အရှိန်မြင့်မားလာ

**ဝါရှင်တန် ဩဂုတ် ၂၄**

တရုတ်သွင်းကုန်တွေအပေါ် အမေရိကန်နိုင်ငံက အခွန်တိုးမြှင့်ကောက်ခံသွားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာလိုက်သောကြောင့် တရုတ်နှင့်အမေရိကန်ကြား ကုန်သွယ်ရေးစစ်ပွဲသည် ဩဂုတ် ၂၃ ရက်က ထပ်မံအရှိန်မြင့်လာခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၅၀ တန်ဖိုးရှိ တရုတ်နိုင်ငံမှ သွင်းကုန်များအပေါ် အောက်တိုဘာလမှစကာ အခွန် ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၃ ရက်က ကြေညာလိုက်ခြင်းဖြစ်သည်။

ထို့အပြင် တရုတ်ကုန်ပစ္စည်းများအပေါ် စက်တင်ဘာ ၁ ရက်မှစပြီး ကောက်ခံသွားမည့်အခွန်များကိုလည်း ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ထပ်တိုးကောက်ခံသွားမည်ဖြစ်ကြောင်း တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။ အဆိုပါ တရုတ်ကုန်ပစ္စည်းများ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ရှိကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၇၅ ဘီလီယံတန်ဖိုးရှိသည့် အမေရိကန်ကုန်ပစ္စည်းများအပေါ် သွင်းကုန်အခွန်တိုးမြှင့်ပြီး အမေရိကန်ကားများအပေါ် အခွန် ၂၅ ရာခိုင်နှုန်းတိုးကောက်မည်ဟု တရုတ်နိုင်ငံက ကြေညာလိုက်ပြီးနောက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ တွစ်တာပေါ်၌ ရေးသားဖော်ပြချက်များတွင် အမေရိကန်ကုမ္ပဏီများအနေဖြင့် အမိမြေကို ပြန်လည်လာရောက်ရန် ဖိတ်ခေါ်ထားမှုများလည်းရှိကြောင်း သိရသည်။ ထို့အပြင် အမေရိကန်ကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံပြင်ပမှ တခြားနည်းလမ်းများကိုလည်း ရှာကြံရန်လည်းသမ္မတက တိုက်တွန်းပြောကြားလိုက်ကြောင်း သိရသည်။

အမေရိကန်သမ္မတထရမ့်နှင့် တရုတ်အစိုးရတို့၏ ယခုလို ကြေညာချက်များကြောင့် ငွေကြေးဈေးကွက် မတည်မငြိမ်ဖြစ်သွားခဲ့ကြောင်း သိရသည်။ နယူးယောက်အစုရှယ်ယာဈေးများလည်း ကျဆင်းသွားခဲ့သည်ဟု ဆိုသည်။ **အေအက်ဖ်ပီ**


အမေရိကန်သမ္မတဒေါ်နယ်ထရမ့်

# ရုရှားပထမဆုံးလူသားစက်ရုပ် တင်ဆောင်လာသည့် အာကာသယာဉ် အိုင်အက်စ်အက်စ်သို့ ဆင်းသက်ရာတွင် မအောင်မြင်

**မော်စကို ဩဂုတ် ၂၄**

ရုရှားနိုင်ငံ၏ ပထမဆုံးလူသားပုံတူ စက်ရုပ်တင်ဆောင်လာသည့် ဆိုယုဇ် အာကာသယာဉ်သည် ဩဂုတ် ၂၄ ရက်က နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ အလိုအလျောက် ဆင်းသက်ရာတွင် အောင်မြင်မှု မရရှိခဲ့ကြောင်း မော်စကိုသတင်းအေဂျင်စီများတွင် သတင်းဖော်ပြလိုက်သည်။

အဆိုပါ အာကာသယာဉ်သည် သတ်မှတ်ထားသည့် ဂရင်းနစ်စံတော်ချိန် ၀၅၃၀ တွင် အာကာသစခန်းသို့ ပထမဆုံး အကြိမ်အလိုအလျောက် ဆင်းသက်ရာ မအောင်မမြင် ဖြစ်ခဲ့ပြီးနောက်ပိုင်းတွင် နောက်ထပ်တစ်ကြိမ် ကြိုးစားခဲ့ကြောင်း ရုရှားသတင်းအေဂျင်စီများတွင် ဖော်ပြခဲ့သည်။


ရုရှားအာကာသစခန်း ရို့စ်ကိုမော့စ်တွင်ဖြစ်ပေါ်နေသော လှုပ်ရှားမှုများကို တိုက်ရိုက်ထုတ်လွှင့်ပြသနေသော အစီအစဉ်သည်လည်း ဆိုယုဇ်အာကာသယာဉ် နိုင်ငံတကာအာကာသစခန်းသို့ ဆင်းသက်ခါနီး မီတာ ၁၀၀ ခန့်တွင် ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

ဖီဒေါဟု အမည်ပေးထားသော လူသားအရွယ်အစားရှိ ယင်းစက်ရုပ်သည် နိုင်ငံတကာအာကာသစခန်းရှိ အာကာသယာဉ်မှူးများကို ကူညီရန် ၁၀ ရက်ကြာ လေ့ကျင့်မှုများ လုပ်ဆောင်ခဲ့သည်ဟု ဆိုသည်။

ဆိုယုဇ် အမ်အက်စ်-၁၄ အာကာသယာဉ်သည် ဖီဒေါနှင့် အတူ ကာဇက်စတန်နိုင်ငံရှိ ရုရှား၏ ဘိုင်ကိုနူးအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဩဂုတ် ၂၂ ရက်တွင် လွှတ်တင်ခြင်းခဲ့ရပြီး နိုင်ငံတကာအာကာသစခန်းတွင် စက်တင်ဘာ ၇ ရက်အထိနေထိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆိုယုဇ်အာကာသယာဉ်များသည် များသောအားဖြင့် လူလိုက်ပါလေ့ရှိသော အာကာသယာဉ်များ ဖြစ်သော်လည်း ယခုတစ်ခါတွင် အရေးပေါ် ကယ်ဆယ်ရေးစမ်းသပ်မှုတစ်ခု ပြုလုပ်မည်ဖြစ်သောကြောင့် လူသားအစားထိုး လူပုံစံတူစက်ရုပ်ကို လွှတ်တင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**


ရုရှားပထမဆုံးလူသားစက်ရုပ် ဖီဒေါကို တွေ့ရစဉ်။

## တာတိုပစ်ဒုံးကျည်များ ပစ်ခတ်မှုကို ပြဿနာတစ်ရပ်ဟု ထရမ့် မမြင်

**ဝါရှင်တန် ဇူလိုင် ၂၄**

မြောက်ကိုရီးယားမှ နောက်ဆုံးအကြိမ် ပြုလုပ်ခဲ့သည့် ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုကို ပြဿနာတစ်ခုဟု မမြင်မိကြောင်း ထရမ့်က ပြောသည်။ ဩဂုတ် ၂၄ ရက်တွင် အိမ်ဖြူတော်မှ မထွက်ခွာမီ သတင်းထောက်များနှင့် တွေ့ဆုံရာ၌ သမ္မတထရမ့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတထရမ့်သည် ဂျီ ၇ ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် ပြင်သစ်နိုင်ငံသို့ ဦးတည်မထွက်ခွာမီ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်ကြောင်း၊ သို့သော် အမေရိကန်သည် တာတိုပစ်ဒုံးကျည်ပစ်ခတ်မှု အပေါ်ကန့်သတ်မထားကြောင်း၊ နိုင်ငံအများအပြားသည်လည်း ထိုသို့စမ်းသပ်မှုမျိုး ပြုလုပ်ကြကြောင်း ထရမ့်က ပြောသည်။ ထို့ပြင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့်လည်း ရင်းနှီးသည့် ဆက်ဆံရေးရှိကြောင်း ထရမ့်က ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အမေဇုန်သစ်တောမီးလောင်မှုကို ငြှိမ်းသတ်ရန် ဘရာဇီးတပ်ဖွဲ့ကို အသုံးပြုသွားမည်

**ရီယိုဒီဂျနေရိုး ဩဂုတ် ၂၄**

ဘရာဇီးသမ္မတ ဂျိုင်အာဘော်ဆွန်နယ်ရိုသည် အမေဇုန်သစ်တောအတွင်း လောင်ကျွမ်းနေသည့်မီးကို ငြှိမ်းသတ်နိုင်ရေး ဘရာဇီးတပ်ဖွဲ့စေလွှတ်မည်ဟု ဩဂုတ် ၂၃ ရက်က ပြောကြားခဲ့သည်။ ဩဂုတ် ၂၄ ရက်မှစတင်ကာ ဘရာဇီးတပ်ဖွဲ့များကို မီးလောင်သည့်ဒေသများသို့ တစ်လကြာ တပ်ဖြန့်ချထားသွားမည်ဟု ဘရာဇီးသမ္မတက ပြောကြားခဲ့သည်။

အဆိုပါ မီးလောင်မှုကို ဖြေရှင်းရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဟု ဘရာဇီးသမ္မတက ပြောသည်။ ဘရာဇီးနိုင်ငံရှိ အမေဇုန်သစ်တောအတွင်း တောမီးလောင်မှုပမာဏမှာ ယခုနှစ်အတွင်း စံချိန်တင် မြင့်တက်ခဲ့သည်ဟု ဘရာဇီးအာကာသလေ့လာရေး အမျိုးသားအင်စတီကျုမှ ပြောသည်။ ဇန်နဝါရီမှ ဩဂုတ် ၂၂ ရက်ကာလအတွင်း တောမီးလောင်မှုပေါင်း ၇၆၀၀၀ ခန့်ရှိပြီး ယခင်နှစ်ကထက် ၈၅ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း အဆိုပါအင်စတီကျုမှ ပြောသည်။ ဘရာဇီးလယ်သမားများသည် မြေယာရှင်းလင်းရန်နှင့် စားကျက်မြေပြုလုပ်ရန်တို့အတွက် ယခုအချိန်မျိုးရောက်လျှင် မီးရှို့မှုများ ပြုလုပ်လေ့ရှိသည်။

အိမ်နီးချင်းဘိုလီဗီးယားပိုင်နယ်မြေ အစိတ်အပိုင်းအချို့ထိပါ တောမီးလောင်ကျွမ်းခဲ့ပြီး တောမီးမှမီးခိုးငွေ့များ အဆမတန်ထွက်လာ၍လည်း လေယာဉ်ပျံသန်းမှု ခရီးစဉ်များကို အနှောင့်အယှက် ဖြစ်စေခဲ့ရသည်။ ထို့ကြောင့် ဘိုလီဗီးယားအစိုးရသည် အရေးပေါ်အခြေအနေကို ကြေညာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကြောင့် သေဆုံးသူ ၁၉၆၅ ဦးအထိ ရှိလာ

**ဂျီနီဗာ ဩဂုတ် ၂၄**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကြောင့် သေဆုံးသူ ၁၉၆၅ ဦးထိရှိလာပြီဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းမှာ များပြားသော်လည်း ပြီးခဲ့သည့်သီတင်းပတ် ၁၀ ပတ်အတွင်း ရောဂါကူးစက်မှုနှုန်းမှာ တည်ငြိမ်လာပြီဖြစ်ကြောင်း ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အရေးပေါ်ကျန်းမာရေးအစီအစဉ်မှူးညွှန်ကြားရေးမှူး ဒေါက်တာမိုက်ရိုင်ယန်က တစ်ပတ်အတွင်း ကူးစက်မှု ၈၀ ခန့်ကို တွေ့ရှိရကြောင်း ပြောသည်။ လွန်ခဲ့သည့် သီတင်းပတ်နှစ်ပတ် သုံးပတ်အတွင်း ကူးစက်မှု ကျဆင်းရန် အစပျိုးနေသည်ကို တွေ့ရကြောင်း၊ ဒီပုံစံအတိုင်း ဆက်သွားမည်ဟု မျှော်လင့်ရကြောင်း ဒေါက်တာမိုက်ရိုင်ယန်က ပြောသည်။

အီဘိုလာရောဂါကို တိုက်ဖျက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ဝန်ထမ်းပေါင်း ၆၇၀ ခန့် ကြိုးစားလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောသည်။ တချို့သောနေရာများတွင်လည်း အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ကာကွယ်ဆေးရရှိနေပြီဟုလည်း ယုံကြည်ရကြောင်း၊ ထိရောက်သည့်ကုသမှုလည်း ရရှိနေပြီဖြစ်၍ ရောဂါဖြစ်ပွားမှုနှုန်းကို ပြောင်းလဲနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းကဆက်ပြောသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာဖြစ်ပွားမှုမှာ ဒုတိယကြောက်စရာအကောင်းဆုံးပင်ဖြစ်ကြောင်း၊ ထိရောက်စွာကုသနိုင်ရေး ကြိုးပမ်းနေသော်လည်း အောင်မြင်မှုရရှိရေးများပြားလှသည့် အတားအဆီးများနှင့် ကြုံတွေ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

လက်ရှိတွင် ဆေးဝါးအသစ် နှစ်မျိုးကို စမ်းသပ်ကြည့်ရာတွင် ရောဂါလက္ခဏာပြသပြီးသုံးရက်အတွင်း ကုသမှုခံယူပါက ၉၀ ရာခိုင်နှုန်းခန့် အသက်ရှင်နိုင်ကြောင်း ဩဂုတ်လအစောပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာခဲ့သည်။ **ဆင်ဟွာ**


ဂိုမာကျန်းမာရေးစင်တာတွင် ကွန်ဂိုကျန်းမာရေးလုပ်သားတစ်ဦးက ကာကွယ်ဆေးထိုးပေးနေစဉ်။

# ဥရောပနိုင်ငံတွေကို ဒေါသထွက်စေခဲ့တဲ့ အမေဇုန် သစ်တောအတွင်းက မီး

ချူးစန္ဒီမွှေး

**ဘရာဇီးနိုင်ငံမှာရှိတဲ့ အမေဇုန် မုတ်သုံသစ်တောကြီးအတွင်း မီးလောင်တာကိုသိရတဲ့အခါမှာတော့ ဥရောပနိုင်ငံတွေရဲ့စိုးရိမ်မှု မြင့်တက်လာပြီး ဒီကိစ္စအပေါ် ဒေါသထွက်ကြပါတယ်။ မုတ်သုံသစ်တော မီးလောင်မှုဟာ ကမ္ဘာကြီးပူနွေးလာမှုကို ပိုမိုအားကောင်းစေတဲ့အရာ။ ဒါကြောင့် ဒီပြဿနာဟာ တစ်ကမ္ဘာလုံး အလေးထားဖြေရှင်းရမယ့်ပြဿနာပါလို့ ဥရောပနိုင်ငံတွေက ပြောကြပါတယ်။**



ဘရာဇီးနိုင်ငံ မာတိုဂရောဆိုပြည်နယ်ရှိ သစ်တောအတွင်း မီးလောင်နေမှုကို တွေ့ရစဉ်။

## ပြင်သစ်သမ္မတ၏ စွပ်စွဲချက်

ဘရာဇီးသမ္မတဂျီအာဘော်ဆွန်နယ်ရိုဟာ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းကို တိုက်ဖျက်ပါ့မယ်။ အမေဇုန်သစ်တောကြီးကို စောင့်ရှောက်ပါမယ်လို့ ပြောခဲ့ပေမယ့် ဒါတွေအားလုံးဟာ အလိမ်အညာတွေချည်းပဲလို့ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က စွပ်စွဲလိုက်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက တည်တံ့ခဲ့တဲ့ တောင်အမေရိကနဲ့ ဥရောပတို့ရဲ့ကုန်သွယ်ရေးကို ဖြတ်တောက်လိုက်ရမလားဆိုပြီး မက်ခရွန်က ဘရာဇီးသမ္မတကို ပြောဆိုခဲ့ပါတယ်။ ဒီလိုပြောဆိုမှုတွေကို ကြည့်မယ်ဆိုရင် ဘရာဇီးသမ္မတနဲ့ ပြင်သစ် သမ္မတတို့ကြား ဆက်ဆံရေးမပြေလည်မှုတွေကို အထင်းသား တွေ့နိုင်ပါတယ်။

## ဘရာဇီးအရေး ဝင်မစွက်နဲ့

ပြင်သစ်သမ္မတနဲ့ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်တို့ နှစ်ဦးစလုံးကတော့ ဘရာဇီးမုတ်သုံသစ်တော မီးလောင်မှုကို ယခုသီတင်းပတ်အကုန်မှာ ကျင်းပမယ့် ဂျီ ၇ ထိပ်သီးအစည်းအဝေးမှာ ထည့်သွင်းဆွေးနွေးသင့်တယ်လို့ ပြောဆိုခဲ့ကြပါတယ်။ ဘရာဇီးသမ္မတ ဘော်ဆွန်နယ်ရိုကတော့ ဘရာဇီးရဲ့အရေးကိစ္စကို ဝင်ရောက်မစွက်ဖက်ပါနဲ့လို့ ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။ အမေဇုန်တောမှာ မီးလောင်မှုကြောင့် လက်ယာစွန်းရောက် ဘရာဇီးသမ္မတအပေါ် ဝေဖန်မှုတွေဟာလည်း တဖြည်းဖြည်း များလာခဲ့ပါတယ်။

## ထောက်ပံ့ငွေတွေရပ်ဆိုင်း

ဘရာဇီးသမ္မတဟာ တောရိုင်းမြေကာကွယ်ရေးအတွက် လုပ်ဆောင်နေမှုတွေကို ဖြတ်တောက်ခဲ့ပြီး မိုးသစ်တောကြီးထဲမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးအတွက် နေရာပိုရအောင် လုပ်ဆောင်လိုသူလည်း ဖြစ်ပါတယ်။ သူ့ရဲ့လုပ်ရပ်ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်တွေ၊ အောင်မြင်ကျော်ကြားသူတွေဟာ ဘရာဇီးကို သပိတ်မှောက်ကြဖို့ တိုက်တွန်းလှုံ့ဆော်မှုတွေ ပြုလုပ်လာပြီး ဂျာမနီနဲ့ နော်ဝေတို့ကလည်း ဘရာဇီးကိုပေးထားတဲ့ ထောက်ပံ့ငွေတွေ ရပ်ဆိုင်းလိုက်ကြပါတယ်။ အမေဇုန်သစ်တောထိန်းသိမ်းကာကွယ်ရေးအတွက်ဆိုပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ပေးတဲ့အစီအစဉ်ကို ရပ်ဆိုင်းလိုက်တာပါ။ မုတ်သုံသစ်တောအတွင်း မီးလောင်မှုအများအပြားကတော့ လယ်သမားတွေက သီးနှံစိုက်ပျိုးဖို့အတွက် ရှို့ကြတဲ့မီးတွေဖြစ်ပြီး တချို့တွေကျပြန်တော့လည်း စားကျက်အဖြစ် ဖန်တီးဖို့အတွက် မုတ်သုံသစ်တော အတွင်းမီးရှို့ကြတာပါ။

## အစိုးရပုံရိပ်ကျဆင်း

ဒါဟာ အရင်ကလည်း လုပ်ဆောင်ဖူးပြီး အခုနှစ်မှာတော့ မီးရှို့တာတွေဟာ ပိုပိုပြီး များလာပါတယ်။ ဒါကို မစ္စတာဘော်ဆွန်နယ်ရိုအစိုးရဟာလည်း တားဆီးဖို့ မစွမ်းဆောင်နိုင်သလို ဒီလိုမျိုးဖျက်ဆီးတဲ့လုပ်ငန်းတွေကို အားပေးမှုတောင် တစ်ခါတစ်ရံ ပြုလုပ်တယ်လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တွေက ပြောကြပါတယ်။ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေဟာ မစ္စတာဘော်ဆွန်နယ်ရိုရဲ့အစိုးရအဖွဲ့ ပုံရိပ်ကျဆင်းစေဖို့အတွက် မီးရှို့မှုတွေ ပြုလုပ်တာပါဆိုပြီး အခုသီတင်းပတ်အတွင်းမှာ ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။ အစိုးရက အဲဒီအဖွဲ့အစည်းတွေကို ထောက်ပံ့ကြေး ဖြတ်တောက်တဲ့အတွက် လက်တုံ့ပြန်တဲ့အနေနဲ့ ဒီလိုမျိုးလုပ်ဆောင်တာပါလို့ စွပ်စွဲခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့စွပ်စွဲချက်အတွက် သက်သေပြစရာတော့ မရှိပါဘူး။

## ဒေသခံများအတွက် ခြိမ်းခြောက်မှု

အမေဇုန်သစ်တောဆိုတာကလည်း တစ်ကမ္ဘာလုံးအတွက် ကာဗွန်တွေ စုဆောင်းရာဘဏ်တိုက်ကြီး တစ်ခုလိုပါပဲ။ သစ်ပင်တွေ မီးရှို့ခံရတဲ့အခါ ကာဗွန်ဒိုင်အောက်ဆိုက်တွေထွက်လာပါတယ်။ ဒါ့အပြင်သစ်တောပြုန်းတီးတာဟာလည်း ဒေသခံတိုင်းရင်းသားတွေအတွက် ခြိမ်းခြောက်မှုတစ်ရပ်ပါပဲ။ နောက်ပြီး တောရိုင်းတိရစ္ဆာန်တွေကိုလည်း ဒီဒေသမှာပဲ တွေ့ရှိနိုင်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ် ၂၂ ရက်မှာတော့ ပြင်သစ်သမ္မတမက်ခရွန်က “ ကျွန်တော်တို့နေအိမ် မီးလောင်နေပြီ။ အမေဇုန်သစ်တောဟာ ကမ္ဘာပေါ်မှာအောက်ဆီဂျင် ၂၀ ရာခိုင်နှုန်း ထုတ်ပေးရာနေရာလည်း ဖြစ်တယ်။ အခုတော့ အဲဒီမှာ မီးလောင်နေတယ်။ ဒါဟာ အပြည်ပြည်ဆိုင်ရာနဲ့ သက်ဆိုင်တဲ့ပြဿနာတစ်ခုပါပဲလို့ ပြောဆိုခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီပြဿနာကို ဂျီ ၇ ထိပ်သီးအစည်းအဝေးမှာ ဆွေးနွေးမှု ပြုလုပ်သင့်တယ်လို့ မက်ခရွန်က ပြောပါတယ်။

## တစ်ကမ္ဘာလုံးကိုပါ ထိခိုက်စေ

မစ္စတာဘော်ဆွန်နယ်ရိုကတော့ မက်ခရွန်ဟာ ပုဂ္ဂိုလ်ရေးအရ နိုင်ငံရေးအမြတ်ထုတ်လိုမှုအတွက်သာ ဒီပြဿနာကို အသုံးချနေတာ ဖြစ်တယ်။ ဘရာဇီးမပါဝင်ဘဲ ဘရာဇီးနိုင်ငံရဲ့ပြဿနာကို ဆွေးနွေးကြတာဟာဆိုရင် မဖြစ်သင့်ဘူးလို့ တုံ့ပြန်ပြောဆိုခဲ့ပါတယ်။

ဒါပေမယ့်လည်း အမေဇုန်တောမီးလောင်မှုနဲ့ပတ်သက်ပြီး အသံထွက်တာဟာ ပြင်သစ်သမ္မတတစ်ဦးတည်း မဟုတ်ပါဘူး။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ကလည်း အောက်ဆီဂျင်နဲ့ ဇီဝမျိုးကွဲတွေ ရှင်သန်ရာဖြစ်တဲ့ အရင်းအမြစ်ကို ဒီထက်ပိုပြီး ပျက်စီးအောင် လုပ်လို့မဖြစ်တော့ဘူးလို့ ပြောခဲ့ပါတယ်။ ဩဂုတ် ၂၃ ရက်မှာတော့ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်ရဲ့ပြောရေးဆိုခွင့်ရှိသူ စတက်ဖန်ဆီဘက်က အမေဇုန်သစ်တောအတွင်း လောင်ကျွမ်းနေတဲ့မီးဟာ အံ့ဩထိတ်လန့်ဖွယ်ကောင်းပြီး ခြိမ်းခြောက်မှုကြီး တစ်ခုပါပဲ။ ဒါဟာ ဘရာဇီးနိုင်ငံတစ်ခုတည်းအတွက် သာမကပါဘူး တစ်ကမ္ဘာလုံးကိုပါ ထိခိုက်စေတဲ့ အရာတစ်ခုပါလို့ ပြောခဲ့ပါတယ်။ ပြင်သစ်သမ္မတရဲ့ သဘောထားအတိုင်း ဂျာမနီဝန်ကြီးချုပ်ဟာလည်း ဒီကိစ္စကို ဂျီ ၇ ထိပ်သီးအစည်းအဝေးမှာ ထည့်သွင်းသင့်တယ်လို့ ပြောခဲ့ပါတယ်။

## အားလုံးရဲ့တာဝန်ဖြစ်

ဥရောပကော်မရှင်က ပြောရေးဆိုခွင့်ရှိသူကလည်း ဘရာဇီးက အမေဇုန်သစ်တောမီးလောင်မှုအတွက် နက်နက်ရှိုင်းရှိုင်း စိုးရိမ်မိတယ်လို့ ပြောပါတယ်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်တာဟာ သစ်တောပြုန်းတီးမှုနဲ့ သက်ဆိုင်နေပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲတာကို ဖြစ်ပေါ်စေနိုင်တဲ့ ဒုတိယမြောက် အရေးကြီးဆုံး အချက်ဖြစ်တယ်လို့ ပြောပါတယ်။ ဒါကြောင့် ပါရီသဘောတူညီမှုအတိုင်း သစ်တောထိန်းသိမ်းရေးအတွက် လုပ်ဆောင်ရမှာဟာ အားလုံးရဲ့တာဝန်ပဲ ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ မစ္စတာဘော်ဆွန်နယ်ရိုကို တောင်အမေရိကရဲ့ ဒေါ်နယ်ထရမ့်လို့တင်စားခေါ်ဝေါ်မှုတွေ ရှိနေတဲ့အချိန်မှာဂျီ ၇ ထိပ်သီးအစည်းအဝေးမှာ အမေဇုန်တောအတွင်း မီးလောင်မှုအကြောင်းကို အမေရိကန်သမ္မတထရမ့် ပါဝင်ဆွေးနွေးလာဖို့ ပြင်သစ်အာဏာပိုင်တွေက မျှော်လင့်ထားတာ မရှိပါဘူး။

## ကုန်သွယ်ရေးစာချုပ်ကို ထိခိုက်နိုင်

ဥရောပသမဂ္ဂနဲ့ ဘရာဇီး၊ အာဂျင်တီးနား၊ ပါရာဂွေး၊ ဥရုဂွေးတို့ကြား ပြုလုပ်ထားတဲ့ ကုန်သွယ်ရေးသဘောတူစာချုပ်ကို ထိခိုက်စေလိမ့်မယ်လို့ ပြင်သစ်သမ္မတက ခြိမ်းခြောက်ခဲ့ပါတယ်။ အဲဒီကုန်သွယ်ရေး သဘောတူစာချုပ်ဟာ ဆယ်စုနှစ် နှစ်ခုစာမျှကြာ ဆွေးနွေးမှုတွေအပြီး နှစ်စဉ်ကုန်သွယ်မှုရဲ့ဒေါ်လာတစ်ထရီလီယံခန့် အခွန်ကင်းလွတ်ခွင့် ရှိလိမ့်မယ်လို့ သိရပါတယ်။ ဒါကြောင့် ဘရာဇီးသမ္မတကသာ ပါရီရာသီဥတုပြောင်းလဲရေး သဘောတူစာချုပ်ကနေ ဘရာဇီးကိုဆွဲထုတ်သွားမယ်ဆိုရင် ဒီကုန်သွယ်ရေးစာချုပ်မှာလည်း အလားတူ ထိခိုက်မှုတွေ ရှိလာလိမ့်မယ်လို့ ပြင်သစ်သမ္မတက ခြိမ်းခြောက်ခဲ့တာပါ။

## မိုးသစ်တောကို ကာကွယ်မယ်

ဩဂုတ် ၂၃ ရက်မှာတော့ ဘရာဇီးသမ္မတဟာ အမေဇုန်သစ်တောမှာ လောင်နေတဲ့ မီးကိုထိန်းချုပ်နိုင်ဖို့ ကတိပေးခဲ့ပါတယ်။ ဒါပေမယ့် အနယ်နယ်အရပ်ရပ်က ဘရာဇီးသံရုံးတွေမှာတော့ ဆန္ဒပြမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဗျူနိုအေရိစ်မြို့မှာဆိုရင် သမ္မတဘော်ဆွန်နယ်ရိုကို ထွက်သွားဆိုပြီး လူငယ်တွေက ကြွေးကြော်ဆန္ဒပြကြပါတယ်။ ဒါပေမယ့် ဘရာဇီးသမ္မတကတော့ မုတ်သုံသစ်တောကို ကာကွယ်ဖို့ဆိုတာ ကျွန်တော်တို့ရဲ့တာဝန်ပါပဲ။ အမေဇုန်တောကိုလည်း ချစ်မြတ်နိုးပါတယ်လို့ ပြောကြားခဲ့ပါတယ်။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

---

# နိုင်ငံတကာသတင်းတိုတွာ

## ဆော်ဒီလေတပ်စခန်းကို ဟူသီတို့ တိုက်ခိုက်

**ဆာနား ဩဂုတ် ၂၄**

ယီမင်မှ ဟူသီသူပုန်များသည် ဆော်ဒီအာရေဗျအနောက်တောင်ပိုင်း ခါလက်လေတပ်စခန်းကို ဒရုန်းဖြင့် ဩဂုတ် ၂၄ ရက်တွင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ လေယာဉ်ရုံများ၊ လေယာဉ်ပြေးလမ်းများကို ပစ်ခတ်ထားခဲ့ကြောင်း ဟူသီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရာရာဆရီယာက ပြောသည်။ ယီမင်ပြည်သူများကို ပိတ်ဆို့မှုများ ပြုလုပ်ထားသည့်အတွက် လက်စားချေသည့်အနေဖြင့် ယခုလို တိုက်ခိုက်မှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ဆော်ဒီအာရေဗျဘက်မှ အတည်ပြုပြောကြားခဲ့ခြင်း မရှိပေ။ ဟူသီများသည် ဆော်ဒီနိုင်ငံသို့ ဒုံးကျည်များ၊ ဒရုန်းများဖြင့် တိုက်ခိုက်မှုများ မကြာခဏပြုလုပ်လေ့ရှိသော်လည်း အများစုကို ဆော်ဒီဘုရင့် လေကြောင်းကာကွယ်ရေးတပ်သည် ကြားဖြတ်ဟန့်တားမှုများ ပြုလုပ်နိုင်ခဲ့သည်။

**ဆင်ဟွာ**

## အီးယူခြောက်နိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူ ၃၅၆ ဦးကို ခွဲဝေလက်ခံမည်

**ဗလက်တာ ဩဂုတ် ၂၄**

မြေထဲပင်လယ်တွင် သောင်တင်နေသော ရွှေ့ပြောင်းအခြေချနေထိုင်သူ ၃၅၆ ဦးကို အီးယူခြောက်နိုင်ငံမှ လက်ခံသွားမည်ဟု ဩဂုတ် ၂၃ ရက်တွင် သဘောတူခဲ့သည်။ အာဖရိကမှ ဆင်းရဲမွဲတေမှုများနှင့် ပဋိပက္ခများကြောင့် ထွက်ပြေးလာရသည့် လူများကို မည်သို့ကိုင်တွယ်ဖြေရှင်းမည်ဟူသော အချက်နှင့်ပတ်သက်ပြီး ဥရောပနိုင်ငံများကြား သဘောတူညီချက်ရရန် ခက်ခဲနေဆဲဖြစ်သည်။

နော်ဝေအလံလွှင့်ထူထားသော အိုရှင်းဗီကင်းသင်္ဘောသည် ဩဂုတ် ၉ ရက် နှင့် ၁၂ ရက်တို့တွင် လစ်ဗျားကမ်းရိုးတန်းတွင် တွေ့ရသည့် လှေသုံးစင်းပေါ်မှ ရွှေ့ပြောင်းအခြေချနေထိုင်သူများကို ကယ်တင်ခဲ့ပြီးနောက် ကမ်းကပ်နိုင်ရေးကြိုးပမ်းခဲ့သည်။ ဥရောပကော်မရှင်နှင့် ဆွေးနွေးပြီးနောက် မော်လ်တာနိုင်ငံသည် ရွှေ့ပြောင်းနေထိုင်သူများကို ကျွန်းပေါ်တွင်ဆင်းသက်ခွင့်ပေးရန် သဘောတူခဲ့သည်။ သို့သော် နေထိုင်ခွင့်ကိုမူ သဘောမတူခဲ့ပေ။ သင်္ဘောပေါ်မှ ကယ်တင်ခဲ့သူများကို ပြင်သစ်၊ ဂျာမနီ၊ အိုင်ယာလန်၊ လူဇင်ဘတ်၊ ပေါ်တူဂီနှင့် ရိုမေးနီးယားတို့တွင် ခွဲဝေချထားသွားမည်ဟု သိရသည်။

**အေအက်ဖ်ပီ**

# မန္တလေး၌ မဏ္ဍိုင်(၄)ရပ် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ



မဏ္ဍိုင်(၄) ရပ်ဆွေးနွေးပွဲ (မန္တလေးတိုင်းဒေသကြီး) ကျင်းပစဉ်။

**မန္တလေး ဩဂုတ် ၂၄**

ဒီမိုကရေစီစနစ်တွင် ပြည်သူများ သတင်းသိရှိပိုင်ခွင့် ရှိရမည်ဖြစ်ပြီး သတင်းမီဒီယာသမားများ သတင်းဖော်ပြရာတွင် ပုံဖျက်ထားသည့် သတင်းမဟုတ်ဘဲ မှန်ကန်သည့် သတင်းသာ ဖော်ပြကြ၍ ကျင့်ဝတ်၊ စည်းကမ်းနှင့် ဥပဒေများကို လိုက်နာရန် လိုကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မဏ္ဍိုင်(၄)ရပ် တွေ့ဆုံဆွေးနွေးပွဲ (မန္တလေးတိုင်းဒေသကြီး)တွင် ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဟိုတယ်မန္တလေးတွင် ယမန်နေ့က ကျင်းပခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် သုံးရပ်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မန္တလေး အခြေစိုက်သတင်းသမားများ တွေ့ဆုံ၍ သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကြခြင်းဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့နိုင်ငံတွင် Institution များလည်း ဖွံ့ဖြိုးရန်လိုအပ်ကြောင်း၊ လွှတ်တော်အနေဖြင့်လည်း ပြည်သူကို ကိုယ်စားပြုရန် လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်အနေဖြင့်လည်း နှစ်ပေါင်းများစွာရှိလာခဲ့သော ဗျူရိုကရေစီယန္တရားကို ဖောက်ထွက်ရန် ခက်ခဲကြောင်း၊ ပြင်ဆင်ရမည်များ ရှိကြောင်း၊ ယင်းတွင် ပါဝင်သူများလည်း ကျင့်ဝတ်လိုက်နာကြရမည်ဖြစ်ကြောင်း၊ Access to Information, Right to Information အမှန်တကယ် အရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် လုပ်စရာအများကြီး ကျန်ရှိနေကြောင်း၊ ဒီမိုကရေစီ ရှင်သန်ခိုင်မြဲအောင် လုပ်ဆောင်နေရဆဲဖြစ်ကြောင်း၊ သတင်းမီဒီယာကို စတုတ္ထမဏ္ဍိုင်ဖြစ်ရန် အားလုံးတွင် တာဝန်ရှိကြောင်းပြောကြားသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် မဏ္ဍိုင် (၄)ရပ် တွေ့ဆုံပွဲကို ပြည်ထောင်စုအဆင့်အဖြစ် နေပြည်တော်တွင် သုံးကြိမ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များဖြစ်သော ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင်(ဟံသာဝတီ ဦးအုန်းကြိုင်)က ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်နှင့် သတင်းမီဒီယာသမားများ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး တာဝန်ထမ်းဆောင်ကြမည်ဆိုပါက တိုင်းပြည်ဖွံ့ဖြိုးသာယာရန် အမြန်ဆုံး နီးစပ်မည်ဖြစ်ပြီး ယင်းရည်ရွယ်ချက်ဖြင့် မဏ္ဍိုင်(၄)ရပ် ဆွေးနွေးပွဲများ ကျင်းပခြင်းဖြစ်ကြောင်း၊ သတင်းသမားသည် ဥပဒေ၊ ကျင့်ဝတ်များကို လိုက်နာထိန်းသိမ်းရန်လိုကြောင်း၊ စတုတ္ထမဏ္ဍိုင် ပီပီပြင်ပြင် ပေါ်ပေါက်ရေးကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သတင်းလွတ်လပ်ခွင့်ကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်အောင် မဏ္ဍိုင်ကြီး သုံးရပ်က ပုဂ္ဂိုလ်များထံမှ ပြည်သူများ သိနိုင်သော၊ သိပိုင်ခွင့်ရှိသော သတင်းများကို ဖော်ပြရန် အဓိကဖြစ်ကြောင်း၊ ဘက်မလိုက်ဘဲ တိတိကျကျ မှန်မှန်ကန်ကန် ဖော်ပြပေးရန် တာဝန်မှာ သတင်းမီဒီယာသမားများ၏ တာဝန်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များမှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာကောင်စီဝင်များ၊ သတင်းသမားများက သတင်းရရှိခွင့်၊ မီဒီယာဥပဒေ၊ စာနယ်ဇင်းကျင့်ဝတ်ဆိုင်ရာများ၊ ဒီမိုကရေစီနှင့်အတူ သတင်းမီဒီယာကဏ္ဍ အရေးကြီးမှုဆိုင်ရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**အောင်စံမောင်**

# ကနူး၊ ကယက် ရော်ဘာလှေစီးခရီးစဉ် ဖော်ဆောင်နိုင်ရေး အစည်းအဝေးကျင်းပ

**လွိုင်ကော် ဩဂုတ် ၂၄**

ကယားပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်များဖြင့် ကနူး၊ ကယက် ရော်ဘာလှေစီးခရီးစဉ်နှင့် သဘာဝအခြေပြု ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည့် Ardent Alliance Co.,Ltd. မှ တာဝန်ရှိသူများက ရေတို/ ရေရှည်စီမံချက်များ ရှင်းလင်းတင်ပြခြင်းကို ယမန်နေ့က ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Ardent Alliance Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက "ကနူး၊ ကယက် ရော်ဘာလှေစီး ခရီးစဉ်နှင့် သဘာဝအခြေပြု ခရီးသွားလုပ်ငန်း" ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရေတို/ရေရှည်စီမံချက်များကို အဆင့်ဆင့်သတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများ၊ မြေပြင်အခြေအနေတွင် တွေ့ကြုံနေရသည့် အခြေအနေများ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှုများ၊ တောင်သုံးလုံးအနီးတစ်ဝိုက်ရှိ မြေလွတ်မြေရိုင်းဧရိယာတွင် ခရီးသွားလုပ်ငန်း ဖော်ဆောင်မည့် အခြေအနေများနှင့် ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြပြီး ဟိုတယ်နှင့် ခရီးသွားကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာန တာဝန်ရှိသူများက သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လွိုင်ကော်သား**

# တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ကြီး ဩဂုတ် ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့တွင် တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က ပြောင်းလဲလာသည့် ခေတ်စနစ်သစ်နှင့်အညီ ပြည်နယ်အတွင်းရှိ ကလေးသူငယ်များအားလုံး ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်တွင် နိုင်ငံ့သားကောင်း သမီးကောင်းရတနာများ ပေါ်ထွန်းလာရေးတို့အတွက် ဥပဒေများ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့်အညီ အဆင့်ဆင့်သော ကော်မတီများအနေဖြင့် အကြံဉာဏ်ကောင်းများကို ဆွေးနွေးပေးကြရန်နှင့် ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

တောင်ကြီးခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ တောင်ကြီး၊ ညောင်ရွှေ၊ ဟိုပုံး၊ ဆီဆိုင်၊ ရပ်စောက်၊ ကလော၊ ပင်လောင်း၊ ဖယ်ခုံ၊ ရွာငံ၊ ပင်းတယတို့မှ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ ဥက္ကဋ္ဌများက မိမိတို့ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးခဲ့သည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# ရထားလမ်းပျက်စီးနေသဖြင့် ရန်ကုန် - ပုဂံရထား အောင်လံဘူတာတွင် ရပ်နားထားရ

**အောင်လံ ဩဂုတ် ၂၄** - ရန်ကုန်မြို့မှ ပုဂံသို့ ထွက်ခွာလာသော အမှတ်(၆၁) အဆန်လူစီးအမြန်ရထားသည် ယနေ့နံနက်ပိုင်းက အောင်လံမြို့ အောင်လံဘူတာသို့ ဆိုက်ရောက်လာခဲ့ရာ ဆင်ပေါင်ဝဲမြို့နယ် ကေရာဇ်ဘူတာနှင့် လေ့ဝန်းဘူတာအကြားရှိ ငွေချိုကျေးရွာအနီးတွင် တောင်ကျရေများကျသဖြင့် ရထားသံလမ်းများကို ရေတိုက်စားပြီး သံလမ်းများပျက်စီးကာ ရထားဆက်လက်သွားလာနိုင်မှု မရှိသည့်အတွက် ရထားမှာ အောင်လံဘူတာတွင် ရပ်နားထားရသည်။

အဆိုပါရထားပေါ်တွင် ပြင်သစ်နိုင်ငံသား သုံးဦးနှင့်အတူ ခရီးသည် ၁၂၀ ခန့် လိုက်ပါစီးနင်းလာခဲ့ရာ ခရီးသည်များအား ကိုးပင်ဘူတာမှ ပုဂံဘူတာသို့ ဆက်လက်ထွက်ခွာနိုင်ရေးအတွက် အောင်လံဘူတာရုံပိုင် ဦးဇော်အောင်က ခရီးသည်များအား ကိုးပင်ဘူတာသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၃၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၃၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၉၀၀ ကျပ် | ၉၀၅/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၁၀ ကျပ် | ၉၂၀/၉၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၈၀၅ ကျပ် | ၈၂၅/၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၈ ・ ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၀ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၅ ・ ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၃ ・ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၄ ・ ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၆ ・ ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၄ ・ ၄၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၁၉၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・ ၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၂ ・ ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၅၁၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၄၁၀ | ၄၇၆၁၀၀၀ |
| MTSH | ၄၁၀၀ | ၄၁၀၀ | ၈၇၂၇ | ၃၅၇၈၀၇၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၀ | ၀ |
| FPB | ၂၅၀၀၀ | ၂၅၀၀၀ | ၀ | ၀ |
| TMH | ၃၀၅၀ | ၃၁၀၀ | ၄၆၉ | ၁၄၁၆၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လှိုင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေယျနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၃၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၃၅၊ ဖက်စ် ၀၆၇-၃၆၁၀၃၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၀၅၊ ငွေစာရင်း ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၅၉၀၄၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၅၉၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၇၊ Fax ၀၁-၅၀၀၄၅၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သိမှတ်စရာအဖြာဖြာ (General Knowledge)

## ပွဲတော်တွေမှာမပါမဖြစ် မီးရှူး၊ မီးပန်းတွေ

ကေ - ဂျူဝယ်လ်

**ဒီတစ်ပတ်မှာတော့ ကလေးတို့အကြိုက် မီးရှူး၊ မီးပန်းတွေ ဘယ်လိုဖောက်ကြသလဲ။ ဘာတွေနဲ့ မီးပန်းတွေလုပ်ထားသလဲဆိုတာနဲ့ပတ်သက်ပြီး ဗဟုသုတအဖြစ် မျှဝေပေးချင်ပါတယ်။ သီတင်းကျွတ်လိုကာလမျိုးမှာ မီးပန်းလေးတွေကို လက်ကနေကိုင်ပြီး ဝှေ့ရမ်းကြတယ်။ ပြောက်အိုးလေးတွေ ဖောက်ကြတယ်။ ပေသီးလို့ခေါ်တဲ့ ယမ်းကို စက္ကူလေးနဲ့ ထုပ်ထားတဲ့ ပေသီးလို့ခေါ်တဲ့ အရာလေးတွေကို မြေကြီးပေါ်ပစ်ပေါက်ဆော့ကစားကြတယ်။ လူကြီးတွေက စုပေါင်းလွှတ်ကြတဲ့ မီးရှူးတိုင်တွေ၊ မီးပန်းတွေက ပုံစံစုံ ကောင်းကင်ပေါ်မှာ ရောင်စုံမီးပွင့်လေးတွေ တလက်လက်နဲ့ တောက်ပတဲ့ မီးရှူးကြီးတွေဟာ မီးခိုးငွေ့တွေထွက်တယ်။ ကျယ်လောင်တဲ့အသံတွေ မြည်တယ်ဆိုတာ ကလေးတို့လည်း သိကြမှာပါ။**



အဲဒီလို မီးရှူး၊ မီးပန်းတွေ စတင်ပစ်လွှတ်ကြတာကို တရုတ်နိုင်ငံကနေ စခဲ့တယ်လို့ သိရပါတယ်။ တရုတ်ပြည်ကြီးရဲ့ဘုရင်အဆက်ဆက်ရှိတဲ့အထဲက ဆွန်းမင်းဆက်ဘုရင်တွေ လက်ထက် သက္ကရာဇ် ၉၆၀-၁၂၇၉ ခုနှစ်လောက်မှာ မီးရှူး၊ မီးပန်းတွေ စအသုံးပြုခဲ့တယ်လို့ သမိုင်းမှတ်တမ်းအချို့မှာ ဖော်ပြထားပါတယ်။ တရုတ်နှစ်သစ်ကူးပွဲတော်တွေနဲ့ လကြည့်ပွဲလိုမျိုးပွဲကြီးတွေကနေစပြီး အထိမ်းအမှတ်နေ့တွေ၊ ပွဲလမ်းသဘင်တွေမှာ မီးရှူး၊ မီးပန်းတွေ ဖောက်လွှတ်ပြီး ပျော်ရွှင်တာကို ဖော်ပြခဲ့ကြပါတယ်။ အဲဒီလို အလင်းရောင်ပါပြီး မီးခိုးတွေလည်းထွက်၊ အသံလည်းမြည်တဲ့ မီးရှူးမီးပန်းတွေကြောင့် တစ္ဆေ၊ သရဲနဲ့ ဝိညာဉ်တွေဟာ သူတို့ဆီမလာနိုင်တော့ဘူးလို့ ယုံခဲ့ကြသတဲ့။

အနောက်တိုင်းမှာ မီးရှူး၊ မီးပန်းဆိုတာ လုံးဝအသုံးမပြုသေးခင် တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ဟာ တဝုန်းဝုန်းတဒိုင်းဒိုင်းနဲ့ ပစ်နေကြပါပြီတဲ့။ ၁၅၄၉ ခုနှစ် အီတလီနိုင်ငံမှာ ကျင်းပတဲ့ မီးပန်းပွဲတော်မှာတော့ မီးရှူး၊ မီးပန်းတွေကို လာရောက်ကြည့်ရှုသူများပြားခဲ့ပါသတဲ့။ ၁၇ ရာစုနဲ့ ၁၈ ရာစုကာလတွေရဲ့ ပွဲလမ်းသဘင်တွေတိုင်း၊ အထိမ်းအမှတ်ပွဲတွေတိုင်းအပြင် စစ်ပွဲကာလတွေအတွင်းမှာပါ မီးပန်းဖောက်တာ၊ မီးရှူးပစ်တာတွေဆိုတာမျိုးဟာ ခေတ်အစားဆုံး ကာလတွေဖြစ်လာပါသတဲ့။ နိုင်ငံတိုင်းဟာ သူတို့နိုင်ငံတွေရဲ့ ပွဲလမ်းသဘင်တိုင်း မီးရှူး၊ မီးပန်းဖောက်လွှတ်တာကို ထည့်သွင်းလာကြသတဲ့။ ၁၉ ရာစုမှာတော့ ထင်ရှားကျော်ကြားသူတွေရဲ့ ပုံတူတွေ၊ ရုပ်ပုံပန်းချီကားချပ်တွေ၊ နိုင်ငံအလံတွေ၊ မီးသဘော်နဲ့ အခြားအခြားသော မီးပန်းကို အသုံးပြုပြီး ပုံသဏ္ဍာန်ဖော်တာတွေကို တွင်တွင်ကျယ်ကျယ်ကြီး ပြုလုပ်လာခဲ့ကြပါတယ်။ မီးရှူးမီးပန်းတွေဟာ အရောင်အသွေးစုံ၊ ပုံသဏ္ဍာန်စုံလာပြီး အသုံးပြုတဲ့နည်းစနစ်တွေလည်း အားကောင်းလာခဲ့ပါသတဲ့။

### မီးရှူးမီးပန်းတွေကို ဘာတွေနဲ့လုပ်ထားသလဲ

ကလေးတို့တွေ့မြင်ရတဲ့ မီးပန်းကလေးတွေ၊ မီးရှူးတိုင်ကလေးတွေမှာ အဓိကကတော့ ယမ်းစိမ်း၊ ကန့်နဲ့ မီးသွေးတို့ပါဝင်ပါတယ်။ အဲဒီအရာသုံးမျိုးကို ရောကြိတ်ပြီး ဓာတ်သတ္တုအချို့နဲ့ ပေါင်းစပ်လိုက်ပါတယ်။ ဥပမာပြောရရင် အဝါရောင်မီးရောင်ထွက်ဖို့ ဆိုဒီယမ်သတ္တုကို ထည့်သွင်းပေးရသလို အနီရောင်ထွက်လာဖို့ ကယ်လ်ဆီယမ် သတ္တု၊ ကြက်သွေးရောင်အတွက် စထရွန်စီယံနဲ့ အစိမ်းရောင်အတွက် ဗေရီယမ်သတ္တုတွေ သုံးပြီး အရောင်အမျိုးမျိုးထွက်လာစေသတဲ့။ ကြေးနီမှုန့်ထည့်ထားရင် စိမ်းပြာရောင်





မီးရောင်တွေ မြင်ရပါသတဲ့။ သံနဲ့ သွပ်မှုန့်လေးတွေ ပေါင်းစပ်ထားလို့ မီးပွားလေးတွေက ဟိုဟိုဒီဒီ လွင့်ပျံ့သွားကြတာပေ့ါ။ ယမ်းမှုန့်လေးတွေ ညက်နေရင် ပေါက်ကွဲမှုပြင်းအားက အမြင့်ဆုံးဖြစ်ပါသတဲ့။ အချို့ကလည်း မီးရှူးမီးပန်းလေးတွေလုပ်တဲ့အခါ ပရုတ်မှုန့်ကို ထည့်ထားလို့ အနံ့မွှေးသလို အသံလေးကလည်း ပိုကြည်စေတယ်လို့ သိရပါတယ်။

မီးရှူးတိုင်မှာ လိုအပ်တဲ့အခြားတစ်ခုကတော့ စနက်တံဖြစ်ပါတယ် ကလေးတို့ရေ။ စနက်တံဆိုတာ စောစောက မမတို့ပြောထားတဲ့ ဓာတ်သတ္တုတွေပေါင်းစပ်ထားတဲ့ အရာကို မိုးပေါ်မှာ လောင်ကျွမ်းနိုင်အောင် မီးတို့ပေးတဲ့ လောင်စာချောင်းကလေးပဲပေ့ါ။ စနက်တံကို မီးရှို့လိုက်ပြီဆိုတာနဲ့ တဖြည်းဖြည်းတိုသွားပြီး ယမ်းမှုန့်တွေ၊ သံမှုန့်တွေ၊ သတ္တုမှုန့်တွေအားလုံး စုပုံလောင်ကျွမ်းဓာတ်ပြုပြီး မီးပန်းတွေ ထွက်စေတာ မဟုတ်လား။ စနက်တံကိုတော့ ဂွမ်းစကို ကျစ်ထားပြီး ယမ်းမှုန့်နဲ့ကော်ရည်တို့ သုတ်လိမ်းထားတတ်ပါသတဲ့။

### မီးရှူး၊ မီးပန်းတွေဘယ်မှာသုံး

ပျော်ပွဲရွှင်ပွဲတွေအတွက်ပဲ မီးရှူးမီးပန်းတွေကို သုံးတယ်လို့တော့ မထင်လိုက်ပါနဲ့ ကလေးတို့ရေ။ အမှန်က မီးရှူးတိုင်တွေရဲ့ကျေးဇူးကလည်း အတော်ကြီးတာရှိပါသေးတယ်။ လမ်းပြတဲ့နေရာ၊ အရေးပေါ်အခြေအနေ ကယ်ဆယ်ဖို့အတွက် အကူအညီတောင်းရတဲ့အခါမျိုးတွေမှာ မီးရှူးမီးပန်းတွေ ဖောက်လွှတ်တတ်ကြသတဲ့။ ကားတွေတိုင်းမှာ မီးရှူးတိုင်တစ်တိုင်ဆီ ထည့်သွင်းပေးထားတယ်။ အရေးပေါ်အကူအညီလိုရင် နေရာကို ပြသနိုင်အောင်ပေ့ါ။ သင်္ဘောကြီးတွေမှာဆိုရင် မီးရှူးတွေ အရောင်အများကြီး သတ်မှတ်ထားတာရှိတယ်။ သတိပေးချင်တဲ့အခါ၊ သင်္ဘောအန္တရာယ်ကြုံတဲ့အခါ၊ နှုတ်ဆက်လိုတဲ့အခါ သင်္ဘောမာလိန်မှူးကြီးတွေက မီးရှူးမီးပန်းတွေ ဖောက်ကြတာပေ့ါ။ စစ်ပွဲဖြစ်နေတဲ့နေရာတွေမှာလည်း မီးရှူးမီးပန်းတွေ သုံးကြတာရှိသတဲ့။ နောက်တန်းက တပ်တွေဆီ ရှေ့တန်းကတပ်တွေက သတင်းမြန်မြန်ပို့ချင်တဲ့အခါ မီးရှူးမီးပန်းတွေ ကောင်းကင်ကို လွှတ်တင်ကြတာပေ့ါ။ ဒါပေမယ့် မီးရှူးမီးပန်းတွေဟာ ယမ်းတွေ၊ ဓာတ်သတ္တုတွေနဲ့ ပေါင်းစပ်ထားတာဖြစ်လို့ မီးလောင်လွယ်ပြီး အန္တရာယ်လည်းများတတ်ပါတယ်။ ဒါကြောင့်လည်း မီးရှူးမီးပန်းတွေ၊ ပြောက်အိုးတွေ ဆိုရင် သီတင်းကျွတ်တို့၊ တန်ဆောင်တိုင်တို့မှာ တားမြစ်ထားတာကို ကလေးတို့ သိထားရမယ်နော်။ အသံဆူဆူညံညံ၊ မီးခိုးငွေ့တွေထွက်ပြီး အနှောင့်အယှက်မဖြစ်အောင် အတတ်နိုင်ဆုံးအသုံးပြုဖို့တော့လိုပါလိမ့်မယ်နော်။ ။

# လောကဝတ် (Etiquette)

မမမေ

## ချစ်စဖွယ်ပျူငှာ အမူအရာ

**မမမေက ဒီတစ်ပတ်မှာတော့ ချစ်စဖွယ်ပျူငှာအမူအရာလို့ခေါ်တဲ့ ကလေးတို့ရဲ့မျက်နှာပေါ်က အပြုံးလေးတွေ၊ အရယ်လေးတွေ၊ မေးငေါ့မှုလေးတွေ၊ နှာခေါင်းရှုံ့တာလေးတွေအပါအဝင် လက်ညှိုးထိုးတာ၊ လက်ဝါးရိုက်တာ စတဲ့အပြုအမူလေးတွေထဲက သတိပြုရမယ့် အမူအရာလေးတွေကို တင်ဆက်ပေးလိုပါတယ်။**



### ခေါင်းကြီးလည်အောင်မရမ်းနဲ့


မကြိုက်တဲ့အခါ၊ မကျေနပ်တဲ့အခါ ခေါင်းရမ်း တတ်တဲ့ကလေးတွေရှိပါတယ်။ အများစုက အသာအယာပဲ ခေါင်းရမ်းကြပေမယ့် တချို့ကလေးတွေကတော့ သိပ်ကိုဆိုးဆိုးဝါးဝါးပုံစံ လုပ်ပြတတ်တာပေ့ါ။ တစ်နှစ်သား၊ နှစ်နှစ်သားအရွယ်မှာ ခေါင်းရမ်းတာ ချစ်စရာကောင်းပေမယ့် အသက်သုံးနှစ်မကဖြစ်လာပြီ မူလတန်း၊ အလယ်တန်းအရွယ် ရောက်သွားတဲ့အထိ ခေါင်းရမ်း နေမယ်ဆိုရင်တော့ ရိုင်းပျတဲ့ကလေးတွေ ဖြစ်လာမှာပေ့ါ။ ဒါကြောင့် ငြင်းဆန်တဲ့အခါ ခေါင်းလေးကို သာသာယာယာလှုပ်တာလောက်ပဲ ကလေးတို့ပြုလုပ်သင့်ပါတယ်။


### နှုတ်ဆက်တဲ့အခါ အပြုံးထည့်ပါ


မေမေ၊ ဖေဖေတို့က သားတို့သမီးတို့ တစ်ခါမှ မတွေ့ဖူးတဲ့သူတွေနဲ့ မိတ်ဆက်ပေးတာကို ခံရဖူးသလား။ ဒါဆိုရင်တော့ တော်တော်ကံကောင်းတဲ့ကလေးတွေပေ့ါ။ မေမေတို့က ကလေးတို့ကို သိပ်ချစ်တဲ့အတွက် လူကြီးသေးသေးလေးတွေလို သဘောထားပြီး မသိသေးတဲ့သူတွေနဲ့ သူငယ်ချင်းဖြစ်အောင် မိတ်ဆက်ပေးကြတာပေ့ါ။ အဲဒီလိုမျိုး မိတ်ဆက်တဲ့အခါ တချို့ကလေးတွေဟာ လူကြီးဒါမှမဟုတ် ရွယ်တူတွေကို သေသေချာချာ မကြည့်ဘဲ ဖုန်းကို ဆက်ကြည့်နေတာမျိုး၊ ကာတွန်းကားကိုကြည့်ပြီး မလှည့်ချင်လှည့်ချင် ဝတ်ကျေတမ်းကျေ လှည့်ကြည့်တာမျိုးလုပ်ကြသတဲ့။ အဲဒါဟာ သူငယ်ချင်းကောင်း၊ မိတ်ဆွေကောင်းတွေ မရလာအောင် လုပ်တာနဲ့ အတူတူပါပဲ ကလေးတို့ရေ။ လူကြီးတွေက တစ်ယောက်ယောက်နဲ့ မိတ်ဆက်ပေးတဲ့အခါ သူတို့ကို သေသေချာချာ ပြန်ကြည့် နှစ်လိုပြီး ချစ်စရာ အကောင်းဆုံး အပြုံးလေးနဲ့ ဟုတ်ကဲ့ရှင့်၊ ဟုတ်ကဲ့ခင်ဗျာ သား / သမီး ကတော့ ဘယ်သူပါ ဆိုတာကို ပျော်ပျော်ရွှင်ရွှင် ပြန်တုံ့ပြန်နှုတ်ဆက်ဖို့ လေ့ကျင့်ကြည့်ကြပါဦးနော်။ ။





ကျန်းမာကြံ့ခိုင်သည့် အနာဂတ်ကမ္ဘာဆီသို့
မရွှေရည်လင်းလက် ဒုတိယတန်း အလက-၂ (ဗဟန်း)
ဓာတ်ပုံ - မေမေ


HTOO


ကာတွန်း
စမ်းချောင်းကိုကိုအောင်
ပညာတူး၊ နင်က အကျီအညစ်တွေ ဘာတွေနဲ့..၊
ငါ့အမေဝယ်ပေး တာဟ၊
အောင်မယ်.. ဒါဆိုဒီနေ့ နင့်မွေးနေ့ပေါ့..၊
ငါတို့ကိုတစ်ခုခု လိုက်ကျွေး၊
မဟုတ်ဘူး၊ စာမေးပွဲ မှာအဆင့်တက်လာလို့ ဂုဏ်ပြုတာ၊
အရင်လက အဆင့်ငါးဆယ်၊
ဒီလ-လေးဆယ့်ကိုး လေ..၊
ပြီး၊




ပေါက်စနီ




ဘယ်ကျော်
ဒီနေ့ ဘာဟင်းလဲ
မိန်းမရေ။ ဗိုက်ဆာ
ဖြီကွာ...
မောင်အကြိုက်
ဘဲဥဆီပြန်ဟင်းမောင်
ရေ...
ထမင်းခူးတော့ကွာ...
စားရအောင်...
ဒီနေ့က မောင့်သားလေး
ကိုယ်တိုင်ဘဲဥတွေကိုအခွံ ခွာပေး
ထားတာမောင်ရဲ့...
ဟာ...ဒါဆိုပိုပြီး စားလို့
ကောင်းတော့မှာပေါ့ကွ...
အ...အ...
ဟင်...ဘဲဥတွေ
က အကာတွေချည်း
ပါလား...
မောင့်သားက ဘဲဥတွေအခွံ
ခွာနေရင်းခင့်အလစ်မှာ အနှစ်တွေ
ကိုစားပစ်လိုက်တယ်လေ...
ဘဲဥအနှစ်တွေက
သားကိုလာစားပါလို့ခေါ်
နေလို့ ဖေဖေရဲ့... ဟီး..

# မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း (၁၁)**

**ယာယီမြေသိမ်းဆည်းခြင်း**

၅၄။ ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အများပြည်သူအကျိုးအလို့ငှာ အောက်ပါကိစ္စရပ်များအတွက် ငါးနှစ်ထက်မပိုစေဘဲ ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ နည်းလမ်းအတိုင်း ယာယီမြေသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းနှင့် အသိပေးကြေညာခြင်းတို့ ပြုလုပ်ပြီး ယာယီမြေသိမ်းဆည်းခြင်းကို ဆောင်ရွက်နိုင်သည် -

(က) နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနှင့် စစ်ဆင်ရေးများအတွက် ယာယီအသုံးပြုရန် လိုအပ်သည့် ကိစ္စရပ်များ၊

(ခ) နိုင်ငံတော်၏ စီမံကိန်းတစ်ရပ်ရပ်အတွက် စီမံကိန်းကာလအတွင်းသာ ယာယီအသုံးပြုရန် လိုအပ်သည့် ကိစ္စရပ်များ၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်တွင်း ပြည်ပ ပုဂ္ဂလိက၊ ကုမ္ပဏီများသို့ စီမံကိန်းတစ်ရပ်ရပ်ကို နည်းလမ်းတစ်ရပ်ရပ်အရ ချထားဆောင်ရွက်စေရာတွင် စီမံကိန်းကာလအတွင်းသာ ယာယီလိုအပ်မည့် ကိစ္စရပ်များ၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က ယာယီအသုံးပြုရန် လိုအပ်သည့် ကိစ္စရပ်များ။

၅၅။ ယာယီမြေသိမ်းဆည်းခြင်းအတွက် အောက်ပါမြေများကို ဦးစားပေး စိစစ်သိမ်းဆည်းရမည် -

(က) တစ်စုံတစ်ဦးအနေဖြင့် လက်ဝယ်ထားပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိနေသော်လည်း အသုံးချမှု တစ်စုံတစ်ရာ မရှိသေးသည့် မြေများ၊

(ခ) မြေသိမ်းဆည်းမှုသည် အများပြည်သူအကျိုးစီးပွား ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်ပေါ်စေနိုင်သည့် မြေများ။

၅၆။ ပုဒ်မ ၅၄ အရ ယာယီမြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းနှင့် အသိပေးကြေညာခြင်းတို့ ပြုလုပ်ပြီးနောက် မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် ထိခိုက်နစ်နာသူထံ မည်သည့်မြေများကို မည်သည့်ကာလအပိုင်းအခြားအထိ မည်သည့်ကိစ္စရပ်အလို့ငှာ ယာယီမြေသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ ပူးတွဲ၍ အသိပေးအကြောင်းကြားစာ ပေးပို့ရမည်။ ထို့ပြင် ယာယီမြေသိမ်းဆည်းသည့် ကာလအတွက် ပေးအပ်ရမည့် နစ်နာကြေးနှင့် သတ်မှတ်အခကြေးငွေတို့ကို ထိခိုက်နစ်နာသူများနှင့် ညှိနှိုင်းသဘောတူညီချက် ရယူရမည်။

၅၇။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က ယာယီမြေသိမ်းဆည်းခြင်းအတွက် ပေးလျော်ရန် ဆုံးဖြတ်သည့် နစ်နာကြေးနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာသူများက ကျေနပ်မှုမရှိသဖြင့် သက်ဆိုင်ရာတရားရုံးသို့ လွှဲအပ်လွှာ တင်သွင်းရန် တောင်းဆိုလျှောက်ထားခြင်း၊ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က သက်ဆိုင်ရာတရားရုံးသို့ လွှဲအပ်လွှာတင်သွင်းခြင်းနှင့် တရားရုံးက ထိုလွှဲအပ်လွှာအမှုတွင် စုံစမ်းစစ်ဆေးပြီး အမိန့်နှင့် စီရင်ချက်ချမှတ်ခြင်းတို့ကို ပုဒ်မ ၄၁၊ ၄၂၊ ၄၃ နှင့် ၄၄ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၅၈။ ယာယီမြေသိမ်းဆည်းခြင်းကာလ လွန်မြောက်ပြီးနောက် မြေကိုပြန်လည်အပ်နှံချိန်တွင် အသုံးပြုမှုကြောင့် မြေတွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ပါက ထိခိုက်နစ်နာသူများနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် နစ်နာကြေးပေးလျော်ရမည်။

**အခန်း (၁၂)**

**သိမ်းဆည်းပြီး လွှဲပြောင်းပေးခဲ့သည့် မြေများကို နိုင်ငံတော်က ပြန်လည်ရယူခြင်း**

၅၉။ မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းက မည်သည့်ရည်ရွယ်ချက်အတွက် မြေကို သိမ်းဆည်းခဲ့စေကာမူ အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ခဲ့လျှင် ယင်းမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်မှ ပြန်လည်ရယူနိုင်သည် -

(က) သိမ်းဆည်းထားသည့်မြေတွင် နိုင်ငံတော်အတွက် သမိုင်းတန်ဖိုးကြီးမြင့်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တွေ့ရှိခြင်း၊

(ခ) ဓာတ်သတ္တုနှင့် ကျောက်မျက်ရတနာ တူးဖော်ရန်အလို့ငှာ မဟုတ်ဘဲ အခြားရည်ရွယ်ချက်ဖြင့် သိမ်းဆည်းမြေတွင် အဖိုးတန်သယံဇာတနှင့် ကြွယ်ဝသတ္တုသိုက်များ တွေ့ရှိခြင်း၊

(ဂ) မူလကတိကဝတ် အာမခံချက်ပြုထားသည့်အတိုင်း လူမှုစီးပွားရေး ထိခိုက်နစ်နာစေမှု ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု တားဆီးကာကွယ်ရေး အစီအမံများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေး ထိခိုက်စေမှုများ ဖြစ်ပေါ်ခြင်း၊ လူမှုစီးပွားရေးအခြေအနေများ ယိုယွင်းထိခိုက်နစ်နာစေခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိခိုက်ပျက်စီးစေခြင်း၊

(ဃ) မူလရည်ရွယ်သည့်အတိုင်း စီမံကိန်းသတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိခြင်း၊

(င) လျှာထားချက်အတိုင်း အသုံးမပြုခြင်း သို့မဟုတ် အသုံးပြုရန် မလိုအပ်တော့ခြင်း၊

(စ) အသုံးပြုရန် လိုအပ်သည်ထက် ပိုမိုရယူထားကြောင်း စိစစ်တွေ့ရှိခြင်း၊

(ဆ) ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို သဘောတူညီထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးမှု မရှိခြင်းနှင့် ပျက်ကွက်ခြင်း၊

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့မှ အကြောင်းခြင်းရာတစ်ရပ်ရပ်ကြောင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာကို ပြန်လည်ဖျက်သိမ်းခြင်း။

၆၀။ ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဂ) မှ (ဆ) အထိ ကိစ္စရပ်များအတွက် နိုင်ငံတော်အနေဖြင့် ပြန်လည်သိမ်းဆည်းခြင်းဖြစ်ပါက မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းသည် မြေသိမ်းဆည်းမှု ကုန်ကျစရိတ်အရပ်ရပ်ကို ပြန်လည်တောင်းခံပိုင်ခွင့် မရှိစေရ။

၆၁။ အများပြည်သူအကျိုးအလို့ငှာ ရည်ရွယ်၍ လုပ်ငန်းတစ်ရပ်ရပ် ဆောင်ရွက်ရန် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းသည် -

(က) သိမ်းဆည်းခဲ့သောမြေကို အသုံးမပြုတော့လျှင်ဖြစ်စေ၊ အသုံးမလိုတော့လျှင်ဖြစ်စေ၊ ဆက်လက်အသုံးပြုရန် အကြောင်းမရှိတော့လျှင်ဖြစ်စေ နိုင်ငံတော်သို့ စနစ်တကျ ပြန်လည်အပ်နှံရမည်။

(ခ) သိမ်းဆည်းခဲ့သောမြေကို ရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း အသုံးမပြုသည့်အခါဖြစ်စေ၊ ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အခြားဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲပြောင်းလျှင်ဖြစ်စေ မြေသိမ်းဆည်းခြင်းသည် ပျက်ပြယ်ပြီး ထိုမြေသည် နိုင်ငံတော်၏ လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ပြန်လည်အပ်နှံသည့် မြေ သို့မဟုတ် ပုဒ်မခွဲ (ခ) အရ နိုင်ငံတော်၏ လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည့် မြေနှင့်စပ်လျဉ်း၍ မြေသိမ်းဆည်းမှု ကုန်ကျစရိတ်နှင့် ထိုမြေတွင် ရင်းနှီးမြှုပ်နှံသည့်ငွေများကို နိုင်ငံတော်ထံမှ တစ်စုံတစ်ရာ တောင်းဆိုပိုင်ခွင့် မရှိစေရ။

၆၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၆၀ အရ နိုင်ငံတော်၏ လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည့်မြေကို အများပြည်သူအကျိုးအလို့ငှာ နိုင်ငံတော်အတွက် လိုအပ်သော စီမံကိန်းတစ်ခုခုတွင် အသုံးပြုနိုင်သည်။

**အခန်း (၁၃)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၆၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသော အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်အား ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ပိတ်ပင်တားဆီးခြင်း၊

(ခ) အများပြည်သူအကျိုးအလို့ငှာ ဤဥပဒေအရ ဆောင်ရွက်လျက်ရှိသည့် မြေသိမ်းဆည်းခြင်းလုပ်ငန်းစဉ်တစ်ရပ်ရပ် ထိခိုက်ပျက်ပြားစေရန် မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်ခြင်း။

၆၄။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသူ မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သည့် ဆောင်ရွက်ချက်များကို မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၅။ မည်သူမဆို ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသော အဖွဲ့သို့ဖြစ်စေ၊ ပုဂ္ဂိုလ်ထံဖြစ်စေ မမှန်ကန်သော သက်သေခံချက်နှင့် အထောက်အထားများကို မမှန်ကြောင်းသိလျက်နှင့် တမင် တင်ပြကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အခန်း (၁၄)**

**အထွေထွေ**

၆၆။ ဤဥပဒေဖြင့် အာဏာတည်ခြင်းမှ ရုပ်စဲလိုက်သည့် The Land Acquisition Act (India Act I, 1894) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ဆင့်ဆိုချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၇။ ဤဥပဒေဖြင့် မြေသိမ်းဆည်းခြင်းမဟုတ်ဘဲ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြေကိုရယူအသုံးပြုခြင်းကြောင့် အကျိုးစီးပွားထိခိုက်နစ်နာမှုများရှိခဲ့ပါက ပုဒ်မ ၄၅ အရ လျော်ကြေး၊ နစ်နာကြေးပေးခြင်းကိစ္စမှအပ မြေတွင် ထိခိုက်နစ်နာသူတို့အား ဤဥပဒေပါ လျော်ကြေး၊ နစ်နာကြေးပေးခြင်းနှင့် မြေပိုင်ဆိုင်ခွင့်ရှိသူအား ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များနှင့်အညီ ဆီလျော်သလို ကျင့်သုံးဆောင်ရွက်ရမည်။

၆၈။ ဤဥပဒေအရ မြေသိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ -

(က) ထိခိုက်နစ်နာသူတို့အား ပေးလျော်သည့် လျော်ကြေးနှင့် နစ်နာကြေးတို့အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ရှိသည်။

(ခ) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် မြေပိုင်ဆိုင်ခွင့်ရှိသူတို့ ချုပ်ဆိုသည့် စာချုပ်စာတမ်းအပေါ်တွင် တံဆိပ်ခေါင်းခွန်ကိုလည်းကောင်း၊ ပုဒ်မ ၄၁ အရ လွှဲအပ်လွှာတင်သွင်းရန် တောင်းဆိုသည့် လျှောက်လွှာနှင့် ပုဒ်မ ၄၂ အရ တရားရုံးသို့ တင်သွင်းသည့် လွှဲအပ်လွှာတို့တွင် ရုံးခွန်တံဆိပ်ခေါင်းကိုလည်းကောင်း ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်။ ထို့ပြင် အဆိုပါစာချုပ်စာတမ်းကိုဖြစ်စေ၊ တောင်းဆိုသည့် လျှောက်လွှာကိုဖြစ်စေ၊ လွှဲအပ်လွှာကိုဖြစ်စေ၊ တရားရုံး၏ စီရင်ချက်နှင့် အမိန့်ကိုဖြစ်စေ မိတ္တူလျှောက်ထားရာတွင် အခကြေးငွေ ပေးဆောင်ခြင်းမှလည်း ကင်းလွတ်စေရမည်။

၆၉။ ပုဒ်မ ၆၃ နှင့် ၆၄ တို့အရ အရေးယူသော ပြစ်မှုတစ်ရပ်ရပ်ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၇၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ တာဝန်ခံဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၁။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ The Land Acquisition Act (India Act I, 1894) သည် အာဏာတည်ခြင်းမှ ရုပ်စဲစေရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပူတာအိုခရိုင်၌ စီးပွားဖြစ်ဝက်မွေးမြူရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးသင်တန်းဖွင့်

**ပူတာအို ဩဂုတ် ၂၄**

ကချင်ပြည်နယ် ပူတာအိုခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကကြီးမှူး၍ စီးပွားဖြစ်ဝက်မွေးမြူရေး၊ အာဖရိကဝက်အပြင်းဖျားရောဂါနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးသင်တန်းဖွင့်ပွဲကို ယမန်နေ့က ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုးလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးက အာဖရိကဝက်အပြင်းဖျားရောဂါအကြောင်း သိကောင်းစရာများ၊ ပူတာအိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြင့်သူက တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းအကြောင်း သိကောင်းစရာများ၊ ဆွမ်ပရာဘွမ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းမြင့်အောင်က စီးပွားဖြစ် ဝက်မွေးမြူရေးအကြောင်း သိကောင်းစရာများကို ဩဂုတ် ၂၃ ရက်မှ ၂၄ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ပူတာအိုခရိုင်အတွင်းရှိ ပူတာအို၊ မချမ်းဘော၊ နောင်မွန်၊ ဆွမ်ပရာဘွမ်မြို့နယ်များမှ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ကြောင်း သိရသည်။

**ဖုန်ကန် (ပူတာအို)**



ကချင်ပြည်နယ် ရွှေကူမြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား လျှင်ဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများ စိမ့်ဝင်ပျံ့နှံ့နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်သန်းနှင့် သန္နွေတပ်ဖွဲ့ဝင်များက လျှင်ဘေးအန္တရာယ် သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခြင်းကို ဩဂုတ် ၂၂ ရက်က ကျောင်းဝင်းအတွင်းရှိ ကွင်းပြင်၌ ပြုလုပ်စဉ်။

မြို့နယ် (ပြန်/ဆက်)

# ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှဘွဲ့တံဆိပ်တော်များဆက်ကပ်ခြင်းခံရသည့် သာသနာ့အာဇာနည်ဆရာတော်ကြီးများအား သီပေါဒေသမှကြိုဆိုဂုဏ်ပြုပူဇော်


ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှဘွဲ့တံဆိပ်တော်များဆက်ကပ်ခြင်းခံရသည့် သာသနာ့အာဇာနည်ဆရာတော်ကြီးများ ကြွချီလာစဉ်။

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံအခြေစိုက် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မှ အပြည်ပြည်ဆိုင်ရာ စာရိတ္တနီတိ တက္ကသိုလ်က ချီးမြှင့်ဆက်ကပ်သော "လူထုအကျိုးပြုမဟာလူသားဆန် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ" ရရှိတော်မူသော သီပေါနမ့်လန်ဒေသဖွား သာသနာ့အာဇာနည်ဆရာတော် သုံးပါးတို့အား ကြိုဆိုဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုဒေသနှင့် နမ့်လန်ဒေသတို့တွင် ဩဂုတ် ၅ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

သာသနာ့အာဇာနည်ဆရာတော်ကြီးများ ကြိုဆိုဂုဏ်ပြုပူဇော်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးစိုင်းထွန်းအေးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဥပထ္ထမ္ဘကဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ နမ့်လန်ဒေသပရဟိတအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများက ထိုင်းနှင့် ဂျပန်နိုင်ငံတို့မှ ဆက်ကပ်လှူဒါန်းသောဘွဲ့တံဆိပ်တော်များ၊ အဆောင်အယောင်များ၊ သာသနာ့အလံများ ကိုင်ဆောင်လျက် မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ်ပြည်ထောင်စု လမ်းမကြီးနှင့် နမ့်လန်ဒေသ လမ်းမကြီးတစ်လျှောက် ကြိုဆိုဂုဏ်ပြုပူဇော်ကြသည်။

ဗုဒ္ဓသာသနာပြန့်ပွားရေးကို စွမ်းစွမ်းတမံဆောင်ရွက်နေသည့်သူများကို ထိုင်းနိုင်ငံ Media Council For Buddhidm အဖွဲ့က ချီးမြှင့်သည့် Caja Jakra Award ဟု ခေါ်သည့် ဗုဒ္ဓသာသနာစွမ်းဆောင်ရည်ဆုကို မြန်မာနိုင်ငံမှ ဆရာတော်၊ သံဃာတော်များအပါအဝင် လူပုဂ္ဂိုလ် ၁၇ ဦးက ရရှိခဲ့ကြောင်း ဆုရရှိခဲ့သည့် ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်လန်မြို့ မဇ္ဈိမရာမအလယ်ကျောင်းတိုက် ပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘဒ္ဒန္တဉာဏောဘာသက မြွက်ကြားသည်။

အဆိုပါဆုပေးပွဲအခမ်းအနားကို ၂၀၁၉ ခုနှစ် ဇူလိုင် ၇ ရက်က ထိုင်းနိုင်ငံနွခမ်းပထုန်ခရိုင်တွင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာမှ ဆုရသူဦးရေ ၃၀၀ ကျော်ရှိရာ ၎င်းတို့အထဲတွင် မြန်မာနိုင်ငံမှ ၁၇ ဦး ရရှိခဲ့ခြင်းဖြစ်သည်။

"အခုလိုဆုချီးမြှင့်တာခံရတော့ သာသနာ့ဝန်ကိုပိုပြီး ထမ်းရွက်ဖို့ ခွန်အားတွေရှိလာတယ်။ ပြောရရင်တော့ ပီတိတွေ စားပြီး အားရှိလာတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ တောင်တန်းဒေသတွေမှာ သာသနာပြုသွားမှာပါ" ဟု ဆရာတော်များက မိန့်ကြားသည်။

ဆုရရှိခဲ့သည့်ဆရာတော်များမှာ သီပေါပေါ်ကြိုဒေသမှ ပေါ်ကြိုဘုရားကြီးကျောင်းတိုက်ပဓာနနာယကဆရာတော် ဓမ္မကထိက ဗဟုဇနဟိရေဒေါက်တာဘဒ္ဒန္တဒေဝိန္ဒ M.A. (Sri Lanka) အရှင်သူမြတ်နှင့် နမ့်လန်အလယ်ကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏောဘာသ၊ တန့်ယန်းမြို့မှဘဒ္ဒန္တသုခမိန္ဒ၊ ရန်ကုန်မြို့မှ ဘဒ္ဒန္တက္ကန္ဒကနှင့် မန္တလေးမှကျောင်းထိုင်ဆရာတော် ဒေါက်တာ စဝ်နွံလှိုင်း ဓမ္မသာရတို့ဖြစ်ပြီး လူပုဂ္ဂိုလ်များအနေဖြင့် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ မန္တလေးမှ ဦးစိုင်းမောင်ထွန်း၊ သုဓမ္မသီဂီဒေါ်နန်းမြစိန်၊ နမ့်စန်မြို့မှ ဒေါ်နန်းစံနွန်းနှင့် တန့်ယန်းမြို့မှ ဒေါ်နန်းကြည်ကြည်သိန်း စသည့် ပုဂ္ဂိုလ် ၁၂ ဦးတို့က ရရှိခဲ့ကြသည်။ ဆုရရှိခဲ့ကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များသည် ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် သာသနာပြု၊ တရားပြုကြသူများနှင့် သာသနာပြုလုပ်ငန်းများအတွက် လူအား ဝတ္ထုငွေအားဖြင့် လှူဒါန်းခဲ့ကြသူများဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း သာသနာပြု၊ သာသနာကောင်းကျိုးဆောင်ရွက်နေကြသည့် ဆရာတော်၊ သံဃာတော်များနှင့် လူပုဂ္ဂိုလ်တို့၏ အမည်စာရင်းများကို ဆုရွေးချယ်ရေးအဖွဲ့က စိစစ်၍ ဗုဒ္ဓသာသနာစွမ်းဆောင်ရည်ဆုကို ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ဆုအဖြစ် မဂ္ဂင်ရှစ်ပါးတံဆိပ်၊ ရွှေရောင်ဆင်းရုပ်တုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ထိုင်းဘုရင်အနွယ်တော်မွမ်ကျောက်အူထိုင်းကန်းယားဖာနုဖန်းက ဇူလိုင် ၇ ရက်တွင် ထိုင်းနိုင်ငံ၌ လည်းကောင်း၊ ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံအခြေစိုက် အမေရိကန်ပြည်ထောင်စုဖလော်ရီဒါပြည်နယ်မှ အပြည်ပြည်ဆိုင်ရာစာရိတ္တနီတိတက္ကသိုလ်က လူထုအကျိုးပြုမဟာလူသားဆန် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များကို ဂျပန်နိုင်ငံ၌ ဇူလိုင် ၂၄ ရက် ကလည်းကောင်း၊ နမ့်လန်ဆရာတော်ဘဒ္ဒန္တဉာဏောဘာသနှင့် ဆရာတော်များ၊ လူပုဂ္ဂိုလ်များကို ဆက်ကပ်ချီးမြှင့်ခဲ့သည်။

သီပေါဒေသမှဗုဒ္ဓနွယ်ဝင် တိုင်းရင်းသားပြည်သူများသည် တစ်မူးရလို့တစ်ပဲလှူ၊ တို့ရှမ်းတောင်သူတူနိုင်ရိုးလား ဆိုစကားနှင့်အညီ အလှူဒါနပြုရာတွင် ရက်ရောလှကြောင်း သာသနာပြုအာဇာနည်ဆရာတော်ကြီးများ ကြိုဆိုဂုဏ်ပြုပူဇော်ပွဲက သက်သေပြလျက်ရှိသည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်ကို နေလို၊ လလို၊ ထွန်းလင်းတောက်ပအောင် စွမ်းဆောင်နိုင်စွမ်းရှိသော ရဟန်း၊ သံဃာ၊ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်ယောဂီများကို ဤဆောင်းပါးဖြင့်ဦးညွှတ်ဂုဏ်ပြုပူဇော်အပ်ပါသည်။

**စိုင်းသာလှိုင်**

# ဆိပ်ဖြူမြို့နယ်တွင် ကျောင်းသားကျောင်းသူများ ပန်းချီအောက်ဒိုးလက်တွေ့ရေးဆွဲလေ့ကျင့်

**ဆိပ်ဖြူ ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ပန်းချီဝါသနာရှင် ကျောင်းသားကျောင်းသူလေးများ ကျောင်းအားလပ်ရက် ယမန်နေ့က ယောဝရပ်ကွက် သိမ်ဘုရား၌ လက်တွေ့ရေးဆွဲ လေ့ကျင့်သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပန်းချီဆရာဇော်ဇော်လင်းတို့၏ စီစဉ်မှုဖြင့် ပန်းချီဝါသနာရှင် ကျောင်းသား ကျောင်းသူလေးများ ပန်းချီပညာဖွံ့ဖြိုးတိုးတက်လာစေရန်၊ အခြေခံသဘောတရားနှင့် သဘာဝပတ်ဝန်းကျင် အလှအပများကို လက်တွေ့ရေးဆွဲစေပြီး အရောင်သဘောတရားများ နားလည်ရေးဆွဲနိုင်ရန်၊ ကျောင်းသား ကျောင်းသူလေးများ ရရှိသော ပန်းချီပညာရပ်များကို ကျောင်းနှင့် ပညာရေးဌာနနှင့် ကျောင်းများမှ ကျင်းပသောပန်းချီပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ဘက်စုံပညာထူးချွန်ထက်မြက်လာစေရန်ရည်ရွယ်၍ လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။


ကျောင်းသား ကျောင်းသူများ ပန်းချီအောက်ဒိုး လက်တွေ့ရေးဆွဲလေ့ကျင့်နေစဉ်။

အဆိုပါ ပန်းချီအောက်ဒိုးရေးဆွဲခြင်းကို ပန်းချီဆရာဇော်ဇော်လင်းက ကြီးကြပ်၍ ကျောင်းသား ကျောင်းသူလေးများအား ပတ်ဝန်းကျင် အလှအပ ပန်းချီအယူအဆ၊ အရောင်သဘောတရားများနှင့် မြင်ကွင်းသဘောတရားများကို လက်တွေ့သင်ကြားပေးခဲ့သည်။ အဆိုပါ ကျောင်းသားကျောင်းသူလေးများသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပန်းချီဆရာဇော်ဇော်လင်းတို့က ပူးပေါင်းဖွင့်လှစ်သင်ကြားပေးခဲ့သည့် နွေရာသီပန်းချီသင်တန်းတွင် တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူများဖြစ်ကြောင်း သိရသည်။

**ကိုဇွဲ(အညာမြေ)**

# မကွေးတိုင်းဒေသကြီးတွင် မြေပဲစိုက်ဧကနှစ်သိန်းကျော်သာ စိုက်ပျိုးနိုင်

**မကွေး ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီးတွင် ယခုနှစ်မိုးရာသီ၌ မြေပဲစိုက် ဧက လေးသိန်းကျော်လျာထားခဲ့သော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် မြေပဲစိုက်ဧက နှစ်သိန်းကျော်သာ စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

"ဒီနှစ်မိုးရာသီမှာ မိုးခေါင်ပြီး ရာသီဥတုပြောင်းလဲနေတဲ့အတွက် အညာဒေသ မိုးကောင်းရေသောက် ယာမြေတွေက မိုးရွာတာကိုစောင့်ပြီး ထွန်ယက်စိုက်ပျိုးရတာဖြစ်လို့ စိုက်ချိန်တွေနောက်ကျပြီး စိုက်ဧကတွေလျော့နည်းတဲ့အတွက် ဆီထွက်သီးနှံ မြေပဲကို စိုက်ဧက လေးသိန်းကျော်လျာထားပေမယ့် ၂၇၁၀၆၇ ဧကပဲ စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းတွင် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာတို့ကို စိုက်ပျိုးကြပြီး နှမ်းသီးနှံကို တောင်သူများ အများဆုံးစိုက်ပျိုးကြသည်။ မြေပဲမှာ ဒုတိယအများဆုံးစိုက်ပျိုးသည့် ဆီထွက်သီးနှံဖြစ်ပြီး ယခင်နှစ်က မိုးမြေပဲစိုက်ဧက ၂၈၇၀၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင်မိုးမြေပဲကို မိုးခေါင်မှုကြောင့် ယခင်နှစ်ထက် စိုက်ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးမှုလျော့နည်းခဲ့သည့်အပြင် စိုက်ပြီးဧက ၁၀၉ ဧကမှာလည်း မိုးခေါင်မှုကြောင့် ပျက်စီးခဲ့ရကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ်မိုးမြေပဲကို ဇွန်လဆန်းက မိုးရွာလို့ ထွန်ယက်ပြီး ခြောက်ဧကလောက် စိုက်ပျိုးခဲ့တာ၊ ဆက်ပြီးမိုးမရွာတော့ ကုန်းမြေမှာစိုက်တဲ့ နှစ်ဧကလောက်က အပင်တွေသေကုန်တယ်၊ ချောင်းနဲ့နီးတဲ့ လေးဧကလောက်ပဲ အစိုဓာတ်ရှိတော့ ပျက်စီးမှုနည်းခဲ့တယ်၊ ရာသီဥတု မကောင်းတာရယ်၊ အလုပ်သမားစရိတ် ဈေးကြီးတာကြောင့် မှန်းထားသလောက် မစိုက်ပျိုးနိုင်ခဲ့ဘူး" ဟု မင်းဘူးမြို့နယ် ရေမျက်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးမြေပဲစိုက်တောင်သူများအား သီးနှံအထွက်ကောင်းစေရန် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ သဘာဝမြေသြဇာကို စနစ်တကျသုံးစွဲနည်းများ၊ ရာသီဥတုနှင့်အညီ စိုက်ပျိုးနည်းစနစ်များကို တောင်သူများသိရှိလိုက်နာရမည့် ပညာပေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မေသူလွင်(မကွေး)**

# ပိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက် (တောင်ငူ) စာဖတ်အများဆုံးနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

**တောင်ငူ ဩဂုတ် ၂၄**

ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက် (တောင်ငူ) ၏ ပဋ္ဌမအကြိမ်မြောက် စာဖတ်အများဆုံးနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကို ဩဂုတ်လတတိယပတ်က တောင်ငူမြို့ရှိ အဆိုပါစာကြည့်တိုက်၌ကျင်းပရာ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ နာယက ဦးကျော်လှ (သမာဓိ) က အမှာစကားပြောကြား၍ ကော်မတီဝင် ဒေါက်တာမာမာဝေ (ပါမောက္ခ-ငြိမ်း)က စာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု အခြေအနေများကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာဖတ်အများဆုံးဆုရကလေး လေးဦး၊ လူကြီး နှစ်ဦးနှင့် စာကြည့်တိုက်အတွက် ရန်ပုံငွေ၊ စာအုပ်၊ စာအုပ်စင်၊ သောက်ရေသန့် ရာသက်ပန် အလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီနာယကများ၊ ကော်မတီဝင်များက ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် အလှူရှင်များကိုယ်စားဦးစံလှ (ရဲမှူးကြီး-ငြိမ်း) (စံကေတု)၊ စာဖတ်သူများကိုယ်စား ဦးကျော်ခိုင်တို့က ဝမ်းသာပီတိစကားများ ပြောကြားကြပြီး အခမ်းအနားသို့ စာကြည့်တိုက် ကြီးကြပ်ရေးနာယကများ၊ ကော်မတီဝင်များ၊ အလှူရှင်များ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း [နယ်လှည့် စာကြည့်တိုက် (တောင်ငူ)] မှ တာဝန်ခံများ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

၀၄၈

# တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

# မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေကြမ်း**

**( ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေအမှတ်၊ )**

**၁၃၈၁ ခုနှစ်၊ လ ရက်**

**( ၂၀၁၉ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆက်သွယ်ရေး (Telecommunications)** ဆိုသည်မှာ သတင်းအချက်အလက်တစ်ရပ်ရပ်ကို ဝါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုးတစ်ခုခုကို အသုံးပြု၍သော် လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသော လျှပ်စစ်သံလိုက်ဓာတ်ထုတ်လွှတ်သည့် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍သော် လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကို ဆိုသည်။

(ဂ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ကို ဆိုသည်။

(ဃ) **လှိုင်းနှုန်းစဉ်** ဆိုသည်မှာ ၃ ဟတ်ဇ်မှ ၄၂၀ တာရာဟတ်ဇ် လှိုင်းနှုန်းအထိပါဝင်သည့် စဉ်ဆက်မပြတ်သော လျှပ်စစ်သံလိုက်လှိုင်း၏ လှိုင်းနှုန်းစဉ်ကို ဆိုသည်။

(င) **သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဥပဒေများ** ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် သက်ဆိုင်သော ဥပဒေများ၊ စာပို့တိုက်ကဏ္ဍနှင့် သက်ဆိုင်သော ဥပဒေများအားလုံး ပါဝင်သည်။

(စ) **လိုင်စင်** ဆိုသည်မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဥပဒေများနှင့်အညီ သက်ဆိုင်ရာက ထုတ်ပေးသော လိုင်စင်တစ်ခုခုကို ဆိုသည်။

(ဆ) **ခွင့်ပြုချက်** ဆိုသည်မှာ ဤဥပဒေနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဥပဒေများအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းအရ သက်ဆိုင်ရာကထုတ်ပေးသော ခွင့်ပြုချက်များကို ဆိုသည်။

(ဇ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ ဤဥပဒေနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဥပဒေများနှင့်အညီ သက်ဆိုင်ရာက ထုတ်ပေးသော သက်သေခံလက်မှတ်ကို ဆိုသည်။

(ဈ) **ကွန်ဗင်းရှင်း** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို ဆိုသည်။

(ည) **သဘောတူစာချုပ်** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်တွင်း အစိုးရဌာန၊ အဖွဲ့အစည်းအချင်းချင်းအကြားသော်လည်းကောင်း၊ ပြည်တွင်းအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုနှင့် ပြည်ပနိုင်ငံတစ်ခုခု၏ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတို့အကြားသော် လည်းကောင်း ချုပ်ဆိုသည့် သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာတို့လည်း ပါဝင်သည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ရွေးချယ်ရေးကော်မတီ** ဆိုသည်မှာ ကော်မရှင်ဖွဲ့စည်းနိုင်ရန်အတွက် နိုင်ငံတော်သမ္မတထံသို့ ကော်မရှင်အဖွဲ့ဝင်လောင်း အမည်စာရင်း စိစစ်ရွေးချယ် အဆိုပြုတင်ပြနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် ကော်မတီကို ဆိုသည်။

(ဍ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ စာပို့တိုက်ကဏ္ဍတို့ကို စနစ်တကျကြီးကြပ်ကွပ်ကဲမည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရန်၊

(ခ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဝန်ဆောင်မှုလုပ်ငန်းများဖြင့် နိုင်ငံတော်၏ စျေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန်၊

(ဂ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ စာပို့တိုက်ကဏ္ဍတို့၌ နည်းပညာနှင့် ကျွမ်းကျင်မှုကိုအခြေခံသည့် မျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ဆုံးဖြတ်ချက်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ချမှတ်ဆောင်ရွက်နိုင်ရန်၊

(ဃ) လွတ်လပ်သော ရန်ပုံငွေတစ်ရပ်ထူထောင်၍ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍနှင့် စာပို့တိုက်ကဏ္ဍတို့ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ရန်၊

(င) နိုင်ငံတော်၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် သုံးစွဲသူများ၏ ယုံကြည်မှုကို ရရှိစေရန်၊

(စ) ဆက်သွယ်ရေးဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်။

**အခန်း (၃)**

**ကော်မရှင်ဖွဲ့စည်းခြင်း**

၄။ နိုင်ငံတော်သမ္မတသည် -

(က) ဤဥပဒေအာဏာတည်သည့်နေ့မှ ရက်ပေါင်း ၁၈၀ အတွင်း မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ကို ဖွဲ့စည်းပေးရမည်။

(ခ) ကော်မရှင်ကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ပညာရှင်၊ ဥပဒေပညာရှင်နှင့် စီးပွားရေးပညာရှင်များ ပါဝင်စေလျက် သုံးဦးထက်မနည်း ငါးဦးထက်မပိုဘဲ ဖွဲ့စည်းရမည်။

(ဂ) ကော်မရှင်အဖွဲ့ဝင်များအနက်မှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

(ဃ) ကော်မရှင်ရုံးအဖွဲ့အကြီးအမှူးကို ကော်မရှင်၏ အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကိုဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကော်မရှင်အဖွဲ့ဝင်လောင်း ရွေးချယ်ရေးကော်မတီကို ဤဥပဒေအာဏာတည်ပြီး ရက်ပေါင်း ၃၀ အတွင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် -

(က) ပြည်ထောင်စုလွှတ်တော်နာယက က တာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူ ပုဂ္ဂိုလ်တစ်ဦး၊

(ဂ) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနကိုယ်စားလှယ်တစ်ဦး။

၆။ ရွေးချယ်ရေးကော်မတီသည် ကော်မတီဖွဲ့စည်းပြီးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစည်းအဝေးခေါ်ယူပြီး ကော်မရှင်အဖွဲ့ဝင်လောင်း အမည်စာရင်းကို ပုဒ်မ ၉ နှင့်အညီ နိုင်ငံတော်သမ္မတထံ အချိန်မီတင်ပြနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

၇။ (က) ကော်မရှင်အဖွဲ့ဝင်လောင်းအဖြစ် အဆိုပြုလိုသူများသည် အောက်ပါအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -

(၁) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊

(၂) အသက် ၄၀ နှစ် ပြည့်ပြီးသူ၊

(၃) ဆက်သွယ်ရေးအင်ဂျင်နီယာပညာရပ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာပညာရပ်၊ စီးပွားရေးပညာရပ် သို့မဟုတ် ဥပဒေပညာရပ်ဖြင့် ဘွဲ့ရရှိပြီး ၎င်းပညာရပ်နှင့် သက်ဆိုင်သည့်ကဏ္ဍတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၁၅ နှစ်ရှိပြီးသူ။

(ခ) အောက်ပါအချက်တစ်ရပ်ရပ်ဖြင့် အကျုံးဝင်နေသူတစ်ဦးဦးကို ကော်မရှင်အဖွဲ့ဝင်လောင်းအဖြစ် အဆိုပြုခွင့်မရှိစေရ -

(၁) အဆိုမပြုမီ ၂၄ လ ကာလအတွင်း ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာထမ်းဆောင်နိုင်ရေးအပေါ်တွင် ထိခိုက်စေနိုင်သည့် လုပ်ငန်းတာဝန်တစ်ခုခုထမ်းဆောင်ခဲ့ခြင်း၊ အကျိုးစီးပွားများရယူထားသူဖြစ်ခြင်း သို့မဟုတ် ရယူခံစားခဲ့သူဖြစ်ခြင်း၊

(၂) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံးက ဆုံးဖြတ်ကြေညာခံထားရသူဖြစ်ခြင်း၊ သို့မဟုတ် လူမွဲစာရင်းခံယူသူဖြစ်ခြင်း၊

(၃) အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုတစ်ခုခုဖြင့် ထောင်ကျခံဖူးသူဖြစ်ခြင်း၊

(၄) တည်ဆဲဥပဒေတစ်ခုခုအရ စိတ်ပေါ့သွပ်သူဟု သတ်မှတ်ခံရသူဖြစ်ခြင်း၊

(၅) သာသနာ့ဝန်ထမ်းသူဖြစ်ခြင်း၊

၈။ ရွေးချယ်ရေးကော်မတီသည် -

(က) ပုဒ်မ ၇ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကော်မရှင်အဖွဲ့ဝင်လောင်း အဆိုပြုလွှာများကို ဦးစီးဌာန၏ ဝက်ဘ်ဆိုက်နှင့် သတင်းမီဒီယာများမှတစ်ဆင့် ခေါ်ယူရမည်။

(ခ) စုစည်းရရှိသော အဆိုပြုလွှာများကို ပုဒ်မ ၇ နှင့်အညီ စိစစ်ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ အဆိုပြုတင်ပြရာတွင် အောက်ပါအရည်အချင်း သတ်မှတ်ချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ကိုက်ညီသူကို ဦးစားပေးရွေးချယ်ရမည် -

(၁) သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တွင် နာမည်ဂုဏ်သတင်း ကျော်ဇောထင်ရှားသူ၊

(၂) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍတွင် လုံလောက်သော ဗဟုသုတနှင့် ပြည့်စုံသူ၊

(၃) ပုဒ်မ ၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) ပါ ပညာရပ်နယ်ပယ်တစ်ခုထက်ပို၍ အတွေ့အကြုံနှင့် ဗဟုသုတပြည့်စုံသူ။

၉။ ရွေးချယ်ရေးကော်မတီသည် -

(က) ပုဒ်မ ၈ အရ စိစစ်ပြီးနောက် အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသူ အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၀ ဦး၏ အမည်စာရင်းအား ကော်မရှင်အဖွဲ့ဝင်လောင်းအဖြစ် နိုင်ငံတော်သမ္မတထံသို့ အဆိုပြုတင်ပြရမည်။

(ခ) ကော်မရှင်အဖွဲ့ဝင်လောင်းအဖြစ် တင်ပြလာသည့် အဆိုပြုလွှာများ လုံလောက်စွာရရှိခြင်းမရှိပါက ရွေးချယ်ရေးကော်မတီသည် ကော်မရှင်အဖွဲ့ဝင်လောင်းအဖြစ် သင့်လျော်သည်ဟု ယူဆသည့် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသောပုဂ္ဂိုလ်များအား နိုင်ငံတော်သမ္မတထံသို့ အဆိုပြုတင်ပြနိုင်သည်။

၁၀။ နိုင်ငံတော်သမ္မတသည် -

(က) ရွေးချယ်ရေးကော်မတီမှ အဆိုပြုတင်ပြလာသည့် ကော်မရှင်အဖွဲ့ဝင်လောင်းများအနက်မှ သင့်လျော်သည့်ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း ကျန်ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ရွေးချယ်ခန့်အပ်ရမည်။

(ခ) ရွေးချယ်ရေးကော်မတီက အဆိုပြုတင်ပြလာသည့် ကော်မရှင်အဖွဲ့ဝင်လောင်းများအနက်မှ သင့်လျော်ခြင်းမရှိဟုယူဆသည့် ကော်မရှင်အဖွဲ့ဝင်လောင်း အမည်စာရင်းကို ပြန်လည်အဆိုပြုတင်ပြရန် ရွေးချယ်ရေးကော်မတီအား ညွှန်ကြားနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ရွေးချယ်ရေးကော်မတီက ပြန်လည်တင်ပြလာသည့် ကော်မရှင်အဖွဲ့ဝင်လောင်းများကို ပုဒ်မခွဲ (က) နှင့်အညီ ရွေးချယ်ခန့်အပ်ရမည်။

၁၁။ (က) ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ သက်တမ်းသည် ရွေးချယ်ခန့်အပ်သည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များကို ဒုတိယဝန်ကြီးအဆင့်အဖြစ်လည်းကောင်း သတ်မှတ်သည်။

(ဂ) ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့သည် အချိန်ပြည့် တာဝန်ထမ်းဆောင်ရမည်။

(ဃ) ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေ၊ စရိတ် စသည်တို့ကို သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်ရန်ပုံငွေမှ ကျခံရမည်။

(င) ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့် မရှိစေရ။

၁၂။ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ခံရသူသည် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် နေ့ရက်မှစ၍ -

(က) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပြည်တွင်း၊ ပြည်ပဌာနအဖွဲ့အစည်းနှင့် လုပ်ငန်းများတွင် လုပ်ကိုင်နေသူဖြစ်ပါက ယင်းတို့မှ နုတ်ထွက်ရမည်။

(ဂ) နည်းပညာ၊ လုပ်ငန်းအတွေ့အကြုံများနှင့် အသိပညာမျှဝေခြင်းကိစ္စရပ်တို့မှတစ်ပါး နိုင်ငံတော်သမ္မတ၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်မရှိဘဲ အခြားသောလုပ်ငန်းဌာနတစ်ခုခုတွင် အခကြေးငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆောင်ရွက်ခြင်း မပြုရ။

၁၃။ ကော်မရှင်သည် နိုင်ငံတော်သမ္မတကို တာဝန်ခံရမည်။

၁၄။ ကော်မရှင်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

၁၅။ ရွေးချယ်ရေးကော်မတီသည် -

(က) နိုင်ငံတော်သမ္မတက ကော်မရှင်ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် ရက်ပေါင်း ၉၀ အတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

(ခ) လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ တင်သွင်းပြီးသည့်အချိန်တွင် တာဝန်ပြီးဆုံးသည်။

၁၆။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး နေရာလစ်လပ်ရန် အကြောင်းပေါ်ပေါက်ပါက လည်းကောင်း၊ လစ်လပ်ပါက လည်းကောင်း ဖြည့်စွက်ခန့်ထားနိုင်ရန် ရွေးချယ်ရေးကော်မတီကို ပုဒ်မ ၅ ပါ သတ်မှတ်ချက်များနှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ-ဂျပန် အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များ၏ စီးပွားရေးဆိုင်ရာ မိတ်ဆက်ပေါင်းကူးအစည်းအဝေး ပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၄**

မြန်မာ-ဂျပန် အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းရပ်များဆိုင်ရာ မိတ်ဆက်ပေါင်းကူး အစည်းအဝေးကို ဩဂုတ် ၂၂ ရက်က ရန်ကုန်မြို့ အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ဥယျာဉ်၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးက အမှာစကားပြောကြားပြီး မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးအေးမင်းနှင့် Wajoe Yangon တာဝန်ခံ Mr.Wakamatsu Yuko တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဝန်ကြီးက လက်ရှိ မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အဆင့်(၅)နေရာဖြင့် ရပ်တည်နေပြီး သီလဝါ အထူးစီးပွားရေးစက်မှုဇုန်သည် မြန်မာနိုင်ငံမှစက်မှုဇုန်များတွင် အအောင်မြင်ဆုံး စက်မှုဇုန်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အဓိကကျကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စာရင်းများအရ မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းပေါင်း ၁၂၀၀၀၀ ခန့်ရှိသည့်အနက် ၆၀၀၀၀ ခန့်သည် ရန်ကုန်တိုင်းဒေသကြီး၌ ရှိနေကြောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းကဏ္ဍတွင် လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်ရှာဖွေရန် ခက်ခဲခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာအကူအညီ လိုအပ်ခြင်းနှင့် ဘဏ်မှချေးငွေရယူရန် ခက်ခဲခြင်းစသော အချက်သုံးချက်ကို တောင်းဆိုလေ့ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံအနှံ့အပြားရှိ ဒေသအားလုံး၌ တိုင်းရင်းသားအသေးစား အလတ်စား လုပ်ငန်းရှင်များ ပါဝင်သော တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြောကြားသည်။



အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး အမှာစကားပြောကြားနေစဉ်။

အဆိုပါ ပေါင်းကူးအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၆၀ စီ တက်ရောက်ခဲ့ပြီး အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ သင်တန်းကျောင်းနှင့် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ၊ အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ အိုင်တီ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများ၊ အတိုင်ပင်ခံလုပ်ငန်းများ၊ လက်လီလက်ကား ရောင်းချခြင်း လုပ်ငန်းများ၊ အမှတ်တရ လက်ဆောင်ပစ္စည်းလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်း၊ အစားအသောက်နှင့် စားသောက်ဆိုင်လုပ်ငန်းများစသည့် မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အကြောင်းအရာများကို တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

မြန်မာ-ဂျပန် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ အထွေထွေအတွင်းရေးမှူး ဦးအောင်နိုင်ထွန်းက "ကျွန်တော်တို့နိုင်ငံမှာ ဂျပန်လုပ်ငန်းရှင်တွေ အများကြီး လာပြီး ရင်းနှီးမြှုပ်နှံမှုတွေ လုပ်နေကြတယ်၊ ဒီလိုလာလုပ်လို့ ကျွန်တော်တို့တိုင်းပြည်ရဲ့စီးပွားရေးကို အများကြီး အထောက်အကူဖြစ်စေပါတယ်၊ အခုလာကြတဲ့ ဂျပန်စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့လည်း ကျွန်တော်တို့ မြန်မာနိုင်ငံက အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်း လုပ်ကိုင်မယ်ဆိုရင် အများကြီး အကျိုးဖြစ်ထွန်းလာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

Wajoe ဂျပန်အဖွဲ့အစည်းသည် ကမ္ဘာ့နိုင်ငံအနှံ့ရှိ စီးပွားရေးလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အဆိုပါအဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနှင့် ပေါင်းကူးဆက်သွယ်လိုသောကြောင့် ယခုလို လာရောက်တွေ့ဆုံကာ အစည်းအဝေးပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - လင်းညွန့်**

## ဖန်းမောက်မြို့မှ ဇလုံတောင်ပေါ်သို့သွားသည့်လမ်းပိုင်း၌ ကွန်ကရစ်ခင်းပြီး ရေပြွန်ရှစ်ခုတည်ဆောက်

**ဖန်းမောက် ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့မှ ဇလုံတောင်သို့သွားသည့်လမ်း၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ် ၇၅၁ ဒသမ ၃၅ သန်းဖြင့် တင်ဒါအောင်သည့် Top Heaven ကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ မြို့နယ်မှ တာဝန်ရှိသူများက ဩဂုတ် ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဖန်းမောက်- ဇလုံတောင် တောင်တက်လမ်း ၁၄ မိုင် ၆ ဖာလုံအနက် ၂ မိုင် ၁ ဖာလုံတွင် ကွန်ကရစ်ခင်းခြင်းနှင့် ရေပြွန် ရှစ်ခု ဆောက်လုပ်ခြင်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအေးမင်း၊ မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ကိုကိုနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဖန်းမောက်- ဇလုံတောင် တောင်တက်လမ်း၌ ကွန်ကရစ်ခင်းမှုမှာ ၇၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကာ အဆိုပါလမ်းပိုင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးသွားပါက အမြို့မြို့အနယ်နယ်မှ ဇလုံတောင်သို့ လာရောက်ကြမည့် ဘုရားဖူးခရီးသည်များအတွက်ရော၊ ဒေသခံများအတွက်ပါ ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ရာသီတုပ်ကွေးရောဂါကြောင့် တစ်နိုင်ငံလုံး၌ သေဆုံးသူ ၁၀၂ ဦးအထိရှိလာ

**ရန်ကုန် ဩဂုတ် ၂၄**

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၂၃ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ရာသီတုပ်ကွေးရောဂါ A(H1N1) pdm 09 ဖြစ်ပွားမှုကြောင့် သေဆုံးသည့် လူနာအရေအတွက် ၁၀၂ ဦးအထိ ရှိလာကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲက ဓာတ်ခွဲအတည်ပြုထားသည့် သေဆုံးစာရင်းများအရ သိရသည်။

သေဆုံးသူပေါင်း ၁၀၂ ဦးအနက် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၇ ရက်အထိ သေဆုံးသူ အရေအတွက်သည် ၉၀ ရှိပြီး ဩဂုတ် ၇ ရက်မှ ၂၃ ရက်အတွင်း သေဆုံးသူ အရေအတွက်မှာ ၁၂ ဦးရှိကြောင်း၊ ယခု ဩဂုတ်လအတွင်း ရာသီတုပ်ကွေးရောဂါ A(H1N1) pdm 09 ဟုတ်မဟုတ် ဓာတ်ခွဲစမ်းသပ်ပေးရသည့် လူနာ အရေအတွက်မှာလည်း နေ့စဉ် တိုးလာလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရာသီတုပ်ကွေးရောဂါ ဓာတ်ခွဲစစ်ဆေးပြီးသူ ၆၁၇ ဦး ရှိသည့်အနက် ရောဂါအတည်ပြုလူနာ ၂၆၄ ဦးရှိပြီး သေဆုံးသည့်လူနာမှာ ၆၆ ဦးအထိ ရှိထားကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 သံသယရှိ၍ ဓာတ်ခွဲစစ်ဆေးထားသည့် လူနာအရေအတွက်မှာ ဩဂုတ် ၂၃ ရက်အထိ ၁၃၈၆ ဦးရှိနေပြီး ပိုးတွေ့သော လူနာအရေအတွက်မှာ ၅၈၀ အထိ ရှိလာကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၂၃ ရက်အတွင်း ရောဂါ စစ်ဆေးတွေ့ရှိခဲ့မှုများအနက် အသက်အရွယ်အလိုက် ရောဂါဖြစ်ပွားမှုမှာ အသက် ၁၅ နှစ်မှ ၆၅ နှစ်အကြား ၅၄ ရာခိုင်နှုန်း၊ အသက် ၁ နှစ်မှ ၅ နှစ်အတွင်း ၁၆ ရာခိုင်နှုန်း၊ အသက် ၆၅ နှစ်အထက်တွင် ၁၀ ရာခိုင်နှုန်း၊ အသက် ၅ နှစ်မှ ၁၅ နှစ်အတွင်း ၁၃ ရာခိုင်နှုန်းနှင့် အသက် ၁ နှစ်အောက်တွင် ၇ ရာခိုင်နှုန်းဖြစ်ကြောင်းလည်း ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ သိရသည်။

တစ်နိုင်ငံလုံးရှိ ရာသီတုပ်ကွေးရောဂါ A(H1N1) pdm 09 ဖြစ်ပွားမှုအခြေအနေများနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကာ ညွှန်ကြားချက်များ ချမှတ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရာသီတုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်မှုများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ပူတာအိုမြို့နယ်၌ လူတစ်သောင်းခန့်အား အကျိုးပြုမည့် လယ်မယ်ဝါဂျီ-မုဒုံ မြို့ပတ်လမ်းသစ် ဖွင့်လှစ်

**ပူတာအို ဩဂုတ် ၂၄**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်းမှ ပြည်သူများနှင့် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ)ခန်လင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်တို့ ဦးဆောင်သော ဌာနဆိုင်ရာများ တွေ့ဆုံပွဲနှင့် လယ်မယ်ဝါဂျီ-မုဒုံ ကွန်ကရစ်မြို့ပတ်လမ်းသစ် ဖွင့်ပွဲကို ဩဂုတ် ၂၃ ရက်က လယ်မယ်ဝါဂျီကျေးရွာ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းသန့်အောင်က လမ်းနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒေသခံပြည်သူများက ကျေးရွာအလိုက် လိုအပ်လျက်ရှိသော လမ်း၊ တံတား၊ ဆည်မြောင်းနှင့် လယ်ယာမြေဖော်ထုတ်ရေး ကိစ္စများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စများကို တောင်းခံတင်ပြခဲ့သည်။

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေ ကျပ်သန်း ၄၅၀ ဖြင့် မလိခညီအစ်ကိုများကုမ္ပဏီနှင့် Snow Land Star ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ခဲ့သော ခင်ဖန်-လယ်မယ်ဝါဂျီ-မုဒုံ မြို့ပတ်ကွန်ကရစ်လမ်း (၃မိုင် ၄ဖာလုံ)ကို ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါမြို့ပတ်လမ်းသည် ပူတောင်းကျေးရွာအုပ်စု၊ ပမ္မတီးကျေးရွာအုပ်စုနှင့် မချမ်းဘောမြို့နယ် မလိခအထက်ပိုင်း ကျေးရွာများမှ ပြည်သူများအတွက် အရေးပါသောလမ်းဖြစ်ပြီး ယခုအခါ ကွန်ကရစ်လမ်းသစ် ပြီးစီးသွားသဖြင့် ကျေးရွာပေါင်း ၂၉ ရွာမှ လူဦးရေ တစ်သောင်းနီးပါးကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

## မြိတ်မြို့တွင် စားသောက်ကုန်၊ အလှကုန်နှင့် ဆေးဝါးများကို ရွေ့လျားဓာတ်ခွဲခန်းယာဉ်ဖြင့် ရှောင်တခင် လိုက်လံစစ်ဆေး

**မြိတ် ဩဂုတ် ၂၄**

ပြည်သူများ နေ့စဉ် စားသောက်သုံးစွဲနေသော စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများကြောင့် ကျန်းမာရေးထိခိုက်မှု မဖြစ်စေရေးအတွက် တနင်္သာရီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဦးဆောင်၍ မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီက မြိတ်မြို့တွင် ရောင်းချနေသော စားသောက်ကုန်၊ အလှကုန်နှင့် ဆေးဝါးများကို ရွေ့လျားဓာတ်ခွဲခန်းယာဉ်ဖြင့် ဩဂုတ် ၂၂ ရက်က ရှောင်တခင် လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

"ရွေ့လျားဓာတ်ခွဲခန်းယာဉ်နဲ့ ရှောင်တခင် စစ်ဆေးတဲ့အခါ လက်လီဆိုင်တွေမှာရောင်းတဲ့ မုန့်တီဖတ်ထဲမှာ ဖော်မလင်(တာရှည်ခံဓာတ်ပစ္စည်း)ပါတာ တွေ့ရတယ်၊ ဒီအတွက် ပင်ရင်းကိုလိုက်ရှာပြီး ပင်ရင်းဆိုင်တွေကို သွားစစ်တဲ့အခါ မြိတ်တောင်နယ်မြေ မြို့မ(၂)ရပ်က မိသားစုမုန့်တီတိုက်နဲ့ အောင်မြင့်မြတ် မုန့်တီတွေမှာ ဖော်မလင်ပါတာ ထပ်တွေ့ရတယ်၊ လက်လီအရောင်းဆိုင်တွေနဲ့ ပင်ရင်းဆိုင်မှာ တွေ့ရတဲ့ မုန့်တီဖတ်ပိဿာချိန် ၃၀ ကျော်ကို သိမ်းဆည်း ဖျက်ဆီးခဲ့ပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှူး ဒေါ်မေသန်းနိုင်က ပြောသည်။



ဆိုင်များတွင်ရောင်းချနေသည့် အလှကုန်များကို ဓာတ်ခွဲခန်းယာဉ်ပေါ်၌ စစ်ဆေးနေစဉ်။

တနင်္သာရီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ရွေ့လျားဓာတ်ခွဲခန်းယာဉ်ဖြင့် မြိတ်မြို့နယ် သီဟဇေယျာ(မြို့သစ်ဈေး)နှင့် မြို့တွင်းမှ စားသောက်ကုန်၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များကို ရှောင်တခင် စစ်ဆေးခဲ့ရာ မုန့်တီဖတ်ထဲတွင် ဖော်မလင်သုံးထားခြင်းနှင့် သုံးစွဲရန် မသင့်သည့် တားမြစ်အလှကုန် ခြောက်မျိုး ရောင်းချနေခြင်းကိုတွေ့ရ၍ သိမ်းဆည်းကာ အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်းလည်း ခရိုင်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး(မြိတ်)**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစီနှာလ်တန်
**B.E Civil, RIT-1973 Batch**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြောက်ပိုင်းခရိုင် လှျပ်စစ်မန်နေဂျာရုံးဝင်း၊ ဝန်ထမ်းအိမ်ရာဝင်း၊ အခန်းC-1 နေ(ဦးစန်ကွမ်း-ဒေါ်နှာလီ)တို့၏သား၊ (ဦးလုံထန်-ဒေါ်မီနှား)တို့၏သားသမက်၊ ဦးကောလင်းစန်ကွမ်းတန် (USA)-ဒေါ်စန်းမိုင်၊ Rev. ပါယော (မြန်မာနိုင်ငံခရစ်ယာန်ဓမ္မတက္ကသိုလ်၊ အင်းစိန်)(ခေတ္တ-USA)-ဒေါ်ဘက်တီစန်ကွမ်းတန် (ရန်ကုန်လှျပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံးချုပ်၊ အလုံ)၊ ဦးဂျေတာစန်ကွမ်းတန် (Creative Mahar Studio)-ဒေါ်နုနုခိုင်တို့၏ဖခင်၊ မြေးခုနစ်ယောက် တို့၏အဘိုး၊ ဒေါ်မိုင်ထန်လှိုင်(အထက်တန်းပြ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၂၄-၈-၂၀၁၉ရက်(စနေနေ့) နံနက် ၇နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၈-၂၀၁၉ရက်(တနင်္လာနေ့)နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဥယျာဉ်တော်၌ ဈာပနဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

[အထက်ပါနေအိမ်မှကားများ၊ ရွှေပြည်သာမြို့နယ်(ထန်းခြောက်ပင်)နှင့်ဒဂုံအရှေ့၊ ဈေးလေးမှတ်တိုင်တို့မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။]

**ကျန်ရစ်သူမိသားစု**

---

## ဦးအောင်ကျော်ထွန်း (ထွေ/အုပ်၊ငြိမ်း)
**မြောက်ဦး/မောင်တောမြို့**
**အသက်(၇၇)နှစ်**

မြောက်ဦးမြို့၊ လက်ကောက်ဈေးရပ်ကွက်နေ (ဦးဖိုးမြဦး-ဒေါ်အဒါဖ်)တို့၏သား၊ (ဦးထွန်းအောင်-ဒေါ်သူဇာဦး)တို့၏သားသမက်၊ မောင်တောမြို့၊ အောင်မြေဗောဓိရပ်ကွက်နေ ဒေါ်ဦးသိန်းလှ (ကုန်သွယ်/လယ်ယာ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြတ်ဦး-ဦးတင်ဆန်း(စစ်တွေ)၊ ဦးစောမြတ်ကျော်-ဒေါ်မိဖြူ၊ဒေါ်မြတ်အေးခင်-ဦးကိုကိုမောင်၊ ဒေါ်မြတ်သူဇာ-ဦးခင်မောင်ဖ်၊ ဦးမြတ်ချို-ဒေါ်မန္တဲ့၊ ဒေါ်မြတ်စုခိုင်-ဦးကျော်လင်းသိန်း၊ဒေါ်နှင်းမြတ်သန္တာထွန်း-ဦးသန်းဝင်း၊ ဦးမြတ်နိုင်ထူး-ဒေါ်မြတ်စုလှိုင်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၄ယောက်တို့၏ အဘိုးရှင်၊ မြစ်နှစ်ယောက်တို့၏အဖိုးရှင်သည် ၂၄-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၅း၅၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၉ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်းနှင့် နိဂြောဓလမ်းထောင့်၊ အမှတ် ၂၀၊ ဒုတိယထပ် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးဝှိ(ခ)ဒေါ်အေးဟွေ အသက်(၈၆)နှစ်

ကော့ကရိတ်မြို့၊ (၃)ရပ်ကွက်၊ ဘုံကျောင်းလမ်း၊ အမှတ် ၄၃၁နေ (ဦးမောင်လှ-ဒေါ်အီပါး) တို့၏သမီး၊ (ဦးကြူဘိန်း-ဒေါ်မရံ)တို့၏ချွေးမ၊ (ဦးမောင်ပု)၏ချစ်လှစွာသောဇနီး၊ (ဒေါ်မင်းဝီ)၊ (ဦးကြည့်အိန်း)၊ (ဦးအင်းဟုတ်)တို့၏အစ်မအကြီးဆုံး၊ (ဦးစိုးသန်း)-ဒေါ်ရွှေကြူ၊ ဦးတင်ဝင်း-ဒေါ်ရှုရီ၊ (ဦးအောင်လွင်)-ဒေါ်ခင်အေးရီ၊ ဦးအောင်နိုင်မိုး-ဒေါ်ဝါဝါခိုင်၊ ဦးမြင့်ဝင်း-ဒေါ်ခင်စိုးမူ၊ ဦးသိန်းဝင်း-ဒေါ်ခင်မီမီဟန်ဌေး၊ ဦးသက်ခိုင်-ဒေါ်ခင်မျိုးအေး၊ ဦးကျော်ဝင်းဟန်-ဒေါ်တင်တင်ဟန်(သိမ်းငှက်သုံးကောင် ရတနာစင်တာ)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၂၀ယောက်၊ မြစ်ခြောက်ယောက်တို့ ၏အဘွားသည် ၂၄-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၃း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၉ရက် (တနင်္လာနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ကော့ကရိတ်မြို့ ခနိမ်းမူ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၉ရက်(သောကြာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးဝှိ(ခ)ဒေါ်အေးဟွေ
**အသက်(၈၆)နှစ်**

ကော့ကရိတ်မြို့၊ (၃)ရပ်ကွက်၊ ဘုံကျောင်းလမ်း၊အမှတ် ၄၃၁နေ (ဦးမောင်လှ-ဒေါ်အီပါး) တို့၏သမီး၊ (ဦးကြူဘိန်း-ဒေါ်မရံ)တို့၏ချွေးမ၊ (ဦးမောင်ပု)၏ချစ်လှစွာသောဇနီး၊ ဦးကျော်ဝင်းဟန် (Kyaw Logistics)-ဒေါ်တင်တင်ဟန်(သိမ်းငှက်သုံးကောင်ရတနာစင်တာ)တို့၏မိခင်၊ မစုရွှေရည်(G12.ISM)၊ မနှင်းအိန္ဒြာကျော်(G7.ISM)တို့၏အဘွားသည် ၂၄-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၃း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၉ရက် (တနင်္လာနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ကော့ကရိတ်မြို့ ခနိမ်းမူတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဦးအောင်စိုးသန်း [ဒုရေယာဉ်မှူး (ရေနံ/သယ်ပို့-ငြိမ်း)]
**အသက်(၆၇)နှစ်**

မော်လမြိုင်မြို့၊ ဈေးချိုရပ်နေ ဦးသန်းစိန်-ဒေါ်သိန်းတင်တို့၏သား၊ (ဦးထွန်းလှသန်း-ဒေါ်သန်းသန်းနွဲ့)တို့၏ညီ၊ ရန်ကုန်မြို့၊ အမှတ် ၁၅၂၊ ယောဂီကျောင်းလမ်းနေ (ဦးကျင်ဝမ်-ဒေါ်စောလှိုင်) (နဂါးဖန်မြေမှန်မြေ)တို့၏သားသမက်၊ ဒေါ်သင်းသင်းဆွေ (တွဲ/ပါမောက္ခ-ဒဿနိကဗေဒဌာန၊ YUFL)၏ခင်ပွန်း၊ ဗိုလ်မှူးမင်းသိုက်ထွေး-မစောသဇင်၊ မသင်းဝါဖြူ၊ မောင်အောင်မင်းဗိုလ်-မခိုင်ချိုဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မရတီစောသိုက်၊ မသိုက်သိုက်ဝန်းရံတို့၏အဘိုးသည် ၂၄- ၈-၂၀၁၉ရက် (စနေနေ့) နံနက် ၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၉ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃၀- ၈-၂၀၁၉ရက် (သောကြာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက် ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## အနိစ္စ

## ဦးမောင်မောင်ဖြူ
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလ ရပ်ကွက်၊ တိုက် ၁၁၊ အခန်း ၉နေ (ဦးအေးထွန်းအောင်-ဒေါ်စန္ဒာဖြူ)တို့၏သား၊ (ဦးသန်းစိန်-ဒေါ်ကြူကြူဝင်း)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်စိန်၏ခင်ပွန်း၊ ဦးသန်းကျော်ဦး-ဒေါ်နှင်းနန္ဒာဝင်း၊ ဦးထွန်းနေဝင်း-ဒေါ်ရီရီမွန်၊ ဦးဝင်းသာဌေး၊ ဒေါ်ဖြူချိုခိုင်တို့၏ဖခင်၊ မြေး သုံးယောက်တို့၏ အဘိုးသည် ၂၄-၈-၂၀၁၉ရက်နံနက် ၅း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးအောင်ဆန်း (ငြိမ်း)
**ဒုရေကြောင်းဌာနမှူးချုပ်(ငြိမ်း)**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**အသက်(၇၃)နှစ်**

ဘားအံမြို့နေ (ဦးချစ်ညွန့်-ဒေါ်သန်းဌေး)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်(၁၂+၁)၊ အခန်း(၉၀၂)၊ ပါရမီကွန်ဒိုနေ (ဒေါ်ခင်အုန်းမြင့်)၏ခင်ပွန်း၊ ဒေါက်တာသော်တာပပထွန်း(အထူးကု ဆရာဝန်ကြီး၊ ကင်ဆာရောဂါဆေးပညာဌာန၊ သင်ကြားရေးဆေးရုံ၊ မကွေး)၏ဖခင်သည် ၂၂-၈-၂၀၁၉ရက် နံနက် ၅း၀၃နာရီတွင် ကွယ်လွန် သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးမင်းထွဋ်-ပါမောက္ခဒေါက်တာချိုချိုညွန့်နှင့်မိသားစု**
**ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းလွင်(ခ)ဦးသာအောင်
**မြိတ်မြို့**
**အသက်(၆၂)နှစ်**

မြိတ်မြို့၊ ဘုရားကြီးလမ်း၊ တက်ပြင်ရပ်၊ အမှတ် ၁၈နေ ဒေါ်အေးအေးစီ၏ (သာအောင် ပရိဘောဂလုပ်ငန်း)၏ခင်ပွန်း၊ ဦးမျိုးဟန်ကြွယ်-ဒေါ်ဖြူပြာဖြိုး၊ ဦးဇော်မင်းစိုး-ဒေါ်အိဖွေးသူ၊ ဦးဟန်ညီညီသွင်-ဒေါ်အိန္ဒြာအောင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၄-၈-၂၀၁၉ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၉ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၉ရက်(သောကြာနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုး၊ မိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်အေးကေသီဖ်
**အထက(၂)ဗဟန်း၊ ကျောင်းသူဟောင်း**
**(၁၉၈၅-၈၆ခုနှစ်)**
**အသက်(၅၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံ(၃)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၂၆၂)နေ (ဦးသာဖ်)-ဒေါ်သန်းသန်းစိန်တို့၏သမီး၊ (ဗိုလ်မှူး မောင်မောင်-ဒေါ်ခင်သန်း)တို့၏သမီးချွေးမ၊ (Capt·အောင်သက်ဦး)-ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်နှင်းသီဂီဖ်(အထက-၂၊ ဗဟန်းကျောင်းသူဟောင်း) (ဓမ္မစကူးလ်-ငွေကြာရံ)တို့၏ညီမ၊ ဦးအေးမင်း(အထက-၂၊ ဗဟန်းကျောင်းသားဟောင်း)၏ဇနီး၊ မချိုဇင်သံသာ(နဝမတန်း၊ ပညာမြင်းမိုရ်)၏ချစ်လှစွာသောမိခင်သည် ၂၃-၈-၂၀၁၉ရက်(သောကြာနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်နုနုရီ (ချောင်းဦး)
**B.Sc, RL၊ ရေနံဓာတု(ဌာနစုမှူး)**
**အသက်(၇၅)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နေ (ကျောင်းဆရာကြီးဦးထွန်းရှင်-ဒေါ်ရွှေပြည့်)တို့၏သမီး၊ (ဒေါက်တာခင်မောင်အုန်း)-ဒေါ်ရှုရှုကြည်၊ (ဦးသန်းဆွေ၊ ပညာရေး)-ဒေါ်မေသန်းနွယ်(J.A.T)၊ (ဦးတင်နိုင်-ဒုရဲအုပ်)၊ (ဦးအောင်စန်းမြင့်-တ·က·က)တို့၏အစ်မ၊ (ဦးမျိုးဦး)-ဒေါက်တာအေးသီတာအုန်း၊ ဒေါက်တာစိုးမြတ်မောင်-ဒေါ်ခိုင်စန္ဒာအုန်း၊ ကိုမျိုးမင်းကျော်အုန်း-မရတနာဦး၊ ကိုဝင်းထွန်းနိုင်-မအေးမြတ်ဆွေ၊ ကိုအောင်သူ၊ မတင်အေးခိုင်တို့၏အဒေါ်၊ မောင်ငြိမ်းစည်သူ၊ မောင်ကောင်းထက်သူ၊ မောင်ကောင်းမြတ်သူ၊ မောင်သီဟမြတ်သူတို့၏အဘွားသည် ၂၃-၈-၂၀၁၉ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာလမ်း၊ အမှတ်(၂၄)၊ (၄လွှာ)၊ ခြေရင်းခန်း နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၉ ရက်(ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း ဒါယိကာမကြီး
## ဒေါ်ကြူကြူလှိုင် (ကျောက်မဲ) 71 B.Ed-အထက(ငြိမ်း)
**အသက်(၆၉)နှစ်**

ကျောက်မဲမြို့နေ (ဦးအုန်းလှိုင်)-ဒေါ်သောင်းတို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၁၆)၊ သူရိန်ရိပ်မွန်၊ လုံးချင်းအိမ်ရာနေ ဦးအောင်ကျော်မိုး [အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]၏ဇနီး၊ ဒေါက်တာအောင်နေဦး-ဒေါက်တာကေသွယ်ဦး(တောင်ကြီး)၊ ကိုပိုင်စိုးအောင်-မဇာဇာထွန်း(မန္တလေး)၊ ကိုဇာနည်အောင်-မအေးအေးတင့်(ရန်ကုန်)တို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၁၉ရက်(သောကြာနေ့) ည ၁၁း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း ဒါယိကာမကြီး**
## ဒေါ်ကြူကြူလှိုင် (ကျောက်မဲ)၊ 71 B.Ed - အထပြ(ငြိမ်း)
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၁၆၊ သူရိန်ရိပ်မွန်၊ လုံးချင်းအိမ်ရာနေ ဦး အောင်ကျော်မိုး(အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ ဇနီးဒေါ်ကြူကြူလှိုင်သည် ၂၃-၈-၂၀၁၉ရက် (သောကြာနေ့)ည ၁၁း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး**
**မြန်မာ့သစ်လုပ်ငန်း**

---

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း ဒါယိကာမကြီး**
## ဒေါ်ကြူကြူလှိုင် (ကျောက်မဲ)၊ 71 B.Ed - အထပြ(ငြိမ်း)
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၁၆၊ သူရိန်ရိပ်မွန်၊ လုံးချင်းအိမ်ရာနေ ဦး အောင်ကျော်မိုး(အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ ဇနီးဒေါ်ကြူကြူလှိုင်သည် ၂၃-၈-၂၀၁၉ရက် (သောကြာနေ့)ည ၁၁း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ(သစ်ထုတ်ရေး)နှင့် ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း ဒါယိကာမကြီး**
## ဒေါ်ကြူကြူလှိုင် (ကျောက်မဲ)၊ 71 B.Ed - အထပြ(ငြိမ်း)
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၁၆၊ သူရိန်ရိပ်မွန်၊ လုံးချင်းအိမ်ရာနေ ဦး အောင်ကျော်မိုး(အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ ဇနီးဒေါ်ကြူကြူလှိုင်သည် ၂၃-၈-၂၀၁၉ရက် (သောကြာနေ့)ည ၁၁း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ရီ-ဒေါ်ဥမ္မာကိုကို**
**အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၇၇ နှင့်ဆက်နွယ်သည့်**
**၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၁၇၉**

ဦးနေမျိုးနိုင် **နှင့်** ၁။ ဦးဇော်လွင်
၂။ ဒေါ်ခင်မြနွယ်
၃။ ဦးထွန်းထွန်း
၄။ ဦးတင်မောင်ချစ်
၅။ ဒေါ်ခင်မြသွယ်
(၄င်းတို့၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ဖြူဖြူမြင့်)

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ လမ်း-၈၀၊ ၁၀×၁၁လမ်းကြားနေ (၁)ဦးဇော်လွင်၊ (၂)ဒေါ်ခင်မြနွယ်၊ (၃)ဦးထွန်းထွန်း၊ (၄)ဦးတင်မောင်ချစ်၊ (၅)ဒေါ်ခင်မြသွယ် (၄င်းတို့၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ဖြူဖြူမြင့်) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၇၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးနေမျိုးနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက် (၁၃၈၁ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၉း၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၉ခုနှစ် ဩဂုတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောမျိုးမျိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၁/၂၊ ရွှေပေါက်ကံ၊ မြေကွက်အမှတ် - ၁၉၁၊ မြေကွက်တည်နေရာအမှတ် ၁၉၁၊ ပျူစောထီးလမ်း၊ ၁၁/၂ ရွှေပေါက်ကံ ဒေါ်ဝါဝါရွှေ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ဝါဝါရွှေ ၁၂/ဥကမ(နိုင်)၁၅၉၂၆၀ ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်စံရွှေနု ၁၁/ကမန(နိုင်)၀၃၉၉၃၄မှ ပါမစ်ပျောက်ဆုံးကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ် ၈/၁၁၀၁(၁၄-၈-၁၈)၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်အသစ်လျှောက်ထားလာခြင်းအပေါ် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်တစ်ထပ်သွပ်မိုး၊ အဆောက်အအုံရှိပြီး သော့ပိတ်ထားခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမရှိ တာဝန်ယူပါကြောင်းဝန်ခံကတိပြုတင်ပြလာပါသဖြင့် အဆိုပါဂရန်သစ် လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အကွက်အမှတ် (၆၁)၊ ဦးပိုင်အမှတ် (၁၂/ဈ-၄)၊ ဧရိယာ ဝ‌ဒသမဝ၅၆ဧကအကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး)အစုံ ဆက်လက်သုံးစွဲခွင့်များအပါအဝင် ပေါက်ရောက် သစ်ပင်ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ရွှေစွန်း ၉/မရမ(နိုင်)၀၇၈၃၂၀ က ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများပြသပြီး လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးဝင်ငွေများထဲမှ အချို့ကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးကျော်ခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၁၇၅)**
**ရုံးခန်း (င-၆/၁၂၀)၊ (၆၄)လမ်း၊ ခိုင်ရွှေဝါလမ်းနှင့် မနော်ဟရီလမ်းကြား၊**
**မြို့သစ် (၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၄၅၁၆၈၊ ၀၉-၂၅၉၂၀၄၇၅၇**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/4415 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/6631 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/7430 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/6555 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/3830 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/2677 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/4281 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

သင့်သွေးဖြင့် အသက်ကယ်ပါ

# ကမ္ဘာ့နဂါးလှေချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာအသင်း ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ထပ်မံဆွတ်ခူး



အမျိုးသမီးမီတာ ၂၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မြန်မာအမျိုးသမီးအသင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-ကျော်ခိုင်(အား/ကာ)

**ရန်ကုန် ဩဂုတ် ၂၄**

ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့နဂါးလှေချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းသည် ယနေ့ စတုတ္ထနေ့ပြိုင်ပွဲများ၌ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

ဗိုလ်လုပွဲပြိုင်ပွဲများ၌ အသက် ၂၄နှစ်အောက် အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းက ၀၀ မိနစ် ၅၄ ဒသမ ၄ စက္ကန့် စံချိန်ဖြင့် ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ အမေရိကန်အသင်းက တတိယ ရရှိသည်။ အဆိုပါပွဲစဉ်သည် နှစ်ကြိမ်ယှဉ်ပြိုင်ရပြီး ပထမအကြိမ် ပွဲစဉ်၌ စံချိန် ၅၅ ဒသမ ၁ စက္ကန့်ဖြင့် မြန်မာအသင်း ပန်းဝင်ခဲ့သည်။ အလွတ်တန်းအမျိုးသား ယူ-၂၄ မီတာ ၂၀၀ ပြိုင်ပွဲ၌ ထိုင်းအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် ဟောင်ကောင်အသင်းက တတိယရရှိခဲ့သည်။

Premier အမျိုးသား/အမျိုးသမီး မီတာ ၂၀၀ ပွဲစဉ်တွင် ထိုင်းအသင်းက ပထမ၊ ကနေဒါအသင်းက ဒုတိယ၊ မြန်မာအသင်းကတတိယဖြင့် လည်းကောင်း၊ Premier အမျိုးသား/အမျိုးသမီး

*စာမျက်နှာ ၁၂ ကော်လံ ၁* ❇

## မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်

**ရန်ကုန် ဩဂုတ် ၂၄**

၂၀၁၉ အာဆီယံ ဖူဆယ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် စက်တင်ဘာလဆန်း၌ ကျင်းပမည့် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာဆီယံပြိုင်ပွဲအတွက် ဇူလိုင်လနောက်ဆုံးပတ်တွင် စတင်လေ့ကျင့်ခဲ့ပြီး ကစားသမား ၂၈ ဦးဖြင့် စတင်လေ့ကျင့်ခဲ့သော်လည်း ယခုလအတွင်း ကစားသမားများလျှော့ချခဲ့ရာ ၂၂ ဦးသာ ကျန်ရှိတော့သည်။ မြန်မာဖူဆယ်အသင်းသည် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲကိုလည်း အာဆီယံပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်လျက်ရှိသည်။ တရုတ်ဖိတ်ခေါ်ပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး

*စာမျက်နှာ ၁၂ ကော်လံ ၄* ●

## ပဲခူးမြစ်ရေ ပဲခူးမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ဘားအံ-မြဝတီကားလမ်းမကြီးတစ်လျှောက် ထောင်နှင့်ချီ၍ ယာဉ်ကြောပိတ်ဆို့မှုဖြစ်သဖြင့် သက်ဆိုင်ရာက ရှင်းလင်းဆောင်ရွက်ပေး

**ဘားအံ ဩဂုတ် ၂၄**

ဘားအံ-မြဝတီ ကားလမ်းမကြီး တစ်လျှောက်တွင် ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီခန့်မှစတင်၍ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ကြောင်း သိရပြီး ထောင်နှင့်ချီသော ယာဉ်ကြောပိတ်ဆို့နေခြင်းကို ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စနစ်တကျ လမ်းရှင်းပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လမ်းပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိခြင်းကြောင့် မော်တော်ယာဉ်တစ်စီး လမ်းချော်မှုဖြစ်ရာမှ ယာဉ်ကြောထပ်သွားကာ ယာဉ်ကြောပိတ်ဆို့မှု စတင်ခဲ့ခြင်းဖြစ်ပြီး ယာဉ်ကြောလုတက်ရာမှ ယာဉ်များ ဆက်လက်လမ်းချော်ကြ၍ မော်တော်ယာဉ်အစီးရေ ၁၅၀၀ ခန့်မှာ ဂျိုင်းကြိုးတံတားလမ်းထိပ်မှ

*စာမျက်နှာ ၅ ကော်လံ ၁* ❄



ဘားအံ-မြဝတီ ကားလမ်းမကြီးတစ်လျှောက် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

မြိတ်မြို့၌ လူသတ်မှုကျူးလွန်သူအား နှစ်နာရီအတွင်း ဖမ်းဆီးရမိ စာ-၁၃

ဥရောပနိုင်ငံတွေကို ဒေါသထွက်စေခဲ့တဲ့ အမေဇုန်သစ်တောအတွင်းက မီး စာ-၁၅

